# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍာဝဂ် (ဓမ္မပဒ – ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၁၆၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း JICA Phase II အဆောက်အဦဖွင့်ပွဲတက်ရောက်ပြီး လားရှိုးမြို့နှင့် ပြင်ဦးလွင်မြို့တို့မှ ဒေသခံများနှင့်တွေ့ဆုံ

ပြင်ဦးလွင် မတ် ၁၀

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း JICA Phase II အဆောက်အဦ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လားရှိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### သောင်းသောင်းဖြဖြ ကြိုဆို

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လားရှိုးမြို့တွင်း လမ်းဘေးဝဲယာ၌ ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တက္ကသိုလ်နှင့် ကောလိပ်တို့မှ ကျောင်းသား ကျောင်းသူများက နိုင်ငံတော်အလံငယ်များကို ဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့၌ ကျင်းပသည့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း JICA Phase II အဆောက်အဦ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

သတင်းစဉ်




KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း

## International IDEA ၏ Asia and Pacific Director နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် International Institute for Democracy and Electoral Assistance (International IDEA) ၏ Asia and Pacific Director Ms. Leena Rikkila Tamang နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ညှိနှိုင်းအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ ဆောင်ရွက်နေမှု၊ ရွှေ့ပြောင်းလုပ်သား မဲဆန္ဒရှင်များနှင့် တိုက်ပွဲရှောင်မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေး စီစဉ်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရွေးကောက်ပွဲဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် အမုန်းစကားများနှင့် သတင်းအမှားများ တားဆီးကာကွယ်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ International IDEA ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် STEP II Democracy အစီအစဉ်၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

သတင်းစဉ်



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း International IDEA ၏ Asia and Pacific Director Ms. Leena Rikkila Tamang နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် မတ် ၁၀

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက် မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၃၈၄ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၆၇၃၁၅ ဦး ရှိပြီး လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန်ကို ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၁၀

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံထားရသော မြန်မာသံအမတ်ကြီး ဦးစိုးလင်းဟန်သည် ဓာတုလက်နက် တားဆီးပိတ်ပင်ရေးအဖွဲ့ (Organization for the Prohibition of Chemical Weapons)ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ပူးတွဲခန့်အပ်ခြင်းခံရသည့် ခန့်အပ်လွှာကို မတ် ၅ ရက်တွင် နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့၌ ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဖာနန်ဒိုအဲရီယာစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အများအားဖြင့် သာယာနေ

နေပြည်တော် မတ် ၁၀

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် ဘားအံမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

**မြန်မာ့အလင်း**

# ဆေးလိပ်ငွေ့ကင်းစင်သည့်နေရာများ နိုင်ငံတစ်ဝန်းလုံး၌ ထူထောင်

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူခြောက်သန်း အသက်ဆုံးရှုံးနေကြရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသည်။ ယင်းအနက် ၁၀ ရာခိုင်နှုန်းဖြစ်သော လူခြောက်သိန်းမှာ ကိုယ်တိုင်ဆေးလိပ် မသောက်ပါဘဲလျက် တစ်ပါးသူ၏ ဆေးလိပ်ငွေ့ကြောင့် ရောဂါရပြီး သေဆုံးခဲ့ကြရခြင်းဖြစ်ရာ ဆေးလိပ်သောက်သည့် အလေ့အကျင့်ဆိုးက ဆေးလိပ်သောက်သူကိုယ်တိုင်သာမက အနီးဝန်းကျင်၌ ရှိနေသူအတွက်ပါ အသက်ကိုရန်ရှာသည်အထိ အန္တရာယ်ရှိနေသည်ဟု ဆိုရမည်ဖြစ်သည်။

လူတစ်ဦး ဆေးလိပ်သောက်ပါက ၎င်းကိုယ်တိုင်က ပါးစပ်၊ နှာခေါင်းတို့မှ မှုတ်ထုတ်လိုက်သည့် ပင်မဆေးလိပ်ငွေ့(main stream smoke) နှင့် မီးညှိထားသည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်တို့မှ ထွက်လာသည့် ဘေးထွက်ဆေးလိပ်ငွေ့ (side stream smoke) တို့ ထွက်လာသည်။ ၎င်းဆေးလိပ်ငွေ့ နှစ်မျိုးစလုံးသည် ဆေးလိပ်သောက်သူ၏ ပတ်ဝန်းကျင်၌ လွင့်ပျံ့နေသည့် (Environmental Tobacco Smoke –ETS) ပတ်ဝန်းကျင်ဆေးလိပ်ငွေ့ဖြစ်ပြီး ကိုယ်တိုင်ဆေးလိပ်မသောက်ဘဲနှင့် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူနေကြရသူများမှာ တစ်ဆင့်ခံ ဆေးလိပ်သောက်သူများ ဖြစ်လာကြကာ ဆေးလိပ်သောက်သူများ၏ နည်းတူပင် ရောဂါများကို ရလာကာ သေဆုံးကြရခြင်းဖြစ်သည်။

ဆေးလိပ်ငွေ့တွင် နီကိုတင်း၊ ဘင်ဇင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ကတ္တရာ၊ အမိုးနီးယား စသည့် ကင်ဆာရောဂါဖြစ်စေသော ပစ္စည်း ၄၃ မျိုး အပါအဝင် ဓာတုပစ္စည်းပေါင်း ၄၃၀၀ ကျော် ပါဝင်သည်ဟု ဆိုသည်။ ဆေးလိပ်၊ စီးကရက်၊ ကွမ်းစား၊ ဆေးငုံ စသည့် ဆေးရွက်ကြီးကို ပုံစံအမျိုးမျိုးဖြင့် သုံးစွဲခြင်းကြောင့် နှလုံးရောဂါ၊ လေပြွန်ရောဂါ၊ အဆုတ်ကင်ဆာ၊ ခံတွင်းကင်ဆာ၊ လေဖြတ်ခြင်း၊ သွေးကြောပိတ်ဆို့၍ လက်ပုပ်၊ ခြေပုပ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားစေနိုင်သလို ဆေးလိပ်သောက်သူ၏ ပတ်ဝန်းကျင်မှ လသားကလေးများ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါ၊ ပန်းနာရင်ကျပ်၊ နားပြည်ယို၊ အဆုတ်ပြွန်ရောင်ခြင်း စသည့်ရောဂါများ ဖြစ်ပွားစေနိုင်သည်။

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအရ အများပြည်သူတို့ သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့် အန္တရာယ်မှ ကင်းဝေးစေရန် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများ၊ အကန့်အသတ်ဖြင့်သာ ဆေးလိပ်သောက်ခွင့်ရှိသောနေရာများတို့ကို သတ်မှတ်ပြဋ္ဌာန်းထားရှိသည်။

ဆေးရုံအဆောက်အအုံ၊ ရုံးခန်း၊ ဆေးရုံပရဝုဏ်နှင့် ပရဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊ ဆေးကုဂေဟာနှင့် ဆေးခန်းများ၊ အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊ ကလေးကစားရုံနှင့် ကစားကွင်းများ၊ ကျောင်းပရဝုဏ်အတွင်းရှိ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်းပရဝုဏ်နှင့် ပရဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊ တက္ကသိုလ်ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်းနှင့် ရုံးခန်းများ၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊ ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံးစာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊ ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊ ခရီးသည်သယ်ယူပို့ဆောင်သော မော်တော်ယာဉ်များနှင့် လေယာဉ်များ၊ လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံးအခန်းများ၊ အများပြည်သူသုံး ခန်းမကြီးများ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေးအဆောက်အအုံနှင့် စာသင်ခန်းများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အများပြည်သူဆိုင်ရာ အခြားပရိဝုဏ်အဆောက်အအုံနှင့် နေရာများတို့မှာ လုံးဝဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်သည်။

ရုံးဌာန၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်၊ ပျော်ပွဲစားရုံ၊ ရထားနှင့် ရေယာဉ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အများပြည်သူဆိုင်ရာ အဆောက်အအုံ၊ အခန်းနှင့် နေရာများတွင်မူ ဆေးလိပ်သောက်ခွင့်ရှိသော နေရာများကို သီးသန့်စီမံထားရှိရန် လိုအပ်ကြောင်း ပြဋ္ဌာန်းထားသည်။

တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းသည်လည်း ကျန်းမာရေး ထိခိုက်စေပြီး အသက်အန္တရာယ်ပေးနိုင်သည့်အတွက် ဆေးလိပ်ငွေ့ကင်းစင်သည့်နေရာများ ထူထောင်နေခြင်းမှာ အများပြည်သူအတွက် အန္တရာယ်မှ ကာကွယ်ပေးနေခြင်းပင်ဖြစ်သည်။ ဆေးလိပ်ကို မိမိကိုယ်တိုင်က မသောက်သင့်သလို မိမိသောက်သည့် ဆေးလိပ်ငွေ့က ပတ်ဝန်းကျင်မှ လူအများကို ထိခိုက်နေစေသည်ကို သတိမူ၍ ရှောင်ရှားနိုင်ကြပါစေကြောင်းနှင့် ဆေးလိပ်ငွေ့ကင်းစင်သည့် နေရာများ နိုင်ငံတစ်ဝန်းလုံး၌ ထူထောင်နိုင်ပါစေကြောင်း။ ။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း JICA Phase II အဆောက်အဦဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်



❑ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဂျပန်နိုင်ငံ သံရုံး ကောင်စစ်ဝန် မစ္စတာ ဟိုဆိုနို ဂျူနီချီနှင့် JICA Myanmar Office မှ ကိုယ်စားလှယ် Mr. Ichikawa Kensaku တို့က လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း JICA Phase II အဆောက်အဦကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း JICA Phase II အဆောက်အဦ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ မြေညီထပ်ရှိ အရေးပေါ်ဌာနနှင့် ပုံရိပ်ဖော်ဓာတ်မှန်ဌာနများကို လည်းကောင်း၊ ပထမထပ်ရှိ အထူးကြပ်မတ် ကုသဌာနနှင့် ခွဲစိတ်ခန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

### ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ညွှန်ကြားချက်ထုတ်ထား

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပထမဦးဆုံးအနေဖြင့် နွေးနွေးထွေးထွေးနဲ့ ကြိုဆိုတဲ့ လားရှိုးပြည်သူလူထုအားလုံးကို ကျေးဇူးတင်တယ်။ ဒုတိယအနေနဲ့ လားရှိုးပြည်သူလူထုကို လက်ဆွဲနှုတ်မဆက်နိုင်တဲ့အတွက် တောင်းပန်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်မတို့ နိုင်ငံတင်မက တစ်ကမ္ဘာလုံး COVID–19 ရောဂါနဲ့ ပတ်သက်တဲ့ အင်မတန်မှ စိုးရိမ်ရတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့် လက်ဆွဲနှုတ်ဆက်ခြင်းကို၊ လက်တစ်ခုနဲ့ တစ်ခု ထိခြင်းကို ရှောင်ဖို့ဆိုပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနအနေနဲ့ ညွှန်ကြားချက် ထုတ်ထားပါတယ်။

ကျွန်မတို့ နိုင်ငံက ရင်ဆိုင်နေရတဲ့ ဘယ်လိုကိစ္စမျိုးမဆို ပြည်သူတွေနဲ့ ဆွေးနွေးပိုင်ခွင့်ရတာဟာ ကျွန်မအတွက် အကျိုးအမြတ်ကြီးတစ်ခုလို ထင်ပါတယ်။ ဒီလို ပြည်သူတွေနဲ့ ထိတွေ့မှုရှိမှပဲ ကျွန်မတို့နိုင်ငံရဲ့ အဓိက အခြေအနေကို ပိုပြီးတော့ သိနိုင်တာပါ။

### အခွင့်အရေးကြုံတိုင်း မျှဝေဖို့ကြိုးစား

နိုင်ငံတစ်နိုင်ငံလုံး သန်း ၅၀ ကျော်ရှိတဲ့နိုင်ငံက ပြည်သူလူထုအားလုံး ထိတွေ့မှုရှိဖို့ဆိုတာက လက်တွေ့ကျကျ မဖြစ်နိုင်ပါဘူး။ သို့သော်ငြားလည်း တတ်နိုင်သလောက်တော့ တစ်ဦးချင်းတစ်ဦးချင်းကို တန်ဖိုးထားတယ်ဆိုတာတော့ အခွင့်အရေးကြုံတိုင်း မျှဝေဖို့ကြိုးစားပါတယ်။ အရေးပါတယ်၊ တန်ဖိုးရှိတယ်ဆိုတာ ထပ်တလဲလဲပြောချင်ပါတယ်။ တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ အရေးကြီးပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း တန်ဖိုးထားစေချင်ပါတယ်။ ဒီလိုတစ်ကမ္ဘာလုံးက စိုးရိမ်နေရတဲ့ ရောဂါတစ်ခုစဖြစ်ပြီဆိုရင် ပြည်သူတွေ တစ်ယောက်ချင်း တစ်ယောက်ချင်းရဲ့ ကျန်းမာရေးအတွက် ဒီရောဂါနဲ့ ဆက်နွယ်နေတဲ့ အကျိုးဆက်တွေကနေ ရှောင်နိုင်ဖို့အတွက်ကို ကြိုးစားပါတယ်။ စပြီးတော့ ရောဂါဖြစ်ပြီဆိုတာ သိတာနဲ့ပဲ ဖေဖော်ဝါရီလစောစောပိုင်းက ပြည်ထောင်စုအစိုးရအဆင့်ကနေပြီးတော့ အဖွဲ့ဖွဲ့လိုက်ပါတယ်။ ကော်မတီဟာ ဒီရောဂါရဲ့ အကျိုးဆက်တွေကို ဘယ်လိုရင်ဆိုင်မလဲ၊ အကျိုးဆိုးတွေကို ဘယ်လိုကာကွယ်မလဲဆိုတာကို ဆွေးနွေးတိုင်ပင်ပြီးတော့ အကောင်အထည်ဖော်ဖို့ပဲဖြစ်ပါတယ်။ ကိစ္စရပ်တစ်ခုကို ကြည့်တယ်ဆိုရင် နိုင်ငံတစ်နိုင်ငံမှာ အဘက်ဘက်ကနေ ကြည့်ရပ့ါမယ်။ COVID–19 ရောဂါနဲ့ ပတ်သက်ပြီးတော့ အကျိုးဆက်တွေကို ထိန်းသိမ်းဖို့အတွက် အဆိုးမဖြစ်အောင် ဆောင်ရွက်ဖို့အတွက် ဖွဲ့လိုက်တဲ့ကော်မတီကို ဦးဆောင်နိုင်အောင် အထူးသဖြင့် ဒီရောဂါစတဲ့နိုင်ငံဟာလည်း အိမ်နီးချင်းနိုင်ငံ၊ နယ်စပ်အင်မတန်မှရှည်တဲ့ တရုတ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ပေးလိုက်တာဟာ ဒီအကြောင်းကို အခြေခံပါတယ်။ ကော်မတီထဲမှာဆိုရင် စီးပွားရေးနဲ့ ပတ်သက်တဲ့ဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေ၊ တခြားကိုယ်စားလှယ်တွေလည်းပါပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးဘက်ကိုပါ အကျိုးဆက်ရောက်လာနိုင်တယ်ဆိုတာ အဲဒီကတည်းကတွက်ထားတာဖြစ်ပါတယ်။

### တစ်ဦးနဲ့တစ်ဦး ဆွေးနွေးညှိနှိုင်း

ဒီလိုအကျိုးဆက်တွေ ဖြစ်နိုင်တယ်ဆိုတာ စောစောကတည်းက တွက်ချက်ပါတယ်။ နယ်စပ်ကုန်ကူးတာတွေ ကျသွားမယ်။ နယ်စပ်ကို ပိတ်ရတဲ့အခြေအနေတွေရောက်သွားမယ်။ နယ်စပ်မှာ ကုန်ကူးပြီး အသက်မွေးဝမ်းကျောင်းရှာနေတဲ့ ပြည်သူတွေ ဘယ်လိုထိခိုက်နိုင်တာတွေရှိနိုင်သလဲ၊ ထိခိုက်မှုတွေကို အများဆုံးထိန်းချုပ်ထားနိုင်ဖို့အတွက် ဘယ်လိုလုပ်ရမလဲဆိုတာကို ဌာနအသီးသီးကနေပြီး တစ်ဦးနဲ့တစ်ဦး ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးတော့ ဆောင်ရွက်ကြပါတယ်။ ဒီရောဂါပေါ်လာတာနဲ့အမျှ တစ်ဆင့်ပြီးတစ်ဆင့် ဘယ်လိုထပ်ပြီး လုပ်ဖို့လိုသလဲဆိုတာ သုံးသပ်ပါတယ်။ သုံးသပ်ပြီး အဲဒီအတိုင်းပဲဆောင်ရွက်ပါတယ်။ ကျွန်မပြောချင်တာကတော့ တတ်နိုင်သမျှ ပြည်သူလူထု အားလုံးရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ အဘက်ဘက်ကနေပြီး လုံခြုံမှုရှိဖို့အတွက် ကြိုးစားပါတယ်။

### ပူးပေါင်းဆောင်ရွက်မှုဟာ အဓိက

နိုင်ငံတစ်နိုင်ငံမှာ အဓိက လိုအပ်ချက်ကတော့ နိုင်ငံသူ နိုင်ငံသားများရဲ့ လုံခြုံမှုပါပဲ။ လုံခြုံမှုဆိုတာ ပြင်ပလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုတင်ပြောတာ မဟုတ်ပါဘူး။ စိတ်လည်း လုံခြုံမှုရှိရမယ်။ နိုင်ငံတစ်နိုင်ငံဟာ တကယ်ပဲ ဖွံ့ဖြိုးတယ်၊ တိုးတက်တယ်၊ အင်အားရှိတယ်ဆိုရင် ပြည်သူလူထုတွေက စိတ်ထဲကနေပြီး လုံခြုံမှုရှိရမယ်။ ဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသူ နိုင်ငံသားများအားလုံးဟာ အတတ်နိုင်ဆုံး ရနိုင်တဲ့ လုံခြုံမှုတွေရနေတယ်ဆိုတဲ့ ယုံကြည်မှုကို ရှိအောင်လို့ ကြိုးစားရပါမယ်။ ဘာပဲလုပ်လုပ် ပြည်သူက ပြည်သူအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိမလဲဆိုတာ ပထမဦးဆုံး စပြီးတော့ စဉ်းစားပါတယ်။ ဒီလိုဟာနဲ့ စပြီးတော့ အကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေ အောင်မြင်ဖို့ဆိုရင် ပြည်သူရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အဓိကပါပဲ။

### ကိုယ့်ကိုယ်ကိုယ်အားကိုး

အခု လက်ရှိဖြစ်နေတဲ့ ရောဂါနဲ့ ပတ်သက်လို့ ပညာပေးတွေလုပ်တယ်။ ဘယ်လိုနေပါ၊ ထိုင်ပါ၊ ရှောင်ပါဆိုပြီးတော့ ပညာပေးပါတယ်။ ပြည်သူတွေလိုက်နာမှ ပြည်သူတွေအတွက် ဒီပညာပေးတွေဟာ အကျိုးသက်ရောက်မှုရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံတိုးတက်ဖို့ဆိုတာ နိုင်ငံသူနိုင်ငံသားများဟာ အစိုးရလုပ်နေတဲ့ ကိစ္စတွေကို အားကိုးတာမဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ်အားကိုးတဲ့ စိတ်လည်း ဖြစ်စေချင်ပါတယ်။ ကိုယ်ကိုယ်တိုင်ကြိုးစားမှ ကိုယ်ဟာ တိုးတက်နိုင်မယ်။ ကျွန်မတို့နိုင်ငံ တိုးတက်နိုင်မယ်ဆိုတာကို ယုံကြည်စေချင်ပါတယ်။

### ဝိုင်းပြီးတော့ ကြိုးစားဖို့လို

ကျွန်မတို့နိုင်ငံဟာပြည်ထောင်စုတစ်ခုဖြစ်တယ်ဆိုတာ ကျွန်မ ထပ်တလဲလဲ ပြောနေတဲ့ ကိစ္စပါပဲ၊ လားရှိုးလို မြို့ကို ရောက်လာပြီဆိုရင် ကျွန်မတို့နိုင်ငံ ပြည်ထောင်စုဆိုတာ သိပ်ကိုထင်ရှားပါတယ်။ တိုင်းရင်းသားလူမျိုးမျိုးစုံကို ကျွန်မတို့ လမ်းမှာတွေ့ခဲ့ရပါတယ်။ အခုဒီရှေ့မှာ ထိုင်နေတဲ့ ကလေးတွေလည်း တိုင်းရင်းသားဝတ်စုံအမျိုးမျိုး ဝတ်ထားပါတယ်။ ဒီလိုတွေ့ရတဲ့အခါကျရင် အင်မတန်မှ ကြည့်ရတာ လှပတင့်တယ်ပါတယ်။ မတူကွဲပြားမှုကကိုက ကျွန်မတို့ရဲ့ အင်အားဖြစ်ဖို့ လိုပါတယ်။ မတူကွဲပြားခြင်းဟာ ကျွန်မတို့အတွက် တကယ့်တန်ဖိုးရှိတဲ့ အရာတစ်ခုဖြစ်လာအောင် အားလုံးက ဝိုင်းပြီးတော့ ကြိုးစားဖို့လိုပါတယ်။

ကျွန်မတို့နိုင်ငံဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံတွေထဲမှာ မပါပါဘူး။ အမှန်ပြောရမယ်ဆိုရင် ကျွန်မတို့ရဲ့ အရှေ့တောင်အာရှမှာတောင်မှ ကျွန်မတို့ဟာ နောက်ဆုံးက ရောက်နေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ သို့သော်ငြားလည်း ဒါဟာ အားငယ်စရာမဟုတ်ပါဘူး။

*စာမျက်နှာ ၄ သို့*



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဂျပန်နိုင်ငံသံရုံး ကောင်စစ်ဝန် မစ္စတာ ဟိုဆိုနို ဂျူနီချီနှင့် JICA Myanmar Office မှ ကိုယ်စားလှယ် Mr. Ichikawa Kensaku တို့ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း JICA Phase II အဆောက်အဦကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးအဆင့်မြှင့်တင်ခြင်းလုပ်ငန်း JICA Phase II အဆောက်အဦဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ
ဒီလို ကျွန်မတို့ဟာ အနောက်မှာ ရောက်နေတာကြောင့် မို့လို့ အရှေ့ကို တက်ဖို့အချိန်တွေ အများကြီးရှိသေးတယ်။ အရှေ့ကိုတက်ဖို့ ကျွန်မတို့ ကြိုးစားဖို့ အများကြီးရှိသေးတယ်ဆိုတဲ့ တွန်းအားဟာ ကျွန်မတို့ဘက်မှာ ရှိနေပါတယ်။ ဒီတွန်းအားကို မှန်မှန်ကန်ကန် ကျွန်မတို့ကနေပြီးတော့ သုံးလိုက်မယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ တိုးတက်နိုင်မယ်၊ ဖွံ့ဖြိုးနိုင်မယ်၊ သာယာနိုင်မယ်၊ အဓိကကတော့ ကျွန်မတို့နိုင်ငံအတွက် ကျွန်မလိုချင်တာကတော့ ပြည်သူလူထုက နေပြီးတော့ ကိုယ့်အတွက်ကိုယ် ကျေနပ်နေရုံတင်မကဘူး ကမ္ဘာကြီးအတွက်ပါ တန်ဖိုးရှိတဲ့ ပြည်သူများ ဖြစ်စေချင်ပါတယ်။

## စည်းကမ်းရှိစေချင်

ဒီလိုမြို့ကြီးတစ်ခုကိုသွားရင် ကျွန်မက ဘာကို သဘောကျသလဲဆိုတော့ သန့်ရှင်းတာကို သဘောကျပါတယ်။ အင်မတန်မှ သန့်ရှင်းတဲ့မြို့တွေ လူတွေအများကြီးပဲ၊ သို့သော်လည်း ဒီလောက်လူတွေများပေမယ့်လည်း အင်မတန်မှ သန့်ရှင်းနေတယ်ဆိုရင် ကျွန်မ အင်မတန်မှ သဘောကျပါတယ်။ ဒီဟာကို ကျွန်မလေးစားတယ်၊ ဒီပြည်သူတွေ ချမ်းသာနေတာထက် ပြည်သူတွေ စည်းကမ်းရှိတာကို သဘောကျတယ်၊ လေးစားတယ်။ ဘာဖြစ်လို့လဲဆိုတော့ စည်းကမ်းရှိတယ်ဆိုတာ အလဟဿ မဟုတ်ပါဘူး၊ ကျွန်မ ခဏခဏစည်းကမ်းရှိစေချင်တယ်ဆိုတာကို ပြောပါတယ်။ စည်းကမ်းရှိစေချင်တယ်ဆိုတာဟာ လူတိုင်းလူတိုင်း သူ့ရဲ့တန်ဖိုး အပြည့်အဝ ဖော်ထုတ်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သန့်ရှင်းအောင်နေနိုင်မှ သာလျှင် ကိုယ့်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ထားနိုင်မယ်။ ကိုယ့်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် ထားနိုင်မှ သာလျှင် ကိုယ့်ရဲ့နိုင်ငံကို သန့်ရှင်းအောင်ထားနိုင်မှာပါ၊ ကိုယ့်ရဲ့နိုင်ငံ သန့်ရှင်းအောင်ထားနိုင်မှ ကိုယ့်ရဲ့ ကမ္ဘာကြီးကိုလည်း တစ်နေ့တစ်ချိန်တစ်ခါမှာ သန့်ရှင်းအောင်ထားဖို့အတွက် ကျွန်မတို့ ဝင်ပြီးတော့ ပါလို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူများဟာ စည်းကမ်းလိုက်နာမှု စည်းကမ်းရှိမှုကို တန်ဖိုးထားပါ၊ ဂုဏ်ယူပါ၊ ငါတို့တွေဟာ စည်းကမ်းရှိတဲ့လူမျိုး၊ ငါတို့တွေဟာ ငါတို့တစ်ယောက်ချင်း တစ်ယောက်ချင်းအတွက် တာဝန်ယူတတ်တဲ့ လူမျိုးဆိုတဲ့ စိတ်ဓာတ်ရှိစေချင်ပါတယ်။

## လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာတမ်း

ကျွန်မတို့ ကမ္ဘာကြီးဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ အင်မတန်မှ ဒုက္ခ၊ သုက္ခတွေ ရောက်ခဲ့ပြီး နောင်ဒီလိုစစ်ကြီး မဖြစ်အောင်လို့ဆိုပြီး ကမ္ဘာ့ကုလသမဂ္ဂကြီးကို ထူထောင်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာတမ်းကိုလည်း ထုတ်ခဲ့ပါတယ်။ အဲဒီထဲမှာဆိုရင် နောင်ဒီလိုမဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လူတိုင်းလူတိုင်း တစ်ဦးချင်းတစ်ဦးချင်းရဲ့ မွေးရာပါ အခွင့်အရေးတွေ၊ မွေးရာပါ သိက္ခာတွေကို အသိအမှတ်ပြုရမယ်ဆိုပြီးတော့ ချမှတ်ခဲ့ပါတယ်။

## ကိုယ့်တာဝန်ကို ကိုယ်ထမ်းဆောင်

ဒါပေမယ့် ဒီမွေးရာပါ အခွင့်အရေးတွေ၊ သိက္ခာတွေနဲ့ အတူ မွေးရာပါ တာဝန်လည်းပါနေတယ်ဆိုတာ ကျွန်မတို့ ပြည်သူတွေကို ကျွန်မ သတိပေးချင်ပါတယ်။ အဲဒါသိက္ခာပါပဲ၊ သိက္ခာဆိုတာ ကိုယ့်အခွင့်အရေးကို ကိုယ်ကာကွယ်တတ်သလို ကိုယ့်တာဝန်ကို ကိုယ်ထမ်းဆောင်ပါ၊ ဒီနှစ်ခုထဲက တစ်ခုလိုနေရင် သိက္ခာမပြည့်ဝဘူးလို့ ဆိုပါလိမ့်မယ်။ ကိုယ့်ရဲ့ တာဝန်တော့ ကိုယ်ကျေပွန်တယ်။ ဒါပေမယ့် ကိုယ့်ရဲ့ အခွင့်အရေးတွေကိုတော့ ကာကွယ်နိုင်တဲ့ စွမ်းအား မရှိရင်၊ ကာကွယ်နိုင်တဲ့ သိက္ခာနဲ့ တာဝန်ယူတတ်မှု မရှိဘူးဆိုရင် ဒီလူတစ်ဦးရဲ့ သိက္ခာဟာ ပြည့်စုံတယ်လို့ ပြောလို့မရပါဘူး။

## စိတ်ဓာတ်က အင်မတန်မှ အရေးကြီး

ဒါကြောင့်မို့ ကျွန်မတို့ပြည်သူများဟာ ကိုယ့်ကိုယ်ကိုယ် သိက္ခာရှိအောင်နေပါ။ ကိုယ့်တာဝန် ကိုယ်ကျေပွန်အောင် ထမ်းဆောင်ပါ။ ကိုယ့်ရဲ့ အခွင့်အရေးတွေကိုလည်း မှန်မှန်ကန်ကန်နည်းနဲ့ ကာကွယ်ပါ။ ဒီပန်းတိုင်ကိုရောက်အောင် ဘယ်လိုလမ်းကနေ ဘယ်ပုံနဲ့သွားမလဲဆိုတဲ့ စိတ်ဓာတ်ကလည်း အင်မတန်မှ အရေးကြီးပါတယ်။

## တစ်နိုင်ငံလုံးမှာ ပြဿနာကြီး ဖြစ်နေ

ဒါကြောင့်မို့ ကျွန်မတို့နိုင်ငံဟာ တိုးတက်ဖို့လမ်းကို လျှောက်တဲ့အချိန်မှာ ပုံစံမှန်မှန်နဲ့ပဲ လျှောက်စေချင်ပါတယ်။ ကျွန်မတို့ အခုပြည်သူတွေရဲ့ ကျန်းမာရေးအကြောင်း ပြောတဲ့အခါမှာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးအတွက် အရေးကြီးပြီးတော့ အထူးသဖြင့် ဒီဒေသအတွက် အရေးကြီးတဲ့ မူးယစ်ဆေးဝါးကိစ္စကိုလည်း ကျွန်မထည့်ပြီး ပြောချင်ပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲမှုဆိုတာဟာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးမှာ ပြဿနာကြီး ဖြစ်နေပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ ပေါ်ပေါက်လာတဲ့ ရာဇဝတ်မှုတွေကလည်း ကျွန်မတို့နိုင်ငံအတွက် ပြဿနာအကြီးကြီး ဖြစ်နေပါတယ်။ အဲဒါကို အားလုံးဝိုင်းပြီးတော့ ကူညီစေချင်ပါတယ်။ အားလုံးဝိုင်းပြီးတော့ ဒီအန္တရာယ်ကြီးကို တားဆီးစေချင်ပါတယ်။ ပထမဦးဆုံးအနေနဲ့တော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်မှုမရှိတဲ့ ပုဂ္ဂိုလ်များ၊ ပြည်သူပြည်သားများ အားလုံးဟာ ပတ်သက်မှုမရှိအောင် နေစေချင်ပါတယ်။ နံပါတ်တစ်ကတော့ မသုံးစွဲဖို့၊ နံပါတ်နှစ်ကတော့ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာလည်း မသုံးစွဲဖို့ အားပေးဖို့၊ နောက်နံပါတ်သုံးကတော့ ကျွန်မတို့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ ရာဇဝတ်မှုတွေကို နှိမ်နင်းတဲ့နေရာမှာ တတ်နိုင်တဲ့ဘက်က ပြည်သူတွေရဲ့ တာဝန်အရ ပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။

## ပထမဦးဆုံး မူးယစ်ဆေးဝါးကို ရှောင်ကြ

ကွတ်ခိုင်မြို့နယ်မှာ မကြာမီက မူးယစ်ဆေးဝါးတွေ ဖမ်းမိပါတယ်။ ဖမ်းမိတဲ့မူးယစ်ဆေးဝါးတွေရဲ့ အတိုင်းအဆ၊ အမျိုးအစားတွေကို ကြည့်လိုက်ရင် ဘယ်လောက်ကြီးမားတဲ့ အန္တရာယ်လဲဆိုတာ အားလုံးသဘောပေါက်ပါလိမ့်မယ်။ ပထမဦးဆုံး မူးယစ်ဆေးဝါးကို ရှောင်ကြပါလို့ပြောချင်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်မှုမရှိတဲ့ ပုဂ္ဂိုလ်တွေအတွက် ရှောင်ကြပါ။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်မှုရှိနေပြီးသား ပြည်သူပြည်သားတွေကိုလည်း မေတ္တာရပ်ခံချင်ပါတယ်။ မူးယစ်ဆေးဝါးစွဲနေပြီဆိုရင် ဆန္ဒဆိုတဲ့ခြေလှမ်းက နေစပြီးတော့ ဖြတ်ဖို့ကြိုးစားပါလို့ ပြောချင်ပါတယ်။

## ပတ်ဝန်းကျင်ကို ဖျက်ဆီးတာလည်းရောက်

မူးယစ်ဆေးဝါး ဖောက်ကားရောင်းဝယ်နေတဲ့ ပုဂ္ဂိုလ်များ ဒီလိုအလုပ်မျိုးကို ရပ်ပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါဟာ ရာဇဝတ်မှုလည်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကို ဖျက်ဆီးတာလည်း ရောက်ပါတယ်။ အင်မတန်မှ အကုသိုလ်ကြီးပါတယ်။ အပြစ်လည်းကြီးပါတယ်။ ဒီလိုအလုပ်မျိုးကို ရပ်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ လားရှိုးပြည်သူပြည်သားတွေနဲ့ ဆုံတုန်းအချိန်မှာ ဒါလေးတွေကို သတိပေးစေချင်ပါတယ်။ ကျွန်မတို့ လားရှိုးနယ်စပ်ဒေသတစ်ခုအတွက် အင်မတန်မှကို အန္တရာယ်ရှိတဲ့ မူးယစ်ဆေးဝါးတွေနဲ့ ပတ်သက်လို့ ရှောင်ကြပါ။ ကျွန်မတို့အစိုးရကနေပြီးတော့ ဒီကိစ္စတွေကို ပပျောက်အောင်လုပ်နေတဲ့ လုပ်ငန်းတွေကိုလည်း ဝိုင်းဝန်းပြီးတော့ ကူညီကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် လားရှိုးမြို့မှ မြို့မိမြို့ဖ ဦးမျိုးမင်းဇော်(ခ) ဦးစိုင်းဘိုဘိုက လားရှိုးမြို့လေယာဉ်ကွင်းသည် ပေ ၅၂၈၀ သာရှိသည့်အတွက် ထပ်မံအဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး၊ လားရှိုးမြို့မှ မြို့မိမြို့ဖ ဦးကျော်စွာထွန်းက မန္တလေး - လားရှိုး - မူဆယ် - လမ်းမကြီးမှ လားရှိုးမြို့၏ မြို့တွင်း ဖြတ်သန်းသွားသော မြို့ရှောင်လမ်း မယ်ဟန်မှအထွက်ဘက် ဟိုပိတ်အထိ ဆောင်ရွက်ပေးရန် ကျန်ရှိသေးခြင်း အပေါ် စာမျက်နှာ ၅ သို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

၂၀၂၀ ပြည့်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ရေး၊ လားရှိုးမြို့မှ မြို့မိမြို့ဖ ဦးစိုးမြင့်အောင်က ရှမ်းပြည်နယ်အစိုးရ၏ စီမံမှုနှင့် တိုင်းရင်းသားယဉ်ကျေးမှုကွင်းအဖြစ် ၁၂ ဒသမ ၇၅ ဧက ရရှိပြီးဖြစ်ရာ အခမ်းအနားများ၊ ပြပွဲပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲတော်များ ကျင်းပနိုင်လောက်သည့် ခန်းမ၊ ကဇာတ်ရုံ၊ ရေ၊ မီး၊ လမ်းစသည့် infrastructure များအား ပံ့ပိုးပေးနိုင်ရေး၊ လားရှိုးမြို့မှ မြို့မိမြို့ဖ ဦးဇော်ဇော် က လားရှိုးမြို့ရှိ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွက် အဓိက အားထားရသည့် ဆေးရုံကြီးဖြစ်ရာ ခုတင်၊ ဆရာဝန်နှင့် ကိရိယာပစ္စည်းများ လောက်ငမှုမရှိသောကြောင့် ထပ်မံအဆင့်မြှင့်တင်ပေးရေး၊ သိန္နီမြို့မှ တောင်သူ ဦးခင်စိုးက သိန္နီမြို့နယ်အတွင်း တောင်သူများစိုက်ပျိုးသည့် သီးနှံထွက်ကုန်များအား မိမိနိုင်ငံအတွင်း ခိုင်မာသည့်ဈေးကွက် မရှိခြင်း၊ တရုတ်နိုင်ငံသို့ တင်သွင်းရောင်းချရာကိုတာစနစ်ဖြင့် အဆင့်ဆင့်ရောင်းချနေရခြင်းတို့ကြောင့် တောင်သူများ၏ အခက်အခဲပြေလည်စေရေးအတွက် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လွတ်လပ်စွာတင်ပို့ရောင်းချနိုင်သည့် ဈေးကွက်ဖော်ဆောင်ပေးရေး၊ သိန္နီမြို့မှ မြို့မိမြို့ဖ ဦးစိုင်းသန်းလှိုင်က စိုက်ပျိုးရေးအတွက် ဧက ၂၂၀ ခန့်အား ရေပေးလျက်ရှိသော သမိုင်းဝင်မြို့ဦးကြာကန် တိမ်ကောနေမှုကို ပြန်လည်တူးဖော်ဆောင်ရွက်ပေးရေးနှင့် သန့်ရှင်းသာယာရေးအတွက် ကူညီဆောင်ရွက်ပေးရေး၊ တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်မှ ဦးစိုင်းသန်းတင်က တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရှိ ပြည်တော်သာကန်သည် ယခုအခါ ရေကန်ပေါင်များ ပျက်စီးနေခြင်း၊ ရေကန်အတွင်း နုန်းများ၊ ဒိုက်များ၊ ရေမှော်ပင်နှင့် ကျွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြင်ဦးလွင်မြို့မှ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

မြှောများဖြင့် ပိတ်ဆို့နေမှုအား ရှင်းလင်းဆောင်ရွက်နိုင်ရေးနှင့် ရေကန်မှတစ်ဆင့် မြို့အတွင်းသို့ စီးဆင်းသောရေမြောင်းသည် အရှည် ပေ ၅၀၀၀ ခန့်ရှိရာ ကွန်ကရစ်မြောင်းအဖြစ် ဆောင်ရွက်ရန်ကျန်ရှိသည့် အရှည်ပေ ၂၅၀၀၊ အကျယ် ၅ ပေ၊ အနက် ၅ပေကို ဆက်လက်ဆောင်ရွက်ပေးရေး၊ တန့်ယန်းမြို့ အမှတ်(၂) ရပ်ကွက်မှ ဦးစိုင်းလှအောင်က နောင်ဖာကျေးရွာအုပ်စုအတွင်းရှိ ပါကော်ကျေးရွာ၊ ကောင်းကုတ်ကျေးရွာ၊ ဝမ်ယဉ်ကျေးရွာ၊ ဝမ်ခူးကျေးရွာများရှိ လယ်ဧက ၅၀၀ အား စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရေးနှင့် အဆိုပါကျေးရွာများရှိ ပြည်သူများအတွက် သောက်သုံးရေ ရရှိနိုင်ရေး အလျားပေ ၅၀၀၊ အနံ ၄၅ ပေ၊ အမြင့် ၁၄ ပေရှိ နမ့်ဟိုမိန်းဆည်အား ပြုလုပ်ပေးရေး၊ မိုင်းရယ်မြို့မှ မြို့မိမြို့ဖ ဦးစိုင်းအောင်ညွှန့်က မိုင်းရယ်မြို့နယ်အတွင်း ၂၀၁၃ ခုနှစ် ရှေ့ပိုင်းကာလများကတည်းက စတင်ဖွင့်လှစ်ခဲ့သည့် စာသင်ကျောင်း ၅ ကျောင်းသည် ကျောင်းဥပစာရပ်ကောင်းမွန်မှုမရှိသည့်အတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်ကတည်းက စာသင်ကျောင်း အဆောက်အဦအတွက် တင်ပြတောင်းခံထားသော်လည်း ခွင့်ပြုချထားခြင်းမရှိသေးသည့်အတွက် ကျောင်းအဆင့်နှင့် လျော်ညီသော အဆောက်အဦများ ခွင့်ပြုချထားပေးရေး၊ မိုင်းရယ်မြို့နယ် မန်ကွန်ကျေးရွာအုပ်စု မိုင်းဟမန်မုံကျေးရွာမှ ဦးဆန်ယွမ်းက မိုင်းရယ်မြို့နယ်ရှိ မန်မုံတိုက်နယ်ဆေးရုံအား ယခုလက်ရှိအချိန်တွင် တိုက်နယ်ဆေးရုံတည်ဆောက်ပြီး ဖြစ်သော်လည်း ဝန်ထမ်း ၆ ဦးသာရှိပြီး ဆရာဝန် မရှိခြင်းတို့ကြောင့် ဆရာဝန်နှင့် လိုအပ်သောဆေးရုံသုံးပစ္စည်းများ ပြည့်စုံစွာဖြည့်ဆည်းပေးရန်နှင့် အရေးပေါ်ခွဲစိတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် လျှပ်စစ်မီးရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးရေး၊ ကွမ်းလုံမြို့မှ မြို့မိမြို့ဖ ဦးတင်ဝင်းက ကွမ်းလုံမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် တံတားတည်ဆောက်ရေးလုပ်ငန်း၊ မြို့ရှောင်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများအတွက် ပေးလျော်ရန်ကျန်ရှိသည့် မြေယာ၊ သီးနှံလျော်ကြေးများ ခွင့်ပြုပေးရေးနှင့် ကွမ်းလုံမြို့မှ မြို့မိမြို့ဖ ဦးအောင်ဖေက ကွမ်းလုံမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် နမ့်တိန်ချောင်းမှ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် ကွမ်းလုံမြို့နယ် ကမ်းပါးဘက်တွင်လည်း ဟိုပန်မြို့နယ်ကဲ့သို့ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ရန်အတွက် သဘာဝဘေးရန်ပုံငွေများ ချထားပေးရေးတို့ကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ စိစစ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ခန်းမအတွင်းနှင့် ခန်းမပြင်ပတို့မှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၇၀ အနက် မဲပေါက်သူ ၁၀ ဦးဖြစ်သည့် လားရှိုးမြို့ ရပ်ကွက်(၁၀) နယ်မြေ ၉ မှ ဦးခင်မောင်ဆွေက မြို့ဝမ်ရေထွက်နှင့် ဆက်စပ်လျက်ရှိသော ရွှံ့နွံများဖြင့် ကောနေသည့်ရေကန်အား ရေသိုလှောင်ပမာဏများ ဝင်ဆံ့စေရန်အတွက် ပြန်လည်တူးဖော်ပေးရေး၊ လားရှိုးမြို့နယ် လွယ်တောက်ကျေးရွာအုပ်စုမှ ဦးကျော်တော့က ကျေးရွာနေပြည်သူများ ပညာရေး၊ လူမှုရေးအဆင့်အတန်း မြင့်မားစေရန်အတွက် ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးရေး၊ ကွမ်းလုံမြို့မှ ဦးတင်ဝင်းက မြို့ရှောင်လမ်းဖောက်လုပ်ရန်နှင့် မြေယာလျော်ကြေးငွေများပေးချေရန်အတွက် လိုအပ်သည့်ဘဏ္ဍာငွေများ အမြန်ဆုံးခွင့်ပြုချထားပေးရေး၊ လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၁)မှ ဦးသဲမောင်မောင်က သိမ်းဆည်းလယ်ယာမြေများ ပြန်လည်စွန့်လွှတ်ရာတွင် မူလတောင်သူများ လက်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရေး၊ ကျောက်မဲမြို့ ကျောက်မဲကြီးကျေးရွာမှ ဒေါ်အဲနော်က သိမ်းဆည်းလယ်ယာမြေများ မူလတောင်သူများ ပြန်လည်ရရှိရေးနှင့် ပုံစံ(၇)ရရှိအောင် ဆောင်ရွက်ပေးရေး၊ လားရှိုးမြို့ ရပ်ကွက်(၁၀) မှ ဒေါ်နန်းအေးရှန်းက မြို့ဝမ်ရပ်ကွက်အတွင်းရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးရေး၊ လားရှိုးမြို့နယ် နမ့်ပူကျေးရွာအုပ်စုမှ ဦးစိုင်းအောင်ညွန့်က လိုအပ်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရေး၊ လားရှိုးမြို့ ခေးနင်းကျေးရွာမှ ဦးဆန်ပိုက ခါးရိုးရွာ၊ ကုန်းပုံနှင့် ပိန်းညောင်ကျေးရွာတို့တွင် စက်ရေတွင်းတစ်တွင်းစီ တူးဖော်ပေးရေး၊ လားရှိုးမြို့ ဟိုခိုကျေးရွာအုပ်စု *စာမျက်နှာ ၆ သို့*

“ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးအတွက် အရေးကြီးပြီးတော့ အထူးသဖြင့် ဒီဒေသအတွက် အရေးကြီးတဲ့ မူးယစ်ဆေးဝါးကိစ္စကိုလည်း ကျွန်မထည့်ပြီး ပြောချင်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုဆိုတာဟာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးမှာ ပြဿနာကြီးဖြစ်နေပါတယ်။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ ပေါ်ပေါက်လာတဲ့ ရာဇဝတ်မှုတွေကလည်း ကျွန်မတို့နိုင်ငံအတွက် ပြဿနာအကြီးကြီး ဖြစ်နေပါတယ်။ အဲဒါကို အားလုံးဝိုင်းပြီးတော့ ကူညီစေချင်ပါတယ်။ အားလုံးဝိုင်းပြီးတော့ ဒီအန္တရာယ်ကြီးကို တားဆီးစေချင်ပါတယ် ”

*စာမျက်နှာ ၅ မှ*

ဟိုခိုကျေးရွာမှ ဦးဇေလွမ်းက ကျေးရွာချင်းဆက် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရေးနှင့် လားရှိုးမြို့ ဟိုနား(ပန်ဟုန်း) ကျေးရွာအုပ်စုမှ ဦးဝဏ္ဏလင်းက ကျေးရွာအုပ်စုချင်းဆက်လမ်း ၈ မိုင်အား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရေး မေးခွန်းများကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ကိစ္စတစ်ခုချင်းစီအလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်သူတွေရဲ့ တင်ပြချက်တွေကို ကျွန်မတို့ သဘောကျပါတယ်။ ဒါဟာ ကိုယ့်ရပ် ကိုယ့်ရွာအတွက်၊ တိုးတက်မှုအတွက်ပြောတာလည်း ဖြစ်ပါတယ်။ နောက်ပြီး ဒါဟာ ကျွန်မတို့သိမှလည်း ဖြေရှင်းပေးလို့ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ တစ်နိုင်ငံလုံးမှာ ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်တွေက သိပ်ပြီးတော့ တူပါတယ်။ ပထမဦးဆုံးတော့ သောက်သုံးရေကိစ္စကို အမြဲပဲပြောပါတယ်။ သောက်သုံးရေ လုံလုံလောက်လောက်ရှိဖို့ လိုတယ်ဆိုတာ ပြောပါတယ်။ သောက်သုံးရေရရှိတဲ့ နေရာတွေက များလာတာနဲ့အမျှ သောက်သုံးရေ တောင်းဆိုမှုတွေက နည်းလာတာကို ကျွန်မတို့ သတိပြုမိပါတယ်။

ဒုတိယတွေ့ရှိချက်ကတော့ လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းမှ ဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးပစ္စည်းတွေ ဈေးကွက်ကိုရောက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းဖို့လိုပါတယ်။ စီးပွားရေးအမြင်နဲ့ တင်မက ကျန်းမာရေးအမြင်၊ ပညာရေးအမြင်အရလည်း လမ်းပန်းဆက်သွယ်ရေးက အင်မတန်မှ အရေးကြီးပါတယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အခါကျရင် စီးပွားရေး တင်မက ကျန်းမာရေး၊ ပညာရေးကိုလည်း ထိခိုက်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ ပြည်သူတွေဟာ လမ်းပန်းဆက်သွယ်ရေးကို အဓိကထားတောင်းတာ အခုထိဖြစ်နေပါတယ်။

## ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုလို

တတိယက လျှပ်စစ်၊ ဒီမှာကတော့ လျှပ်စစ်ကို မတောင်းသလောက်ပဲဆိုတာကို သတိပြုမိပါတယ်။ အဓိကတက်လာတဲ့ကိစ္စတွေကတော့ မြေကိစ္စတွေပါ။ မြေပိုင်ဆိုင်မှုကိစ္စတွေ တက်လာပါတယ်၊ အဲဒီဟာကလည်း လွှတ်တော်က နေပြီးတော့ ဆုံးဖြတ်ချက်ချလိုက်တဲ့ မူလပိုင်ရှင်တွေဆီကို ပြန်လည်ပေးရေးကိစ္စနဲ့ ဆက်နွှယ်နေပါတယ်။ ပြည်သူတွေက ဒီလိုပုံစံနဲ့ပေးမယ့် အစီအစဉ်တွေရှိတယ်ဆိုတာသိလို့ ဒီလိုတင်ပြချက်တွေ၊ တောင်းဆိုချက်တွေ များလာတာလားဆိုတာ နည်းနည်းတော့စဉ်းစားရပါတယ်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုယ်တိုင်ဦးဆောင်ပြီးတော့ မူလပိုင်ရှင်များကို လယ်ယာမြေများ ပြန်လည်ပေးရေးကို လုပ်နေပါတယ်။ အလေးထားလုပ်နေပါတယ်။ ရှုပ်ထွေးမှုတွေလည်း များတယ်။ မှန်မှန်ကန်ကန်လုပ်ချင်တဲ့အခါကျတော့ တစ်ခါတလေ ကြန့်ကြာပါတယ်။ အဲဒီအတွက် ကျွန်မအနေနဲ့ တောင်းပန်ပါတယ်။ အမြန်ဆုံးနဲ့ ပြီးအောင်တော့ လုပ်ပေးပါ့မယ်။ အရင်တုန်းကတောင်းတဲ့အထဲမှာ ပညာရေးကတော်တော်များတယ်၊ အခုနောက်ပိုင်းမှာ ပညာရေးတောင်းဆိုမှုက နည်းလာတယ်။ ပိုပြီးပြည့်စုံလာလို့လား ဒီလိုပဲ ကျွန်မက မြင်ချင်ပါတယ်။ ကျန်းမာရေးကို ပိုပြီးအဆင့်မြှင့်ပေးဖို့ပဲတောင်းတာ သတိပြုမိပါတယ်။ အရင်တုန်းကဆိုရင် ဆေးရုံမရှိလို့၊ ဆေးခန်းမရှိလို့၊ ဆရာဝန်မရှိလို့ အခုဆိုရင် ဆရာဝန်မရှိတာ တောင်းဆိုချက်တွေ တချို့ရှိတယ်။ မလုံလောက်တာတွေရှိတယ်။ အထူးကုတောင်းဆိုတာတွေရှိတယ်။ ဆေးရုံတွေကို အဆင့်မြှင့်ပေးဖို့ တောင်းဆိုတာတွေရှိတယ်။ လုံးဝကျန်းမာရေးစောင့်ရှောက်မှုမရှိဘူးဆိုပြီး ပြောတဲ့နေရာကတော့ လုံးဝမရှိသလောက်ပဲ။ ဒါလည်းတိုးတက်မှုတစ်ခုလို့ သတ်မှတ်ပါတယ်။ စောစောက ပြောသွားတဲ့ အဓိက ရေ၊ ဆက်သွယ်ရေး၊ လျှပ်စစ်၊ ကျန်းမာရေး၊ ပညာရေး ဒီ ၅ ခုမှာ တိုးတက်မှုရှိပေမယ့်လည်း ပြည်သူလူထုတွေရဲ့ လိုအပ်ချက်တွေကိုတော့ အပြည့်အဝ မဖြည့်ဆည်းပေးနိုင်ဘူးဆိုတာကတော့ သဘောပေါက်ပါတယ်။ အမြန်ဆုံး၊ အများဆုံး၊ အပြည့်စုံဆုံး ဖြည့်ဆည်းပေးဖို့လည်း ကြိုးစားပါ့မယ်။ ပြည်သူလူထုကလည်း ပါဝင်ပတ်သက်စေချင်ပါတယ်။ ဘာပဲဖြစ်ဖြစ် အောင်မြင်ဖို့ဆိုရင် ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုလိုပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုကိုလည်း အမြဲပဲကျွန်မတောင်းခံပါတယ်။ ပေးနိုင်မယ်လို့လည်း ကျွန်မယုံကြည်ပါတယ်"ဟု ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လားရှိုးမြို့မှ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ရှိ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းသို့ သွားရောက်ပြီး သံဃနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ အထူးလေယာဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိုးသိမ်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြင်ဦးလွင်မြို့ရှိ ခရိုင်အားကစားကွင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "လားရှိုးမှာပြောတဲ့အတိုင်းပဲ ကျွန်မ အချက်နှစ်ချက်ကို ပြောချင်ပါတယ်။ တစ်ခုကတော့ ကျွန်မတို့ကို နွေးနွေးထွေးထွေးနဲ့ လက်ခံတဲ့အတွက် ပြင်ဦးလွင်က ပြည်သူလူထုကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်မအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနကြားချက်အရ ဘယ်သူ့ကိုမှ လက်ဆွဲနှုတ်ဆက်လို့မရပါဘူး။ ပြည်သူတွေအချင်းချင်းလည်း လက်ဆွဲနှုတ်ဆက်တာမလုပ်ကြဖို့ အခုလောလောဆယ်မှာ ကျွန်မတိုက်တွန်းဖို့ တာဝန်အရပြောရခြင်း ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ COVID-19 ရောဂါဟာ ကျွန်မတို့နိုင်ငံမှာ မဝင်ရောက်သေးဘူးဆိုပေမယ့် ဝင်မယ်၊ မဝင်မယ်ဆိုတာ သေချာတဲ့ အခြေအနေမရောက်သေးပါဘူး။ တစ်ကမ္ဘာလုံးမှာလည်း ပျံ့နှံ့နေပါတယ်။ စတင်ပြီးတော့ ပြန့်ပွားတဲ့နေရာကလည်း အိမ်နီးချင်းနိုင်ငံဖြစ်နေပြီး နယ်စပ်ကလည်း အင်မတန်မှရှည်လျားတာကြောင့် အန္တရာယ်အများကြီးရှိပါတယ်။ ဒီရောဂါဝင်လာပြီဆိုရင် ကုသထိန်းချုပ်သွားဖို့ဆိုတာ အင်မတန်မှပင်ပင်ပန်းပန်းနဲ့ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ကြိုတင်ကာကွယ်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနကလည်း ညွှန်ကြားချက်တွေ ထုတ်ထားတာဖြစ်ပါတယ်။ ညွှန်ကြားချက်တွေကို ပြည်သူတွေလိုက်နာဖို့ကလည်း အင်မတန်မှ အရေးကြီးပါတယ်။

## စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့

ကျွန်မတို့ ပြင်ဦးလွင်ကို လာတယ်ဆိုရင် အမြဲပဲ စိတ်ချမ်းသာပါတယ်။ ဟိုတုန်းကတည်းက ပြင်ဦးလွင်မြို့ဆိုတာ အပန်းဖြေမြို့လို့ သိခဲ့ပါတယ်။ ကျွန်မရဲ့ပြည်ထောင်စုမိသားစုကြီးလည်း ပြင်ဦးလွင်မှာလို သာသာယာယာရှိနေတာကို တွေ့ချင်ပါတယ်။ တွေ့လည်း တွေ့ရပါတယ်။ ပြင်ဦးလွင်မှာဆိုရင် တိုင်းရင်းသားပေါင်းစုံရှိတယ်။ အားလုံးက ချစ်ခင်ညီညွတ်ပြီး အေးချမ်းစွာနေကြတဲ့အတွက် အင်မတန်မှကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ ရာသီဥတုအေးချမ်းတာထက် နှလုံးစိတ်ဝမ်းအေးချမ်းတာက ပိုပြီးတော့ အရေးကြီးပါတယ်။ အခုအချိန်ဆိုရင် ရာသီဥတုပြောင်းလဲမှုကြီးဖြစ်နေပြီဆိုတာ အများသိပြီးသားပါ။ ဒီလိုကမ္ဘာကြီးဟာ ပထဝီအနေအထားအရ ပြောင်းလဲမှုတွေဖြစ်လာပြီဆိုရင် ကျွန်မတို့ လူသားများဟာ ဒီအပြောင်းအလဲများကို ရင်ဆိုင်ဖို့ ကိုယ့်ကိုယ်ကိုယ်ပြင်ရပါတယ်။ ဒီအတိုင်းပါပဲ ကျွန်မတို့နိုင်ငံဟာ ပြောင်းလဲနေတဲ့ကမ္ဘာကြီးကို ရင်ဆိုင်နိုင်ဖို့၊ ပြောင်းလဲနေတဲ့ကမ္ဘာကြီးကနေ ထွက်ပေါ်လာတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ဆိုတာ အားလုံးကနေပြီး တက်ညီလက်ညီလုပ်ဖို့ အင်မတန်အရေးကြီးပါတယ်။

## ပိုပြီးတော့ တိုးတက်အောင်

ကျွန်မတို့နိုင်ငံဟာ အခုထိ ချမ်းသာတဲ့နိုင်ငံ မဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေရဲ့ စာရင်းတွေထဲမှာလည်း မပါပါဘူး။ သို့သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ စာရင်းထဲကတော့ ထွက်ရပါပြီ။ တစ်နည်းအားဖြင့် တစ်ဖက်ကနေကြည့်ရင်တော့ ဂုဏ်ယူစရာဖြစ်ပါတယ်။ တစ်ချိန်တုန်းကတော့ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံလို့ သတ်မှတ်ခြင်းခံခဲ့ရပါတယ်။ ဒါကိုလည်း တချို့က မခံချင်ကြပါဘူး။ နိုင်ငံရဲ့သိက္ခာကို ထိပါးတယ်လို့ထင်ကြပါတယ်။ ကျွန်မတို့က လက်တွေ့ကျကျပဲ ကြည့်ပါတယ်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံလို့ သတ်မှတ်တဲ့အခါမှာ အထူးအခွင့်အရေးတွေပေးပါတယ်။ ကမ္ဘာ့အဖွဲ့အစည်းက၊ ဖွံ့ဖြိုးတဲ့နိုင်ငံတွေက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေကို အထူးအခွင့်အရေးတွေ ပေးထားတာရှိပါတယ်။ ကျွန်မတို့ဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံရဲ့ စာရင်းထဲက ထွက်ရတော့မယ်ဆိုတော့ ဒီအခွင့်အရေးတွေကိုလည်း လက်လွှတ်ရမှာ ဖြစ်ပါတယ်။ တစ်ဖက်ကနေ ကောင်းတယ်ဆိုပေမယ့် တစ်ဖက်ကတော့ အနုတ်လက္ခဏာဆောင်တဲ့ကိစ္စလေးတွေလည်းရှိပါတယ်။ ဒါကို ကျွန်မတို့က ကျေကျေနပ်နပ် လက်ခံရမယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုးတက်မှုကြောင့် အခွင့်အရေးတချို့ကို ဖယ်လိုက်တာဖြစ်ပါတယ်။ ဒီတိုးတက်မှုအင်အားနဲ့ အခွင့်အရေးတွေ ဖယ်လိုက်တာကို ကျော်လွှားပြီးတော့ ပိုပြီးတော့ တိုးတက်အောင်နောင်ဆိုရင် ဘယ်သူ့ကိုမှ အားမကိုးရအောင် အဲဒီအခြေအနေကို ရောက်ချင်ပါတယ်။

## တကယ့်ရတနာတွေဟာ ပြည်သူလူထုပါ

ကျွန်မတို့ရဲ့နိုင်ငံဟာ ကိုယ်ဟာကိုယ်၊ ကိုယ့်အင်အားအပေါ်ရပ်တည်နိုင်တဲ့ နိုင်ငံဖြစ်စေချင်တယ်။ ဒီလိုဖြစ်နိုင်တဲ့ အလားအလာတွေလည်း ရှိတယ်ဆိုတာကို ကျွန်မယုံတယ်။ ကျွန်မတို့ရဲ့ နိုင်ငံဟာ သဘာဝသယံဇာတအင်မတန်မှ ပေါကြွယ်ဝတဲ့နိုင်ငံဆိုပြီး နာမည်ကြီးပါတယ်။ ဒါပေမယ့် ကျွန်မနိုင်ငံအတွက် မျှော်လင့်ချက်တွေထားတဲ့နေရာမှာ ဒီဟာမပါပါဘူး။ သဘာဝသယံဇာတပစ္စည်းတွေဆိုတာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကုန်ခန်းသွားမှာပါပဲ၊ ကျွန်မတို့ရဲ့ ပြည်သူလူထုအင်အားကို အားကိုးတာပါ။ ကျွန်မခဏခဏပြောတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တကယ့်သယံဇာတ၊ တကယ့်ရတနာတွေဟာ ပြည်သူလူထုပါပဲ။ ကျွန်မတို့ရဲ့ ပြည်သူလူထုဟာ အရည်အချင်းနဲ့ ပြည့်စုံမယ်၊ စိတ်ဓာတ်ပြည့်ဝမယ်၊ လုပ်ရည်ကိုင်ရည်ရှိမယ်၊ စည်းကမ်းသိမ်မွေ့မယ်၊ ဓွဲလုံ့လဝီရိယနဲ့ အင်အားတွေများနေမယ်ဆိုရင် ကျွန်မတို့ ဘယ်သူ့ကိုမှလည်း အားကိုးနေစရာမလိုဘူး။ ဘယ်လိုအန္တရာယ်ကိုမှလည်း ကြောက်စရာမလိုပါဘူး။ အန္တရာယ်ဆိုတာကတော့ လောကကြီးမှာ ရှိတတ်တာပါပဲ။

ကိုရိုနာဗိုင်းရပ်စ်စပြီးတော့ ဖြစ်ပြီလို့ ကြားကတည်းက ဖေဖော်ဝါရီလ စောစောပိုင်းကနေ ကျွန်မတို့က အဖွဲ့ဖွဲ့ပြီးတော့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးက ဦးဆောင်ပြီး အဖွဲ့တစ်ဖွဲ့ဖွဲ့ပြီးတော့ ကျွန်မတို့ရင်ဆိုင်ရမယ့် ကျန်းမာရေးတင်မက၊ စီးပွားရေးနဲ့ပတ်သက်တဲ့ ပြဿနာတွေကို ကျွန်မတို့ ဘယ်လိုကျော်လွှားရမလဲဆိုတာကို စပြီးတော့ စီစဉ်ပါတယ်။ စီစဉ်တာလည်း အတိုင်းအတာတစ်ခုအထိတော့ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ နယ်စပ်ကုန်သွယ်မှု အင်မတန်ကျသွားတဲ့အခါကျတော့ ကျွန်မတို့ရဲ့ စီးပွားရေးအခြေအနေအပေါ်မှာ သက်ရောက်မှုတော့ရှိတာပဲ။ အဲဒါက ဘယ်လိုမှ ငြင်းလို့မရဘူး။ ဒီသက်ရောက်မှုတွေဟာ သိပ်မဆိုးနိုင်အောင်လို့၊ သက်ရောက်မှုတွေရဲ့ ဆိုးကျိုးတွေကို ကျော်လွှားနိုင်အောင်လို့ ဘယ်လိုလုပ်မလဲဆိုတာ အဲဒီကတည်းက ကျွန်မတို့က စီစဉ်ထားတာဖြစ်ပါတယ်။ နေ့တိုင်းနေ့တိုင်းလည်း ကျွန်မတို့ဟာ အခြေအနေကို ကြည့်နေပါတယ်။ အခြေအနေကို ကြည့်နေတယ်ဆိုတာ ကျန်းမာရေးအရ စိန်ခေါ်မှုတွေရော၊ စီးပွားရေးအရ စိန်ခေါ်မှုတွေရော၊ လူမှုရေးအရ စိန်ခေါ်မှုတွေရော၊ နိုင်ငံတကာဆက်ဆံရေးအရ စိန်ခေါ်မှုတွေရော၊ အဲဒါတွေအားလုံးကို ကျွန်မတို့က တစ်ချိန်လုံးကြည့်ပြီးတော့ ကျော်လွှားဖို့ ကျွန်မတို့မှာရှိတဲ့ အရည်အချင်းတွေ၊ ကျွန်မတို့ ပြည်သူတွေရဲ့ အရည်အချင်းတွေနဲ့ ရင်ဆိုင်ဖို့ဟာ ကျွန်မတို့အမြဲပဲ စီစဉ်ပြီး ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူအားလုံးဟာ ကျွန်မတို့နိုင်ငံရဲ့ တိုးတက်ရေးအတွက်၊ ကျွန်မတို့နိုင်ငံရဲ့ခိုင်မာရေးအတွက် အရေးကြီးတယ်ဆိုတာကို သဘောပေါက်စေချင်ပါတယ်။

ကျွန်မတို့ဟာ ပြည်သူ့အင်အားနဲ့ ရပ်တည်နေတဲ့ ပြည်သူ့အစိုးရ ဖြစ်ပါတယ်။ ပြည်သူရွေးချယ်တင်မြှောက်ထားတဲ့အစိုးရဆိုတာ အင်မတန်မှ အားရှိပါတယ်။ သို့သော်ငြားလည်း တစ်ချိန်တည်းမှာ အင်မတန်မှ တာဝန်တွေများပါတယ်။ ပြည်သူက ရွေးချယ်တင်မြှောက်ထားလို့ ပြည်သူအပေါ်မှာ တာဝန်ရှိပါတယ်။ ပြည်သူရဲ့ အားတွေကြောင့်မို့လို့လည်း အင်မတန်မှ လုပ်နိုင်ကိုင်နိုင်တဲ့ အခြေအနေတွေလည်း ဖြစ်လာပါတယ်။ နောက်ဆုံး ဒီမိုကရေစီကို အဓိပ္ပာယ်ဖော်တဲ့အခါမှာကျတော့ ပြည်သူ့အတွက်၊ ပြည်သူက ထူထောင်ထားတဲ့ ပြည်သူ့အစိုးရဆိုတာ အားလုံးပြည်သူနဲ့ပဲဆိုင်ပါတယ်။ အစိုးရအဖွဲ့ဝင်တွေ အားလုံးဟာလည်း ပြည်သူထဲက ပေါက်ဖွားလာတာပဲ။ ဒါကြောင့်မို့ ပြည်သူနဲ့ တစ်သားတည်းဖြစ်မှ ဒီမိုကရေစီစနစ်ဟာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

## ညီညွတ်ရေးရှိရင် ငြိမ်းချမ်းရေးရှိမယ်

ညီညွတ်ရေးနဲ့ပတ်သက်လို့ ကျွန်မနည်းနည်းပြောချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုမို့လို့ ကျွန်မတို့ဟာ ညီညွတ်ရေးကို ထပ်တလဲလဲပြောရတယ်။ ဒီနိုင်ငံလွတ်လပ်ပြီးတော့ အချုပ်အခြာအာဏာပိုင်နိုင်ငံအနေနဲ့ ရပ်တည်ခဲ့တာ အနှစ် ၇၀ ကျော်ပြီ၊ အခုထက်ထိ ပြည်တွင်းစစ်မီးတွေအားလုံး ငြိမ်းသွားတယ်ဆိုတဲ့အချိန်တစ်ခါမှ မရှိခဲ့သေးဘူး။ အဲဒီငြိမ်းချမ်းရေးကို လိုအပ်လွန်းလို့ ငြိမ်းချမ်းရေးဟာ ကျွန်မတို့အတွက် အရေးပါလွန်းလို့ ညီညွတ်ရေး၊ ညီညွတ်ရေးဆိုပြီး တစ်ချိန်လုံးပြောနေရတာ ဖြစ်ပါတယ်။ ညီညွတ်ရေးရှိရင် ငြိမ်းချမ်းရေးရှိမယ်။ ငြိမ်းချမ်းရေးရှိခြင်းဟာ ညီညွတ်ရေးကို အထောက်အကူပြုပါတယ်။ ညီညွတ်ရေးဆိုတာ မတူကွဲပြားတဲ့တိုင်းရင်းသားများ၊ မတူကွဲပြားတဲ့ဘာသာကိုးကွယ်သူများ၊ မတူကွဲပြားတဲ့ဘာသာစကားပြောသူများ၊ မတူကွဲပြားတဲ့ ဓလေ့ထုံးစံရှိသူများကြားမှာ ညီညွတ်ရေးဆိုတာ ဘာလဲဆိုတာ ကျွန်မတို့ အများကြီးစဉ်းစားရပါတယ်။ *စာမျက်နှာ ၇ သို့*

> “ ကျောင်းသူတွေ ကျောင်းသားတွေက ကိုယ့်ရဲ့တာဝန်ကို ကိုယ်ကျေပွန်အောင်လုပ်ခြင်းကလည်း နိုင်ငံအတွက် လုပ်တာပါပဲ။ ဒါပေမယ့် ဒီကလေးတွေအတွက် စာမေးပွဲမှာ အမှတ်များမှ ပညာတတ်တယ်ဆိုတဲ့ စိတ်ဓာတ်တော့ မဖြစ်စေချင်ပါဘူး။ ပညာဆိုတာ ဘဝရဲ့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းပါပဲ။ ဘဝအခက်အခဲတွေ ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းကို ကိုယ်ကနေ သင်ယူနိုင်မယ်ဆိုရင် ဒါပညာသင်ယူတာပါပဲ။ အဲဒီလို ပညာသင်တာ ဘယ်တော့မှ မပြီးနိုင်ပါဘူး။ တစ်သက်လုံး လူ့ဘဝမှာ ရှိနေသရွေ့ ကျွန်မတို့ဟာ ပညာရှာနေရမှာပဲ။ ကိုယ့်ကိုယ်ကိုယ် ပိုပြီးပြည့်ဝတဲ့ လူသားများဖြစ်အောင်လို့ ကြိုးစားနေရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ ကျွန်မတို့ရဲ့နိုင်ငံ ဖွံ့ဖြိုးတိုးတက်စနိုင်ငံ ပိုပြီးတော့ဖွံ့ဖြိုးနိုင်အောင်လို့၊ တိုးတက်နိုင်အောင်လို့၊ ခိုင်မာတဲ့ ပြည်ထောင်စုကြီးဖြစ်ပေါ်လာနိုင်အောင်လို့ အားလုံးကနေ ဝိုင်းဝန်းပြီးတော့ ကြိုးစားပံ့ပိုး”

*စာမျက်နှာ ၆ မှ*

ကျွန်မတို့ နှလုံးသားထဲက ညီညွတ်ရေးကို ဦးတည်ကြပါ။ ကျွန်မတို့အားလုံးရဲ့ အန္တိမပန်းတိုင်ဟာ ခိုင်မာပြီး အေးချမ်းသာယာတဲ့ ပြည်ထောင်စုကြီးပဲ ဖြစ်ရပါလိမ့်မယ်။ ကျွန်မတို့အားလုံးဟာ ဒါကိုပဲ လိုချင်ကြပါတယ်။ ကျွန်မတို့ လိုချင်ကြတဲ့ ငြိမ်းချမ်းသာယာဝပြောပြီး ခိုင်မာတဲ့ ဒီမိုကရေစီပြည်ထောင်စုကြီးဟာ အားလုံးရဲ့နှလုံးသားထဲမှာ စွဲစွဲမြဲမြဲရှိမယ်ဆိုရင် ကျွန်မတို့ဟာ ညီညွတ်မှုရပြီပဲ။

ကျွန်မတို့ဟာ အားလုံးရင့်ကျက်တဲ့ စိတ်ဓာတ်တွေနဲ့ လိုချင်တာဟာ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပဲ ဖြစ်ပါတယ်။ ဒီပြည်ထောင်စုရရှိရေးအတွက် ကျွန်မတို့ အားလုံးဝိုင်းပြီးတော့ ကြိုးစားကြမယ်။ မတူညီတဲ့အမြင်တွေကို ညှိကြည့်ကြမယ်။ ညှိတဲ့ပုံစံကလည်း လူကြီးလူကောင်းပီပီ အေးအေးချမ်းချမ်း ယဉ်ယဉ်ကျေးကျေး ခိုင်ခိုင်မာမာ ဒီလိုကျွန်မတို့က ညှိနှိုင်းပြီးတော့ အဖြေရှာကြမယ်ဆိုတဲ့ စိတ်ဓာတ်တွေကို မွေးစေချင်ပါတယ်။

### မေးခွန်းထုတ်နိုင်

ဒီတော့ ကျွန်မတို့နိုင်ငံဟာ ဆက်ပြီးတော့ သိက္ခာရှိရှိနဲ့ သမိုင်းတစ်လျှောက် အနာဂတ်မှာဆက်ပြီး တည်ရှိသွားချင်တယ်ဆိုရင် ကျွန်မတို့တစ်တွေဟာ မြင့်မြတ်တဲ့ စိတ်ထားတွေကို ပြုစုပျိုးထောင်ရမှာပါ။ ကြိုးစားကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။ ကျွန်မတို့ အစိုးရက ဘယ်လိုပဲ ကြိုးစားကြိုးစား ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူရဲ့ ယုံကြည်မှုမရှိဘဲနဲ့ ဘယ်လိုမှ မတိုးတက်နိုင်ပါဘူး။ နိုင်ငံတစ်နိုင်ငံ မတိုးတက်ဘူးဆိုလို့ရှိရင် ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ပြန်မေးပါ။ ဒီနိုင်ငံတိုးတက်ဖို့အတွက် ကိုယ်ဘာလုပ်ပေးနေသလဲ။ ကိုယ့်ရဲ့ကဏ္ဍမှာရော ကိုယ်က ပြည့်ပြည့်ဝဝ တာဝန်ကျေရဲ့လားဆိုတာ ပထမမေးပါ။ တခြားသူတွေကို လက်ညှိုးမထိုးခင်။ ကိုယ်တာဝန်ကျေရဲ့လား၊ ဒီလူတာဝန်ကျေရဲ့လား၊ ဟိုလူအလုပ်လုပ်နေရဲ့လား၊ ဟိုအဖွဲ့ အလုပ်လုပ်နေရဲ့လား၊ အစိုးရကရော သူ့အလုပ်လုပ်နေရဲ့လား ဒီမေးခွန်းတွေ မေးပိုင်ခွင့်မရှိဘူးလို့ ပြောတာမဟုတ်ပါဘူး။ မေးခွန်းထုတ်နိုင်ပါတယ်။ ဒါပေမယ့် ပထမဦးဆုံး ထုတ်ရမယ့်မေးခွန်းက ကိုယ်ကိုယ်တိုင်ရော ကိုယ့်တာဝန် ကိုယ်ကျေပွန်ရဲ့လား။ ကိုယ်ကိုယ်တိုင်ရော ကိုယ့်နိုင်ငံအတွက် လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေကို လုပ်နေရဲ့လားဆိုတာကို မေးစေချင်ပါတယ်။

ကျောင်းသူတွေကျောင်းသားတွေက ကိုယ့်ရဲ့တာဝန်ကို ကိုယ်ကျေပွန်အောင်လုပ်ခြင်းကလည်း နိုင်ငံအတွက် လုပ်တာပါပဲ။ ဒါပေမယ့် ဒီကလေးတွေအတွက် စာမေးပွဲမှာ အမှတ်များမှ ပညာတတ်တယ်ဆိုတဲ့ စိတ်ဓာတ်တော့ မဖြစ်စေချင်ပါဘူး။ ပညာဆိုတာ ဘဝရဲ့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းပါပဲ။ ဘဝအခက်အခဲတွေ ရင်ဆိုင်ကျော်လွှားနိုင်တဲ့ အရည်အချင်းကို ကိုယ်ကနေ သင်ယူနိုင်မယ်ဆိုရင် ဒါပညာသင်ယူတာပါပဲ။ အဲဒီလို ပညာသင်တာ ဘယ်တော့မှ မပြီးနိုင်ပါဘူး။ တစ်သက်လုံး လူ့ဘဝမှာ ရှိနေသရွေ့ ကျွန်မတို့ဟာ ပညာရှာနေရမှာပဲ။ ကိုယ့်ကိုယ်ကိုယ် ပိုပြီးပြည့်ဝတဲ့ လူသားများဖြစ်အောင်လို့ ကြိုးစားနေရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ ကျွန်မတို့ရဲ့နိုင်ငံ ဖွံ့ဖြိုးတိုးတက်စနိုင်ငံ ပိုပြီးတော့ ဖွံ့ဖြိုးနိုင်အောင်လို့၊ တိုးတက်နိုင်အောင်လို့၊ ခိုင်မာတဲ့ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာနိုင်အောင်လို့ အားလုံးကနေ ဝိုင်းဝန်းပြီးတော့ ကြိုးစားပံ့ပိုးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

### မေးခွန်းတွေ ဖိတ်ခေါ်

ဒီလိုပြည်သူတွေအားလုံး ဝိုင်းဝန်းပြီးတော့ စည်းစည်းလုံးလုံးနဲ့ ပါဝင်နိုင်ဖို့အတွက် ဒီလိုပြည်သူတွေနဲ့ တွေ့ဆုံပွဲတွေလုပ်တာပါ။ ကျွန်မတို့ ပြည်သူတွေဆီကနေပြီးတော့ တင်ပြချက်တွေ၊ မေးခွန်းတွေကို ကျွန်မတို့ ဖိတ်ခေါ်ပါတယ်။ တင်ပြချက်တွေ၊ မေးခွန်းတွေ ဖိတ်ခေါ်ပြီးတော့ တက်လာတဲ့မေးခွန်တွေ တင်ပြချက်တွေကို တုံ့ပြန်ဖို့ကတော့ ကျွန်မတို့ရဲ့ တာဝန်ဖြစ်လို့ ကျွန်မတို့ တာဝန်အရ လုပ်သွားမှာ ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်မတို့လုပ်နေကျအတိုင်းပဲ စာနဲ့မေးထားတဲ့ မေးခွန်းတွေ၊ တင်ပြချက်တွေကို ကျွန်မတို့ သက်ဆိုင်ရာဌာနက၊ အချို့ကပြည်နယ်က၊ အချို့က ပြည်ထောင်စုအဆင့်က ဖြေပါလိမ့်မယ်။ ပြီးရင် အချိန်ရှိတဲ့အပေါ်မူတည်ပြီး မဲနှိုက်ပြီးတော့ ကျန်တဲ့ မဲပေါက်တဲ့ ပြည်သူတွေရဲ့ တင်ပြချက်တွေ၊ မေးခွန်းတွေကို ကျွန်မတို့ လက်ခံမှာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် တွေ့ဆုံပွဲသို့ ကြိုတင်တင်ပြမေးမြန်းထားသည့် ဝက်ဝံ၊ ဘူတာကျေးရွာမှ ဦးသက်ဦးက ဝက်ဝံဘူတာရဲစခန်းအနီးတွင် လုံခြုံရေးအကြောင်းပြ၍ ရွာ၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေးအနှောင့်အယှက်ဖြစ်နေသော X-ray စက်နှင့် ပတ်သက်၍ တားမြစ်ကန့်ကွက်ထားသည့်ကိစ္စဆောင်ရွက်ပေးရေး၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၉)မှ ဦးဝင်းမြင့်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၉)အလယ်ဗဟိုတွင် ရှိနေသည့် မြို့နယ်စည်ပင်မှ စွန့်ပစ်နေသော အမှိုက်ကျင်းကြီးအား ပြောင်းရွှေ့ပေးရေးနှင့် အမှိုက်ကျင်းနေရာသစ် ဆောင်ရွက်ပြီးစီးခဲ့သော်လည်း ယနေ့အထိ အမှိုက်များနှင့် အညစ်အကြေးများကို မြို့နယ်စည်ပင်မှ နေ့စဉ်စွန့်ပစ်နေသည့်အတွက် အမြန်ဆုံးပိတ်သိမ်းပေးရေး၊ ပြင်ဦးလွင်မြို့မှ ဦးမြတ်ထွန်းက ရွှေညီကို ကားဝပ်ရှော့မြေနေရာအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖယ်ရှားပေးရေး၊ ညောင်နီကျေးရွာမှ ဦးမောင်ခိုင်က မြောက်ကျွန်းသူမမကုမ္ပဏီနှင့် ရွာသူရွာသားများသည် ယာမြေ ၁၆ ဧကတွင် ယာမြေအငြင်းပွားမှုဖြစ်နေပြီး တရားရုံးတွင် ရင်ဆိုင်လျက်ရှိရာ မြောက်ကျွန်းသူမမမှ မြေလွတ် မြေရိုင်းလျှောက်ထားမှုအပေါ် ရွာသား ၁၁၆ ဦးတို့က ကန့်ကွက်ထားသည့်ကိစ္စကို ဖြေရှင်း ဆောင်ရွက်ပေးရေး၊ ထုံးဘို၊ ကုန်းဘောကျေးရွာမှ ဦးဒူကူလားက ကင်းထောက်မြေနှင့် ရွာမြေသီးသန့်ခွဲပေးရေး၊ ဝက်ဝံ၊ ဘူတာကျေးရွာမှ ဦးမောင်လေးက ဝက်ဝံဘူတာကွင်း အမှတ်(၆၉၆၊ ၆၉၇) အတွင်းရှိ သိမ်းထားသောမြေနေရာအား တောင်သူများ လက်ဝယ်ရရှိရေး ပုံစံ(၁)အပြိုင်လျှောက်ထားသည့်ကိစ္စကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ လွန်ကောင်းကျေးရွာအုပ်စု ငွေးပင်ကျေးရွာမှ ရပ်မိရပ်ဖ ဦးစိန်ဝင်းက မြေလွတ်မြေရိုင်း ဧက ၁၀၀ အား တောင်သူများမှ မြေလွတ်မြေရိုင်း လျှောက်ထားရန် ဆန္ဒမရှိသောကြောင့် ပုံစံ-(၇) ရရှိရေး၊ ဝက်ဝံ၊ မြိုင်ကြီးကျေးရွာမှ ဦးကျော်သန်းက ရွှေကောင်းကင်နှင့် ဦးသိန်းဝင်းကြက်ခြံမှ အနံ့အသက်များ ထွက်နေသည့်ကိစ္စ စိစစ်ဆောင်ရွက်ပေးရေး၊ ပြင်ဦးလွင်မြို့ သင်္ဂတုံကျေးရွာမှ ဦးထွန်းမြင့်က ပြင်ဦးလွင်မြို့နယ် အင်းယား-သင်္ဂတုံကျေးရွာချင်းဆက်လမ်း (၃)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ နာလင်းကျေးရွာအုပ်စု ပန်းတင်ကျေးရွာမှ ဦးစိုးလင်းအောင်က ကျိုင်းတောင်း-ပန်းတင်ရွာချင်းဆက်လမ်း (၃)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ မျှော့တောကျေးရွာမှ ရပ်မိရပ်ဖ ဦးကြည်မောင်က မိုးကြိုး၊ မျှော့တော(၄)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ တောင်ကြီးကျေးရွာမှ ဦးသန်းထွန်းဦးက မိုးကုတ်လမ်းခွဲမှ သပြေကုန်းကျေးရွာအထိ ၃ မိုင် ၄ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ အင်းယားကျေးရွာအုပ်စုမှ ကြီးကိုင်ကျေးရွာမှ ဦးကျော်ရီက ၂၀၁၃ ခုနှစ်တွင် ကြီးကိုင်ကျေးရွာကို သစ်တောကြိုးဝိုင်းမှ ပယ်ဖျက်ထားသော်လည်း ပိုင်ဆိုင်မှုမရရှိသေးသည့်အတွက် ပိုင်ဆိုင်မှုရရှိအောင် ဆောင်ရွက်ပေးရေး၊ အောင်ချမ်းသာကျေးရွာမှ ဦးလွမ်းမိုးက အောင်ချမ်းသာကျေးရွာအုပ်စုအတွင်းရှိ ကျိုင်းတောင်းအဆိုပြုကာကွယ်တောအား မူလတောင်သူ ၅၀၀ ဦးခန့်က လယ်ယာမြေ ဆက်လက်စိုက်ပျိုးလုပ်ကိုင်ရန်အတွက် အဆိုပြုကာကွယ်တောအား သက်ဆိုင်ရာဌာနမှ ပယ်ဖျက်ပေးရေးနှင့် တောင်ကျွန်းကျေးရွာမှ ဦးတင်ရှိန်က တောင်ကျွန်းကျေးရွာ၏ သစ်တောမြေမှ ယခင် ဦးအေးလွင်ပိုင်သစ်တောမှ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန် ချမှတ်ပေးခဲ့သည့် တောင်ကျွန်းကျေးရွာကြားရှိ ကျန်ရှိသစ်တောမြေ ၆ ဧကခန့်အား ကျေးရာပိုင်မြေအဖြစ် တိုးချဲ့သတ်မှတ်ပေးရေးမေးခွန်းများကို တင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကွင်းဆင်းစစ်ဆေးပြီး ချက်ချင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ရေရှည်ဆောင်ရွက်ပေးရမည့်အခြေအနေများနှင့် စိစစ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ ခန်းမအတွင်းနှင့် ခန်းမပြင်ပတို့မှ မေးခွန်းတင်ပြမေးမြန်းလိုသူ ၄၄ ဦးအနက် မဲပေါက်သူ ၆ ဦးဖြစ်သည့် မိုးကြိုးပစ်ကျေးရွာမှ ဦးစိုင်းကျော်အေးက ပြင်ဦးလွင်မြို့နယ်တွင် ယူကလစ်ပင်များစိုက်ပျိုးသည့်အတွက် ရေအရင်းအမြစ်များ ဆုံးရှုံးနေသည့်ကိစ္စ ဖြေရှင်းပေးရေး၊ ပြင်ဦးလွင်မြို့နယ် ပင်လိန်ကျေးရွာမှ ဦးသီဟစိုးက မြေစစ်မူဝါဒ၊ လယ်ယာမြေဥပဒေပါပြဋ္ဌာန်းချက်အချို့နှင့် မြေလွတ်၊ မြေရိုင်းစီမံခန့်ခွဲမှုကို ရှင်းလင်းစွာသိရှိအောင် ဖြေရှင်းဆောင်ရွက်ပေးရေး၊ ဇီးပင်ကြီးကျေးရွာမှ ဒေါ်မေရီက သိမ်းဆည်းခံလယ်ယာမြေများ မူလတောင်သူများ လက်ဝယ်ပြန်လည်ရရှိရေး၊ တောင်ကျွန်းကျေးရွာမှ ဒေါ်ညွန့်ရီက ကော်ဖီစိုက်ပျိုးရန်အတွက် မြေယာများ သိမ်းဆည်းခဲ့သော်လည်း လုပ်ငန်းဆောင်ရွက်ခြင်း မရှိ၍ ဒေသခံတောင်သူများသို့ ပြန်လည်လုပ်ကိုင်ခွင့်ပြုရေး၊ ပြင်ဦးလွင်မြို့နယ် တိုးကြီးကုန်းစံပြကျေးရွာမှ ဦးအမုန်းက သစ်တောဦးစီးဌာနမှ ကျေးရွာမြေအဖြစ် ပလပ်ပေးခဲ့သော မြေများအား ကျေးရွာမြေအဖြစ် အသုံးချခွင့်ရရှိရေးနှင့် ပြင်ဦးလွင်မြို့နယ် ပေပင်ကျေးရွာမှ ဦးစံရွှေက ကျေးရွာတွင် နေထိုင်သူလူဦးရေ တိုးတက်လာသည့်အတွက် ကျေးရွာမြေတိုးချဲ့ပေးရေး မေးခွန်းများကို မေးမြန်းတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ကိစ္စတစ်ခုချင်းစီအလိုက် သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည့်အခြေအနေနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### တိုင်စာဌာနရှိ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ကိုယ်မဲမပေါက်ရင် မပေါက်သလိုပဲ နေတတ်ရမယ်။ ပေါက်တဲ့သူတွေကလည်း သူတို့ အခွင့်အရေးအရ၊ သူတို့ ကံအရ မေးနိုင်တယ်။ ဒါပေမယ့် ကိုယ်က မဲမပေါက်လည်း အပြည့်အဝ တိုင်ခွင့်ပေးထားတယ်။ တိုင်စာဌာနရှိတယ်။ ကိုယ်တိုင်ချင်တဲ့ကိစ္စ၊ ကိုယ်ပြောချင်တဲ့ကိစ္စကို ရေးချင်သလောက်ရေးပြီး တိုင်လို့ရပါတယ်။ အသေးစိတ်ရေးပြီး ဘယ်လို အခြေအနေရှိတယ်ဆိုတာ တင်ပြလို့ရပါတယ်။ ဒီမှာမေးချင်တဲ့သူအားလုံး ၃၈ ယောက်မှာ ၃၈ ယောက်လုံးသာ မေးခွင့်ပေးမယ်ဆိုရင် ဒီအစည်းအဝေးဟာ ဘယ်လောက်ကြာကြာလုပ်ရမလဲဆိုတာ စဉ်းစားကြည့်ပါ။

### မှန်မှန်ကန်ကန်နဲ့ ရှေ့လမ်းကို ဆက်သွားနိုင်

ကျွန်မတို့က အလုပ်ဖြစ်အောင် လုပ်ရတာဖြစ်ပါတယ်။ ဒါကြောင့် အခွင့်အရေးရှိသလို တာဝန်လည်းရှိတယ် ဆိုတာကို ပြောတာပါ။ ကျွန်မတို့ရဲ့ ပြည်သူတွေဟာ အားလုံး ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်မှသာလျှင် ကျွန်မတို့နိုင်ငံဟာ မှန်မှန်ကန်ကန်နဲ့ ရှေ့လမ်းကို ဆက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလို မှန်မှန်ကန်ကန်နဲ့ တင်ပြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒါတွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ပြင်ဦးလွင်လောက် မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး ပြောတဲ့ ပြည်သူတွေ ပြင်ဦးလွင်မှာပဲ တွေ့ဖူးတယ်။

### အမြန်ဆုံးဖြေရှင်းဖို့ ကြိုးစား

တခြားအရာတွေ ပြည့်စုံနေလို့ ဒီမြေယာကိစ္စပဲ ကျန်တာလား၊ ဒါမှမဟုတ် ဒီမြေယာကိစ္စကပဲ အထူးရှုပ်ထွေးလို့လားမသိပါဘူး။ ဒီကိစ္စကိုလည်း ကျွန်မတို့ မန္တလေးတိုင်းဒေသကြီးအစိုးရနဲ့ ဆွေးနွေးပါမယ်။ ဘာဖြစ်လို့ ပြင်ဦးလွင်မှာ မြေပိုင်ဆိုင်မှုကိစ္စတွေ ဒီလောက်ရှုပ်ထွေးနေသလဲ၊ ဘာဖြစ်လို့ ဒီကိစ္စတွေ ရှင်းလင်းဖို့ကို အခက်အခဲတွေ ရှိနေသလဲဆိုတာ ကျွန်မတို့ ဆွေးနွေးပြီး အမြန်ဆုံးဖြေရှင်းဖို့ ကြိုးစားပါ့မယ်လို့ ကျွန်မပြောချင်ပါတယ်။

### နိုင်ငံရေးမှာ စိတ်ဝင်စားဖို့

နိဂုံးချုပ်အနေနဲ့ ဒီလို စိတ်ဝင်တစားနဲ့ တွေ့ဆုံပွဲကို တက်ရောက်တဲ့ ပြည်သူတွေကို ကျေးဇူးတင်တယ်လို့ ကျွန်မပြောချင်ပါတယ်။ ကျွန်မတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် သဘောထားချင်းတိုက်ဆိုင်ချင်မှ တိုက်ဆိုင်လိမ့်မယ်။ သို့သော်လည်း ကျွန်မတို့ နိုင်ငံအတွက် အရေးကြီးတာဟာ ပြည်သူလူထုဟာ နိုင်ငံရေးမှာ စိတ်ဝင်စားဖို့ပါပဲ။ နိုင်ငံရေးဆိုတာ ကျွန်မတို့က ပါတီနိုင်ငံရေးကို ပြောတာမဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ နိုင်ငံ့အရေးကို ပြောတာပါ။ နိုင်ငံနဲ့ သက်ဆိုင်တဲ့ကိစ္စတွေ၊ အဲဒီအထဲမှာ ပါတီနိုင်ငံရေးလည်း ပါတယ်။ အစိုးရအရေးလည်း ပါတယ်။ အများကြီးပါပါတယ်။

### တကယ့်ကိုရင့်ကျက်တဲ့ နိုင်ငံကြီးသား

ကိုယ့်တစ်ယောက်တည်း၊ ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝန်းသေးသေးလေးသာမက ကိုယ့်တစ်နိုင်ငံလုံးနဲ့ ပတ်သက်တဲ့ကိစ္စတွေကို စိတ်ဝင်စားမှုရှိမှ ကျွန်မတို့ ပြည်သူတွေဟာ တကယ့်ကိုရင့်ကျက်တဲ့ နိုင်ငံကြီးသားတွေလို့ ပြောလို့ရမှာ ဖြစ်ပါတယ်။ နိုင်ငံကြီးသားဆိုတာ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ အတွေးအခေါ် ဘယ်လောက် မြင့်မားတယ်၊ ရင့်ကျက်တယ်ဆိုတဲ့အပေါ်မှာ တည်ပါတယ်။

ဒါ့ကြောင့် ကျွန်မတို့ ပြည်သူ ပြည်သားတွေဟာ နိုင်ငံကြီးသားစိတ်ဓာတ်နဲ့ ကိုယ့်နိုင်ငံနဲ့ ပတ်သက်တဲ့အရာတွေကို စိတ်ပါဝင်စားတယ်ဆိုတာ ကျွန်မတို့အတွက် အားတက်စရာပဲ ဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း စိတ်ပါဝင်စားမှုရှိပါ။ ဆက်ပြီးတော့လည်း ကိုယ့်နိုင်ငံရဲ့ အရေးတွေကို နားလည်အောင်၊ ကျွမ်းကျင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းရင်း ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်”ဟု ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသားတိုင်းရင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### လှည့်လည်ကြည့်ရှုလေ့လာ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ပြီး သစ်ပင်ပန်းမန်ပြကွက်၊ ပန်းအလှပြကွက်နှင့် သဘာဝငှက်ဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

### စနစ်တကျ ပြုစုပျိုးထောင်

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အစိုးရဧည့်ဂေဟာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ပြည်သူများ အများဆုံးတွေ့ကြုံခံစားနေရသည့် သိမ်းဆည်းမြေယာကိစ္စနှင့် သောက်သုံးရေ ရရှိရေးကိစ္စများကို အမြန်ဆုံးဦးစားပေး ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောများ ပြုန်းတီးမှုကြောင့် ရာသီဥတု ပြောင်းလဲမှုများ၊ မိုးရွာသွန်းမှုနှင့် မိုးရေချိန်လျော့နည်းမှုများကို ခံစားနေကြရသည့်အတွက် မြို့နယ်အတွင်း သစ်တောများ ပြန်လည်ရှင်သန်ဖြစ်ထွန်းလာအောင် သစ်ပင်များ စနစ်တကျ ပြုစုပျိုးထောင်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုတက်ရေး ဆောင်ရွက်နေမှုများ၊ လိုအပ်ချက်နှင့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ပြင်ဦးလွင်မြို့၌ ညအိပ်ရပ်နားကြသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၈၀ ခု အတွက် ဆန္ဒမဲလက်မှတ် ၅ စောင် သတ်မှတ်ပြီး နမူနာပုံစံများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

## ဝန်ထမ်းအဖွဲ့ (၈)ဖွဲ့ ကြိုတင်ဖွဲ့စည်းထား

အဆိုပါ ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအတွက် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့် ပြည်ထောင်စုလွှတ်တော်နာယကအား အထောက်အကူပြုရန်အတွက် လွှတ်တော်ရုံး ဝန်ထမ်းအဖွဲ့ (၈) ဖွဲ့ကို ကြိုတင်ဖွဲ့စည်းထားပြီး တစ်ဦးချင်းအလိုက် တာဝန်များလည်း သတ်မှတ်ထားပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရှင်းလင်းစွာ ဆန္ဒမဲပေးနိုင်ရန်အတွက်လည်း အစည်းအဝေးခန်းမအတွင်း ထိုင်ခုံနေရာချထားမှု အကန့်အလိုက် နေရာသတ်မှတ်ဆောင်ရွက်ထားရှိပါကြောင်း၊ မိမိ၏ ဘယ်ဘက်အစွန်အကန့်ကို အကန့်(၁)အဖြစ် သတ်မှတ်ထားပြီး အစဉ်အလိုက် အကန့်(၂)၊ အကန့်(၃)နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက အကန့်(၄)ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးရန် ဖိတ်ခေါ်သည့်အခါတွင် အကန့် (၁)နှင့် အကန့်(၂)တွင်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ညာဘက်ခြမ်းနှင့် အကန့်(၃)နှင့် အကန့်(၄)တွင်ရှိသည့် ကိုယ်စားလှယ်များက မိမိတို့၏ဘယ်ဘက်ခြမ်းမှ ထွက်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်နေရာများတွင် တစ်ဦးချင်းလက်မှတ်ရေးထိုးပြီး ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်း၊ လျှို့ဝှက်ဆန္ဒပြုခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

## မှတ်တမ်းထားရှိမည်

ဆန္ဒပြုသည့်နေရာတွင် အသုံးပြုရန်အတွက် မင်အပြာရောင်ဘောပင်များလည်း ထားရှိပေးထားပါကြောင်း၊ လျှို့ဝှက်ဆန္ဒပြုပြီးပါက ဆန္ဒမဲလက်မှတ်များကို ခေါက်ချိုးချိုးပြီး မိမိရှေ့တွင်ရှိသည့် သင့်လျော်ရာမဲပုံးတစ်ခုခုအတွင်းသို့ ကိုယ်တိုင်ထည့်ကြရန် ဖြစ်ပါကြောင်း၊ ဆန္ဒမဲများရေတွက်ခြင်းကို လွှတ်တော်ရုံးအဖွဲ့က ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အနီးကပ်လာရောက်စောင့်ကြည့်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားသည့်နေရာတွင်ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုရန်နေရာတွင် ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံပါက အမှန် အမှတ်အသား၊ ကန့်ကွက်ပါက ကြက်ခြေအမှတ်အသားကို မင်ဖြင့်ပြုရမည်ဖြစ်ပါကြောင်း၊ ဆန္ဒမဲလက်မှတ်အပေါ်တွင် မှားယွင်းဆန္ဒပြုခြင်း၊ မှားယွင်းရေးသားမိခြင်းရှိပါက ယင်းဆန္ဒမဲလက်မှတ်ကို လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် မိမိရှေ့မှောက်တွင် ဖျက်ဆီးပြီး ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ပေးရန် တောင်းခံနိုင်ပါကြောင်း၊ ဖျက်ဆီးသည့်မဲလက်မှတ်အရေအတွက်ကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က နာယကထံတင်ပြအတည်ပြုချက်ရယူပြီး မှတ်တမ်းထားရှိမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။ သတင်းစဉ်



သက်ဆိုင်ရာ တာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင်ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် အခြေအနေကို စစ်ဆေးရေတွက်စဉ်။ သတင်းစဉ်

ဆက်လက်၍ ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်နိုင်သည့် ဆန္ဒမဲလက်မှတ်များနှင့် ပုဒ်မ၊ ပုဒ်မခွဲများကို ရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း၊ LED ဘုတ်တွင်လည်း ပြသထားပါကြောင်း၊ ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင်ထားခဲ့သော ဆန္ဒမဲလက်မှတ်၊ ပြည်ထောင်စုလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်၊ အတုပြုလုပ်ထားသည့် ဆန္ဒမဲလက်မှတ်၊ အမှန် အမှတ်အသားနှင့် ကြက်ခြေအမှတ်အသားများမှအပ အခြားအမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်နှင့် ပုဒ်မ၊ ပုဒ်မခွဲများ၊ ဆန္ဒပြုထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်နှင့် ပုဒ်မ၊ ပုဒ်မခွဲများတို့ဖြစ်ပါကြောင်း။

## ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံရမည်

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က) နှင့် (ခ)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲများကို ပြင်ဆင်နိုင်ရန်အတွက်ဆိုပါက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ကထောက်ခံရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦး၏ ၇၅ ရာခိုင်နှုန်းသည် ၄၉၀ ဒသမ ၅ ဦး ဖြစ်သည့်အတွက် အနည်းဆုံး ထောက်ခံဆန္ဒမဲ ၄၉၁ မဲ ရရှိမှသာ ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၁)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး က အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ညွှန်ကြားရေးမှူးချုပ် ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၆၈၀ ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်သည့်ကိုယ်စားလှယ် ၆၃၃ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၄၇ စောင်ကို မိမိထံတွင်ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့ (၄)ဖွဲ့ တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ဆက်လက်၍ ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်း (၄)ဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှုအင်အားအတိုင်း ခွဲဝေပေးသည်။

## ဆန္ဒမဲပေး

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆက်လက်၍ ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ တာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် အခြေအနေကို စစ်ဆေးရေတွက်သည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် ၆၃၃ စောင်ဖြစ်ပြီး၊ ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၃၃ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဆန္ဒပေးမှုအထမြောက်ကြောင်း ကြေညာသည်။

## ကြီးကြပ်ဆောင်ရွက်စောင့်ကြည့်

ထို့နောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ (၈)ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်းရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်အဖွဲ့နေရာများ၌ ကြီးကြပ်ဆောင်ရွက် စောင့်ကြည့်ကြသည်။

ယင်းနောက် အဖွဲ့(၈)ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှုပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ ရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ်(၅)ဦး ပါဝင်သည့်အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲ အရေအတွက် ရာခိုင်နှုန်း တွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ဥပဒေမူကြမ်းပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းကျော်ရ၊ မရ ကို စိစစ်ကြေညာရာတွင် ပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)တွင် အကျုံးဝင်သည့် ပုဒ်မ ၅ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၂၃၆ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း၊ ပုဒ်မ ၆ ပုဒ်မခွဲ(ဃ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၆ ပုဒ်မခွဲ(စ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၀ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၇ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၈ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၁၄ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၁ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၃ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၂၆ ပုဒ်မခွဲ(က) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၉၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၃၂ ပုဒ်မခွဲ(က) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၅၈၄ မဲဖြစ်ပြီး ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံသည့်အတွက် ပြင်ဆင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပုဒ်မ ၃၂ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၅၈၆ မဲဖြစ်ပြီး ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံသည့်အတွက် ပြင်ဆင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဒ်မ ၃၉ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၀ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၀၂ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၀ ပုဒ်မခွဲ(ဂ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၃၄၃ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း ကြေညာသည်။

## ဆက်လက်ဆောင်ရွက်မည်

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ်(၁)နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းအစီအစဉ် ပြီးဆုံးပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆန္ဒမဲလက်မှတ် (၂)နှင့် စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို မတ် ၁၁ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်၊ အေးအေးသန့်၊ ဓာတ်ပုံ-ထန်းဖုန်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၀ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၇ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ စိန်းနန်းကျေးရွာနေ ဒေါ်ဝိုင်းခင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၃-၂၀၂၀ ရက်နေ့တွင် တန့်ဆည်မြို့နယ်၊ စိန်းနန်းကျေးရွာနေ ဒေါ်ဝိုင်းခင်(၄၈)နှစ်၊ (ဘ) ဦးလူဟိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တန့်ဆည်) မယ(ပ)၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အနောက်ခုံသာရွာနေ စောညွှန့်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၃-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ အနောက်ခုံသာကျေးရွာနေ စောညွှန့်ဝင်း (ခ) ညိုပု(၄၀)နှစ်၊ (ဘ)ဦးထွန်းရီ၏ ယာတဲအား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး)မယ(ပ)၂၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ မြင့်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၃-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ မြင့်ဝင်း(၃၆)နှစ်၊ (ဘ) ဦးဖဲငွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၂၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာ(၁)(၂)(၃)(၄)(၅) လမ်း တို့တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၅)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။၆-၃-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ အနော်ရထာလမ်းမပေါ်၌ ဆိုင်ကယ်(၁)စီးနှင့်အတူ တွေ့ရှိသည့် ပိတောက်ရွှေဝါရပ်ကွက်နေ ဇော်မိုးလွင်(ခ)မိုးငယ် (၄၅)နှစ်၊ (ဘ)ဦးကြည်အေးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ) ၃၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၎င်းနေရာ၌ တွေ့ရှိသည့် အောင်သုခရပ်ကွက်နေ မင်းသူ(ခ) သက်ပိုင်စိုး(၃၂)နှစ်၊ (ဘ) ဦးမင်းဒင်အား ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း)မယ(ပ)၃၇/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၂) ရပ်ကွက်နေ အက်စမာဘီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၃-၂၀၂၀ ရက်နေ့တွင် တောင်ငူမြို့၊ အမှတ်(၂)ရပ်ကွက်နေ အက်စမာဘီ(ခ)မာလာထွန်း(၂၈)နှစ်၊ (ဘ)ဦးထွန်းထွန်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ မောင်ဖြစ်သူ အီဗရာဟင်(ခ) စိုင်းဇော်ထွန်း (၁၉)နှစ်၊ နေနိုင်ဦး(၁၇)နှစ်၊ (ဘ)ဦးစံဖေ၊ ဘိုဘိုသက်ကို (၂၄)နှစ်၊ (ဘ) ဦးစံလွင်တို့(၄)ဦးတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂) (တောင်ငူ)မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်တန်းစခန်းတောနေ ဦးညိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း ထပ်မံသတင်းပေးပို့ခြင်း။ | ၅-၃-၂၀၂၀ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ ကျောက်တန်းစခန်းတောနေ ဦးညို(၇၁)နှစ်၊ (ဘ)ဦးချစ်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း)မယ(ပ) ၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအတွင်း မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသုံးစွဲမှုများ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၃)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၄)ဦး၊ မ(၂)ဦး၊ ပေါင်း(၆)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၇-၃-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာ နီကယ်ဆိပ်ကမ်းနေ ဖိုးဝေ(ခ)ဝေမင်းထွန်း(၃၀) နှစ်၊ (ဘ)ဦးကျော်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း) မယ(ပ)၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာနေ ပြုံးချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၃-၂၀၂၀ ရက်နေ့တွင် သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာနေ ပြုံးချို(၅၄)နှစ်၊(ဘ)ဦးခွေးပု၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ယင်းမာပင်) မယ (ပ) ၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ပေါလောကျွန်းကျေးရွာနေ ထွန်းမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၃-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ဒေါင်းဇရပ်မီးပွိုင့်အနီး၌ ကျိုက်မရောမြို့နယ်၊ ပေါလောကျွန်းကျေးရွာနေ ထွန်းမြင့်(၃၉)နှစ်၊(ဘ)ဦးထိန်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပွန်) မယ(ပ)၁၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(ဂ)ရပ်ကွက်နေ ရှမ်းလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၃-၂၀၂၀ ရက်နေ့တွင် သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (ဂ) ရပ်ကွက်နေ ရှမ်းလေး(ခ)ကျော်မြင့်(၃၈)နှစ်၊ (ဘ) ဦးကျော်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သုဝဏ္ဏ)မယ(ပ) ၁၃/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်နေ သုခစိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၃-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄) ရပ်ကွက်၊ ခရေလမ်းနှင့်(B-11) လမ်းထိပ်လမ်းမတွင် ၎င်းရပ်ကွက်နေ သုခစိုး(၁၉)နှစ်၊ (ဘ)ဦးကျော်လင်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံဆိပ်ကမ်း) မယ(ပ)၁၄/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်နေ မင်းတိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၃-၂၀၂၀ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဝေဇယန္တာလမ်းမပေါ်၌ မီးရထားဝန်ထမ်းလိုင်းနေ အေးမင်းထွန်း(ခ)အေးမင်း(၃၂)နှစ်၊ (ဘ) ဦးမောင်အုန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိပြီး (၉)ရပ်ကွက်နေ မင်းတိုး(၄၅) နှစ်၊ (ဘ) ဦးလှရှင်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့ (၂)ဦးအား မမစ (မရမ်းကုန်း) မယ(ပ)၆/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၂(ခ)/၂၁ ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၆-၃-၂၀၂၀ ရက်နေ့တွင် မင်းတိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ရာဇာဖြိုးဦး(၂၇)နှစ်၊ (ဘ)ဦးသိန်းနိုင်ဦးတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(မရမ်းကုန်း) မယ(ပ) ၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်(တောင်ပိုင်း) ၊တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေ မောင်ဦးနှင့် ဖိုးငိုတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၃-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာနေမောင်ဦး(၄၄)နှစ်၊(ဘ)ဦးမောင်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်) မယ(ပ)၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ ဖိုးငို(ခ)အောင်ကိုဦး(၂၈)နှစ်၊ (ဘ)ဦးမျိုးနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်) မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၇-၃-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၀၁၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၃၀၈)ဦး၊ မ(၂၅၆)ဦး၊ ပေါင်း(၁၅၆၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၆၇၃.၃၉၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၅၂.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၅၀၇၁၀၉)ပြား၊ ဆေးခြောက်(၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၅၅.၄၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များ ကို နိုင်ငံတော်သမ္မတရုံး၏ “မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန” အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၃၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၃၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၀**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ငွေတိုက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အတွင်း ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဘဏ်၏ ဝင်ငွေရရှိမှုများ၊ e-Government လုပ်ငန်းဆောင်ရွက်မှုနှင့် National Payment Switch ဆောင်ရွက်မှု၊ ဖြေလျှော့ဆောင်ရွက်ပေးနေမှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သွက်လက်ချောမွေ့စွာ ဝန်ဆောင်မှုပေးရေး၊ ငွေကြေးအလွဲသုံးစားမှု မရှိစေရေး၊ ဘဏ်၏ ဝင်ငွေတိုးမြှင့်ရရှိရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်ရေး၊ ငွေကြေးကိုင်တွယ်သုံးစွဲသည့် အလေ့အကျင့်မှ Cashless Society ဖြစ်အောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြရေး၊ ဘဏ်တွင်း၌ Productive မဖြစ်သည့် အပ်ငွေများ စုဆောင်းထားရှိနေခြင်းအစား ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုကို အားပေးသည့် စုဆောင်းငွေများ ဖြစ်စေရေး၊ ဘဏ်ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး၊ လုပ်ငန်းခွင်သင်တန်းများ စဉ်ဆက်မပြတ် ပို့ချဆောင်ရွက်ရေးနှင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် ပိုမိုအားထုတ် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

**သတင်းစဉ်**




# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

၁၀-၃-၂၀၂၀ ရက်နေ့၊ ည ၈:၀၀ နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ်တွင် နေထိုင်သော အသက် (၂၇)နှစ်အရွယ် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးသည် ထိုင်းနိုင်ငံမှ (၉-၃-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ရှားတောမြို့ နယ်စပ်ဝင်ထွက်ဂိတ်တွင် အဖျား စစ်ဆေးချိန်တွင် ကိုယ်အပူချိန် မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် လူနာအား စစ်ဆေးခဲ့ရာ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း ရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်းသိရှိရပြီး လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်တွင် နေထိုင်သော အသက် (၃၄) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၀-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး (၁-၃-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ဗိုက်အောင့် ခြင်းဝေဒနာများ စတင်ခံစားခဲ့ရသဖြင့် (၁၀-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၌ လတ်တလော ပြင်းထန်အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိရပါ။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် နေထိုင်သော အသက် (၂၆)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် (၇-၃-၂၀၂၀) ရက်နေ့မှစတင်၍ အပြင်းဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ တက်ခြင်း၊ အသက်ရှုခက်ခဲခြင်း ဝေဒနာများခံစားခဲ့ရသဖြင့် (၈-၃-၂၀၂၀) ရက်နေ့တွင် အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးသို့ တက်ရောက်ကုသမှုခံယူ လျက်ရှိပါသည်။ ၎င်းမှာ လွန်ခဲ့သော (၁၄) ရက်အတွင်း ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသော ဒေသများသို့ ခရီးသွားရာဇဝင်မရှိသော်လည်း ပြင်းထန်အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သော အသက် (၁၇) နှစ် အရွယ် အမျိုးသမီးတစ်ဦးသည် (၁-၃-၂၀၂၀) ရက်နေ့မှစတင်၍ အပြင်းဖျားခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများ ခံစားခဲ့ရသဖြင့် (၇-၃-၂၀၂၀) ရက်နေ့တွင် အင်းစိန်အထွေထွေ ရောဂါ ကုဆေးရုံကြီးသို့ တက်ရောက်ကုသမှုခံယူလျက်ရှိပါသည်။ ၎င်းမှာ လွန်ခဲ့သော (၁၄) ရက်အတွင်း ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသောဒေသများသို့ ခရီးသွား ရာဇဝင်မရှိသော်လည်း ရင်ဘတ်ဓာတ်မှန်တွင် ပြင်းထန်အသက်ရှုလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများ တွေ့ရှိရသဖြင့် (၁၀-၃-၂၀၂၀) ရက်နေ့တွင် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိကုသမှု ပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

၃။ (၁၀-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) ၏ ပြန်ကြားချက်အရ သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော -

(က) မကွေးအထွေထွေရောဂါကုဆေးရုံကြီးတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင်နေထိုင်သည့် အသက် (၁) နှစ်၊ (၂)လအရွယ် ကလေး (ကျား) တစ်ဦး၊

(ခ) ကန်တော်နဒီဆေးရုံတွင်စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်တွင် နေထိုင်သည့် အသက် (၃၂) နှစ် အရွယ် အမျိုးသမီးတစ်ဦးနှင့်

(ဂ) ဝေဘာဂီ အထူးကုဆေးရုံတွင် စောင့်ကြည့်လူနာအဖြစ် ကုသမှုခံယူနေသော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တွင် နေထိုင်သည့် အသက် (၃၄) နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး၊ စုစုပေါင်း (၃) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ် ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၄။ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ (၈-၃-၂၀၂၀) ရက်နေ့နှင့် (၉-၃-၂၀၂၀) ရက်နေ့များတွင် ရောက်ရှိလာပြီး ရောဂါဖြစ်ပွားမှု မြင့်မားလျက်ရှိသော ကိုရီးယားသမ္မတနိုင်ငံ၊ ဒယ်ဂူးမြို့တွင် နေထိုင်သွားရောက်ခဲ့သည့် ခရီးသွားရာဇဝင်ရှိသဖြင့် (၁၄) ရက်တာကာလ အသွားအလာကန့်သတ်ခြင်း (Hospital Quarantine) ပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသည့် မြန်မာနိုင်ငံသား (၁၅)ဦး၏ ဓာတ်ခွဲနမူနာများအားရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးခဲ့ရာ ၎င်းတို့အားလုံး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုး မရှိပါကြောင်း စစ်ဆေးသိရှိရပါသည်။

၅။ ယနေ့ (၁၀-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ လူနာ (၇) ဦးအား သက်ဆိုင်ရာ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေး လျက်ရှိပါသည်။

၆။ (၁၀-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၀၅) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

၇။ COVID-19 ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများ၊ ရောဂါကူးစက်ပြန့်ပွားမှုများပြားရာ နေရာဒေသမှ ပြည်တွင်းသို့ရောက်ရှိခဲ့သူများနှင့် သံသယရောဂါလက္ခဏာဖြစ်ပွားလာသူများ အနေဖြင့် အနီးဆုံးကျန်းမာရေးဌာနသို့ မဖြစ်မနေသတင်းပေးပို့ကြပါရန်၊ သံသယရောဂါလက္ခဏာဖြစ်ပွားသူများကို တွေ့ရှိပါက ပြည်သူများအနေဖြင့်လည်း အနီးဆုံးကျန်းမာရေးဌာနထံသို့ သတင်းပေးပို့ပါရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) လုပ်ငန်းဆောင်ရွက်မှုများတွင်ပါဝင်ကြပါရန် ထပ်မံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ရွှေစာရံဘုရားပွဲတော်အား COVID-19 ရောဂါအခြေအနေကြောင့် တပေါင်းလပြည့်ကျော် ၅ ရက်တွင် ပိတ်သိမ်းမည်

**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးရှိ ရွှေစာရံဘုရားပွဲတော်ကြီးကို နှစ်စဉ် တပေါင်းလပြည့်မှ လပြည့်ကျော် ၉ ရက်အထိ ကျင်းပလျက်ရှိရာ လတ်တလော ဖြစ်ပွားနေသော COVID-19 ဗိုင်းရပ်စ် ရောဂါကြောင့် တပေါင်းလပြည့်ကျော် ၅ ရက်တွင် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရွှေစာရံဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပြေငြိမ်းက ပြောသည်။

"ပုသိမ်ကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားချက်နဲ့အညီ ပိတ်သိမ်းလိုက်တာပါ။ ပွဲတော်ကို အစဉ်အလာမပျက် ကျင်းပခွင့်ပြုခဲ့ပေမယ့် လတ်တလော ဖြစ်ပွားနေတဲ့ COVID-19 ဗိုင်းရပ်စ်ရောဂါ အခြေအနေကြောင့် တပေါင်း လပြည့်ကျော် ၅ ရက်မှာ ပိတ်သိမ်းသွားမှာပါ" ဟု ရွှေစာရံဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးပြေငြိမ်းက ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

## ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Metocean Survey လုပ်ငန်းများ ဆောင်ရွက်မည်

**နေပြည်တော် မတ် ၁၀**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Metocean Survey လုပ်ငန်းများကို MV. PACIFIC PATRIOT (Call Sign: 9VCT8) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၁၄ ရက်မှ ဇွန် ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Metocean Survey လုပ်ငန်းများကို Point Deep Site 1 (Current mooring) တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၆ မိနစ် ၃၉ ဒသမ ၇၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၃၀ ဒသမ ၅၆၁ စက္ကန့်၊ Deep Site 1 (DWR mooring) တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၅ မိနစ် ၃၇ ဒသမ ၉၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၀၆ ဒသမ ၂၅၃ စက္ကန့်၊ Mid-Shallow Site 2 (Wave Scan mooring) တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၇ မိနစ် ၁၄ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၀ ဒသမ ၄ စက္ကန့်၊ Mid-Shallow Site 2 (Current meter) တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၇ မိနစ် ၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၀ ဒသမ ၄ စက္ကန့်၊ Shallow Site 3 (Current meter) တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ် ၃၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၃ မိနစ် ၅၁ စက္ကန့်၊ Rise Site 4 (Current meter) တွင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၁ မိနစ် ၂၉ ဒသမ ၁၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၆ မိနစ် ၃၇ ဒသမ ၈၇၃ စက္ကန့်၊ Slope Site 5 (Current meter) တွင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၁ မိနစ် ၃၇ ဒသမ ၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀ မိနစ် ၃၃ ဒသမ ၉၃၈ စက္ကန့်တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် မတ် ၁၄ ရက်မှ ဇွန် ၃၀ ရက် အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်း ကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် **(Notice to Mariners)** ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လတ်တလောဖြစ်ပေါ်နေသော COVID-19 ရောဂါရိုက်ခတ်မှုကြောင့် စက်ရုံ/အလုပ်ရုံများတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲပြဿနာများဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် မတ် ၁၀

လတ်တလောဖြစ်ပေါ်နေသော COVID-19 ရောဂါရိုက်ခတ်မှုကြောင့် စက်ရုံ/အလုပ်ရုံများတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲပြဿနာများနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုသတင်းကြောင့် စက်ရုံ၊ အလုပ်ရုံများတွင် ဖြစ်ပေါ် နေသည့် အခက်အခဲ ပြဿနာများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် COVID-19 စတင်ဖြစ်ပွားနေသည့်အချိန်မှစ၍ အလုပ်ရှင်နှင့် အလုပ်သမားများအပေါ် သက်ရောက်နိုင်သည့် အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်နေမှုများ၊ အခြားသောနိုင်ငံများ၏ ဖြစ်ပေါ်နေမှုများကို လေ့လာ၍ ဖြစ်ပေါ်လာနိုင်သည့် အလုပ်ရှင်/အလုပ်သမားနှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နိုင်ရေးကိစ္စများကို လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

အလုပ်သမားများအနေဖြင့် စက်ရုံများပိတ်သိမ်းမည်ကို စိုးရိမ်ကြောင်းနှင့်ပိတ်သည့် အခါတွင် COVID – 19 ကြောင့် မဟုတ်ဘဲနှင့် အဆိုပါရောဂါကို အကြောင်းပြပြီး ပိတ်ခြင်းဖြစ်မည်ကို စိုးရိမ်ပါကြောင်းနှင့် ပိတ်သိမ်းသည့်အခါတွင် ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ ပိတ်သိမ်းသွားမည်ကို စိုးရိမ်ကြောင်း၊ ပိတ်သိမ်းသည့်အခါတွင်လည်း ၎င်းတို့၏ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ရစေလိုကြောင်း၊ ပြန်လည်ဖွင့်လှစ်မည်ဆိုပါက ၎င်းတို့အား အလုပ်ပြန်လည်ခန့်ထားစေလိုကြောင်း စသည့်တောင်းဆိုမှုများရှိကြောင်း၊ အဆိုပါ စိုးရိမ်ပူပန်မှုများကိုလည်း ဝန်ကြီးဌာနအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ တိကျစွာဆောင်ရွက်သွားမည်ဖြစ်ပြီး စာရင်းဇယားကောက်ယူခြင်း အပါအဝင် အသိပေးသင့်သည်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လုပ်ဆောင်မှုအားလုံးကိုလည်း အလုပ်ရှင်များ၊ အလုပ်သမားများနှင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် UMFCCI တို့တွင် ဆွေးနွေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများက စက်ရုံ၊ အလုပ်ရုံများတွင် လက်ရှိဖြစ်ပေါ်နေမှုများနှင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၃၂/ ၂၀၂၀) ကျင်းပ

နေပြည်တော် မတ် ၁၀

**Coronavirus Disease 2019 (COVID–19) ရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၃၂/၂၀၂၀) ကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ကိုရီးယားသမ္မတနိုင်ငံတွင် ဖြစ်ပွားခဲ့သော သာဓကများအရ မြန်မာနိုင်ငံအတွင်း၌ လူစုလူဝေးများဖြင့် ပြုလုပ်ကျင်းပရမည့် ပွဲလမ်းသဘင်များအား အတတ်နိုင်ဆုံး လျှော့ချနိုင်ရေး(သို့မဟုတ်) ဆိုင်းငံ့နိုင်ရေးကို အလေးပေးညှိနှိုင်းဆောင်ရွက်စေလိုကြောင်းနှင့် အကယ်၍ မဖြစ်မနေ ကျင်းပရမည်ဆိုပါကလည်း လူဦးရေအနည်းဆုံးဖြင့်သာ ကျင်းပပြုလုပ်သွားရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြင်ဆင် ဆောင်ရွက်စေလိုကြောင်း။

အီတလီနိုင်ငံတွင် COVID–19 ရောဂါ ဖြစ်ပွား/သေဆုံးမှု ဖြစ်စဉ်များအရ ရောဂါဖြစ်ပွားမှုသည် ရုတ်တရက် မြင့်တက်လာသည်ကို တွေ့ရှိရသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း အလားတူ အခြေအနေမျိုး ဖြစ်ပွားနိုင်သည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

COVID–19 ရောဂါဖြစ်ပွားမှု မြင့်တက်နေသော နိုင်ငံများမှ ခရီးသည်များ မြန်မာနိုင်ငံအတွင်း ဝင်ရောက်မှုကို တင်းကျပ်စွာ စိစစ်၍ ဆောင်ရွက်ရန်နှင့် လေဆိပ်များတွင် ရောဂါရှာဖွေရေး လုပ်ငန်းများကို အရှိန်အဟုန်မလျှော့ဘဲ ဆက်လက်ဆောင်ရွက်စေလိုကြောင်း၊ တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ(Personal Protective Equipment) များ အသုံးပြုရာတွင် စနစ်ကျ ထိရောက်ကာ အလေအလွင့်မရှိစေရန် WHO မှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်အတိုင်း အသုံးပြုကြစေလိုကြောင်း။

တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ဖြေဆိုရန် သတ်မှတ်ထားသော စာစစ်ဌာနများတွင် COVID–19 နှင့် ပတ်သက်သော ကျန်းမာရေးအသိပညာပေး အချက်အလက်များအား လည်းကောင်း၊ လက်သန့်စင်ဆေးရည် (Hand Gel)နှင့် နှာခေါင်းစည်း (Surgical Mask)များ ထားရှိပေးရန်အတွက် လည်းကောင်း သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ ဆေးရုံတွင် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း (Quarantine) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများအား သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများက ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း။

ကျန်းမာရေး ဝန်ထမ်းများ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေး (Infection Prevention and Control – IPC) လုပ်ငန်းလမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်စေလိုကြောင်း၊ COVID–19 ရောဂါသံသယလူနာအား Category C (WHO Case Definition) သတ်မှတ်ဆုံးဖြတ်ရာတွင် လူနာအားတိုက်ရိုက်ကုသပေးသော သက်ဆိုင်ရာ ဆရာဝန်မှ ပထမအဆင့် သတ်မှတ်ဆုံးဖြတ်ပြီး Clinical Management Committee အား သတင်းပေးပို့စေလိုကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်လုံးဝမလျှော့ဘဲ ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID–19 ရောဂါနှင့် ပတ်သက်သည့် Daily Update Situation များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လူနာအသစ်ဖြစ်ပွားမှုနည်းပါးလာသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပနိုင်ငံများ (အီရန်၊ အီတလီ၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ ကိုရီးယားသမ္မတနိုင်ငံ)တွင် လူနာအသစ်ဖြစ်ပွားမှု မြင့်တက်လျက်ရှိသည့် အခြေအနေများ၊ တိုင်းဒေသကြီး / ပြည်နယ်များအတွင်းရှိ ညွှန်းပို့ဆေးရုံကြီးများ (Designated Hospitals) နှင့် အခြားသောဆေးရုံကြီးများရှိ စောင့်ကြည့်လူနာများ၏ အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ ခါတ်ခွဲနမူနာ စစ်ဆေးထားရှိသည့်အခြေအနေများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်/ ရေဆိပ်များ၊ နယ်စပ် ဝင်ပေါက်/ ထွက်ပေါက်ဂိတ်များမှ ဝင်ထွက်သွားလာမှု အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ ရောဂါအစုလိုက် ဖြစ်ပွားပါက ဖြစ်ပေါ်လာနိုင်သော အခက်အခဲများဖြစ်သည့် Logistics အပိုင်းအား ကြိုတင်ပြင်ဆင်ထားရှိရန် ကိစ္စရပ်များ။

တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုအပ်ချက်အတိုင်း ပေးဝေနိုင်ရန် PPE များ ဝယ်ယူရန်အတွက် စီစဉ်ထားရှိသည့် အခြေအနေများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ Social Distancing အား ပြည်သူများ ပိုမိုအလေးထားလိုက်နာစေရန် ဆောင်ရွက်နေမှုများ၊ COVID–19 ရောဂါဖြစ်ပွား/သေဆုံးမှု မြင့်တက်နေသည့် နိုင်ငံများမှ ပြန်လည်ရောက်ရှိလာမည့် မြန်မာနိုင်ငံသားများအတွက် လိုအပ်ပါက Hospital Quarantine ၁၄ ရက် ထားရှိနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြောင်းလဲသတ်မှတ်ခဲ့သည့် ရောဂါအဓိပ္ပာယ် (Case definition)နှင့်အညီ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကုသရေးနှင့် ဓာတ်ခွဲလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်

နေပြည်တော် မတ် ၁၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**



## ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး My Justice အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် MyJustice မှ Team Leader Mr. Ross Clarke နှင့် အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၂၀ – ၂၀၂၄ မဟာဗျူဟာစီမံကိန်းနှင့် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ၂၀၁၉ – ၂၀၂၃ မဟာဗျူဟာစီမံကိန်းဆိုင်ရာ လုပ်ငန်းများတွင် MyJustice မှ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ဥရောပသမဂ္ဂ(EU)၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ဒုတိယပိုင်း MyJustice Programme တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် MyJustice တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အောင်မြင်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး My Justice မှ Team Leader Mr. Ross Clarke နှင့်အဖွဲ့အား တွေ့ဆုံစဉ်။ သတင်းစဉ်

## (၂၅)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အတွင်းရေးမှူးများ အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၀**

(၂၅)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ–UPDJC အတွင်းရေးမှူးများ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပသည်။

အစည်းအဝေးသို့ UPDJC အတွင်းရေးမှူးများဖြစ်ကြသည့် အစိုးရအစုအဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဗိုလ်မှူးချုပ်ရဲရင့်ဝင်း၊ ဦးလှမောင်ရွှေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အစုအဖွဲ့မှ ဗဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးနိုင်ငံလင်း၊ ဦးမြင့်စိုး၊ စိုင်းကျော်ညွန့်၊ တာလှဖေနှင့် ဦးသိန်းထွန်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် UPDJC အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများ အစားထိုးပြောင်းလဲတာဝန်ပေးအပ်သည့်ကိစ္စ၊ (၈)ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ ရှင်းလင်းတင်ပြခြင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ – UPDJC လုပ်ငန်းလမ်းညွှန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ – UPDJC အတွင်းရေးမှူးများ လုပ်ငန်းလမ်းညွှန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေ) လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ အစည်းအဝေးများ ကျင်းပရေးကိစ္စနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အစိုးရအစုအဖွဲ့မှ UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက "ဒီနေ့အစည်းအဝေးက မတ် ၁၂ ရက်မှာ ကျင်းပမယ့် UPDJC အစည်းအဝေးကို တင်ပြမယ့်အချက်တွေကို UPDJC အတွင်းရေးမှူးတွေက ပြုစုပြီး တင်ပြဖို့အတွက် ပြင်ဆင်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဧပြီလအတွင်းမှာ ညီလာခံ လုပ်နိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။

"ဒီနေ့ အဓိကဆွေးနွေးတာကတော့ UPDJC အစည်းအဝေးမှာ တင်ပြရမယ့်အချက်တွေဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ UPDJC အဖွဲ့ဝင်တွေ၊ အတွင်းရေးမှူး အဖွဲ့ဝင်တွေ အစားထိုးပြောင်းလဲတာတွေ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိစ္စရပ်တွေနဲ့ လာမယ့် ညီလာခံအတွက် လိုအပ်တာတွေကို ဆွေးနွေးခဲ့ကြပါတယ်"ဟု ပြောသည်။

(၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ–UPDJC အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် မတ် ၁၂ ရက်တွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပရန် လျာထားကြောင်း သိရသည်။

**သတင်းစဉ်**



(၂၅)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ–UPDJC အတွင်းရေးမှူးများ အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

## မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၀**

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်တွင် အဖွဲ့ပေါင်း ၁၁ ဖွဲ့ရှိပါကြောင်း၊

ယင်းအဖွဲ့များအနက် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာနက Focal Ministry အဖြစ် ပါဝင်ဆောင်ရွက်နေပါကြောင်း၊ မိမိတို့အဖွဲ့ကို အဖွဲ့ဝင် ၁၂ ဦးဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန် ၁၉ ရပ် သတ်မှတ်ထားပါကြောင်း၊ မိမိတို့အဖွဲ့၏ ယခင်နှစ် ဆောင်ရွက်ချက်များကို ကြည့်ပါက အစည်းအဝေး နှစ်ကြိမ်သာ ကျင်းပနိုင်ခဲ့သော်လည်း ၎င်းအစည်းအဝေး နှစ်ခု၏ ဆုံးဖြတ်ချက်များအပြင် အခြား လုပ်သင့်လုပ်ထိုက်သည်များကိုလည်း တတ်နိုင်သမျှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု အစည်းအဝေးတွင် ပညာပေးလှုံ့ဆော်ရေးအဖွဲ့၏ တာဝန် ၁၉ ရပ်ကို ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ဖြစ်သောကြောင့် တက်ရောက်လာသူအားလုံးက မိမိတို့၏ သဘောထားအမြင်၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အကြံပြုပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၏ အတွင်းရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ပညာပေးလှုံ့ဆော်ရေးအဖွဲ့၏ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်နိုင်မှုများနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပညာပေးလှုံ့ဆော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် နည်းလမ်းများအား ဝိုင်းဝန်း အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်သည် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေသည့် ကြီးမားသည့် အန္တရာယ်ကြီးတစ်ခုဖြစ်သဖြင့် ပညာပေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်တစ်ဖွဲ့တည်းက ဆောင်ရွက်မရနိုင်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ နိုင်ငံပိုင်မီဒီယာများ၊ ပုဂ္ဂလိကမီဒီယာများအနေဖြင့် ယခုထက်ပိုမို၍ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ ပညာပေးရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ခေတ်စနစ်နှင့် လျော်ညီသည့် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ Forever Group Co., Ltd. နှင့် ရွှေသံလွင် မီဒီယာတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

*အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသည့် တာဝန်ရှစ်ရပ်ကို ထမ်းဆောင်ရသည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ရပါသည် –*

*(စာတည်းအဖွဲ့)*

# ကော်မတီကို ပြည်သူတွေက တင်ပြလာတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ကိစ္စရပ်တွေကိုလည်း ဖြေရှင်းဆောင်ရွက်ပေးရပါတယ်

ဦးအောင်ကြည်ညွန့် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ

*တွေ့ဆုံမေးမြန်း – ရှင်မင်း၊ ဓာတ်ပုံ–ကေကေ*

## အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဆောင်ရွက်ချက်များ

အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို အမျိုးသားလွှတ်တော် ဥပဒေပုဒ်မ ၂၇ ၊ နည်းဥပဒေ အပိုဒ် ၁၀၆ ၊ ၁၀၇ တို့အရ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၆) ဖြင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် ကော်မတီဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ထားသည့် တာဝန်ရှစ်ရပ်ကို ထမ်းဆောင်ရသည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရသည်။ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ဦးအောင်ကြည်ညွန့် (အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ)



ဒေါက်တာဝင်းမြင့် (အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီအတွင်းရေးမှူး)

**"ကော်မတီအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဆိုတဲ့ ကဏ္ဍသုံးခုနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေကို ဆောင်ရွက်ရပါတယ်။ ကော်မတီမှာ တာဝန်ရှစ်ရပ်ရှိပါတယ်။ ဒီတာဝန်တွေကတော့ ဒေသနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်း မျိုးသန့် မျိုးစေ့တွေ ရရှိရေး၊ စံချိန်စံညွှန်းမီ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနဲ့ အခြား စိုက်ပျိုးရေးဆိုင်ရာ ဓာတုဆေးတွေရရှိရေးနဲ့ စနစ်တကျသုံးစွဲရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်"**

**ဦးအောင်ကြည်ညွန့်**
**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ**
**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကော်မတီအနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဆိုတဲ့ ကဏ္ဍသုံးခုနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေကို ဆောင်ရွက်ရပါတယ်။ ကော်မတီမှာ တာဝန်ရှစ်ရပ်ရှိပါတယ်။ ဒီတာဝန်တွေကတော့ ဒေသနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်း မျိုးသန့် မျိုးစေ့တွေ ရရှိရေး၊ စံချိန်စံညွှန်းမီ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနဲ့ အခြားစိုက်ပျိုးရေးဆိုင်ရာ ဓာတုဆေးတွေ ရရှိရေးနဲ့ စနစ်တကျသုံးစွဲရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။

သဘာဝမြေဩဇာတွေ ပိုမိုသုံးစွဲနိုင်ဖို့၊ အော်ဂဲနစ်မြေဩဇာတွေ ထုတ်လုပ်သုံးစွဲမှု တိုးတက်လာဖို့နဲ့ အော်ဂဲနစ်နည်းပညာ ဖွံ့ဖြိုးလာဖို့အတွက် ကူညီဆောင်ရွက်ပေးရပါတယ်။ ဆန်စပါးအပါအဝင် အရည်အသွေးမြင့် ပြည်ပပို့ကုန်သီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ နိုင်ငံတကာဈေးကွက်နဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိဖို့ကိုလည်း ကူညီပေးရပါတယ်။

စိုက်ပျိုးရေးထွက်ကုန်တွေ တန်ဖိုးမြင့် စက်မှုကုန်ချော ပေါ်ပေါက်လာစေဖို့၊ နည်းပညာဖြန့်ဝေဖို့အတွက် လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ရရှိဖို့အတွက်လည်း ကူညီဆောင်ရွက်ပေးရပါတယ်။ ပြီးတော့ စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းတွေ အကျိုးရှိစွာ အသုံးချနိုင်ရေး၊ ရေလွှမ်းမိုးမှုကနေ ကာကွယ်ရေးနဲ့ ရေအရင်းအမြစ်တွေကို စနစ်တကျ အကျိုးရှိစွာ အသုံးချစီမံခန့်ခွဲရေးကိုလည်း ဆောင်ရွက်ပေးရပါတယ်။ ဒါတွေက စိုက်ပျိုးရေးကဏ္ဍနဲ့ ပတ်သက်တဲ့ တာဝန်တွေပါ။

မွေးမြူရေးကဏ္ဍနဲ့ ရေလုပ်ငန်းနဲ့ ပတ်သက်ပြီး ပြည်တွင်းတိရစ္ဆာန်မွေးမြူရေး၊ ရေလုပ်ငန်းတွေမှာ ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ပြီး ပြည်တွင်းသုံးစွဲမှုဖူလုံရေး သာမက ပြည်ပတင်ပို့မှု မြင့်မားအောင်လည်း ကူညီပေးရပါတယ်။ ပင်လယ်ကမ်းနီး ကမ်းဝေးတွေ မပြုန်းတီးဖို့၊ ပွားများလာဖို့၊ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ငါးဖမ်းလုပ်ငန်းတွေ တိုးတက်လာဖို့အတွက် လိုအပ်တဲ့အရင်းအနှီး၊ နည်းပညာနဲ့ စက်ကိရိယာတွေ ရရှိရေးကိုလည်း ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေနဲ့ ကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။



အမျိုးသား လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့် ရန်ကုန် တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသ ကြီး လွှတ်တော် ကိုယ်စားလှယ် များ တွေ့ဆုံ ဆွေးနွေးစဉ်။

အဓိက တာဝန်တစ်ခုက ဥပဒေပြုရေးနဲ့ ပတ်သက်တာပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဆိုင်ရာဥပဒေတွေကို ခေတ်နဲ့ ညီအောင် ပြင်ဆင်တာ၊ ဖြည့်စွက်တာ၊ ပယ်ဖျက်တာ၊ အသစ်ရေးဆွဲပြဋ္ဌာန်းတာ စတာတွေကို ပြုလုပ်ပြီး ကော်မတီအနေနဲ့ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း၊ အပင်မျိုးသစ်ကာကွယ်ရေးဥပဒေကြမ်း၊ ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်း၊

*စာမျက်နှာ ၁၄ သို့*



အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်။



အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စုံစမ်းမေးမြန်းခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ပြင်ဦးလွင်သို့ ကွင်းဆင်းလေ့လာစဉ်။

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းရည်မြှင့်သင်တန်း ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် မတ် ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စွမ်းရည်မြှင့်သင်တန်း (၃/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဦးစီးဌာန ရုံးချုပ်သင်တန်းကျောင်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခု ဖွင့်လှစ်သည့် စွမ်းရည်မြှင့် သင်တန်းများသည် ယခင်သင်တန်းများနှင့် မတူညီသည်ကို တွေ့ရပါကြောင်း၊ ယခင်သင်တန်းများတွင်



သတင်းရေးသားနည်းသင်တန်း၊ Mobile Journalism ဟုခေါ်သည့် စမတ်ဖုန်းတစ်လုံးဖြင့် ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ခြင်းနှင့် သတင်းရေးသားတည်းဖြတ်ပေးပို့ခြင်း သင်တန်း၊ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းသင်တန်း၊ ရုံးလုပ်ငန်းနှင့် ရုံးစာရေးသားနည်း သင်တန်း၊ စာကြည့်တိုက်ပညာသင်တန်းနှင့် Media and Information Literacy ဟုခေါ်သည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဆိုင်ရာ သင်တန်းစသည်ဖြင့် ဘာသာရပ်တစ်ခုချင်းကို အထူးပြုသင်ကြားပို့ချသည့် သင်တန်းများ ဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် အဆိုပါဘာသာရပ်များအားလုံးပါဝင်ပြီး ရက်သတ္တပတ် ၃ ပတ်ကျော်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

ယခုအခါ လူအများစုမှာ လက်ကိုင်တယ်လီဖုန်းများမှတစ်ဆင့် အွန်လိုင်းမီဒီယာများကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိကြသော်လည်း မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုအားနည်းကြပါကြောင်း၊ ပြည်သူများအကြား စိုးရိမ်ကြောက်ရွံ့စိတ်၊ အချင်းချင်း သံသယစိတ်နှင့် အမုန်းတရားများ လှုံ့ဆော်ပေးသည့် သတင်းတုသတင်းမှားနှင့် ကောလာဟလစသည်တို့သည် အွန်လိုင်းပေါ်တွင် ပျံ့နှံ့လျက်ရှိပါကြောင်း၊ အွန်လိုင်းပေါ်တွင် မတင်သင့်သည်များ၊ ထပ်ဆင့်မမျှဝေသင့်သည်များ၊ ပါဝင်ဆွေးနွေးခြင်းနှင့် သဘောထားမှတ်ချက် မပြုသင့်သည်များကို ခွဲခြားသိရှိ ပိုင်းခြားဝေဖန် ဆန်းစစ်တတ်စေရန်အတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု ပညာရပ်ဘာသာရပ်နှင့် သတင်းရေးသား ထုတ်ပြန်ခြင်း ဘာသာရပ်တို့ကို ယခုသင်တန်း၌ အရေးကြီးသည့် ဘာသာရပ်များအဖြစ် ထည့်သွင်းပို့ချသွားမည် ဖြစ်ပါကြောင်း။

သင်တန်းကို စိတ်ပါဝင်စားစွာဖြင့် တက်ရောက်ပြီး ရရှိသည့် အသိပညာဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်အသုံးချကာ လုပ်ဖော်ကိုင်ဖက်များကိုလည်း မျှဝေပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

ယခုသင်တန်းကို ဧပြီ ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒုတိယဦးစီးမှူးအဆင့်ရှိ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၃ မှ*

မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း စတဲ့ ဥပဒေကြမ်းတွေနဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

ကော်မတီကို ပြည်သူတွေက တင်ပြလာတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေကိုလည်း ဖြေရှင်းဆောင်ရွက်ပေးရပါတယ်။ ပြည်သူတွေက တင်ပြလာတဲ့ စာတွေ၊ အဖွဲ့အစည်းတွေက တင်ပြလာတဲ့ စာတွေနဲ့ ပတ်သက်ပြီးတော့ ကော်မတီက ဖြေရှင်းဆောင်ရွက်တဲ့အခါ ကော်မတီအတွင်း ညှိနှိုင်းအစည်းအဝေးတွေ ကျင်းပပြီး စုဝေးဆွေးနွေးကြပါတယ်။

ဒီလိုတင်ပြလာတဲ့ ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ဖိတ်ကြားညှိနှိုင်းဆွေးနွေးတာ၊ လိုအပ်ရင် နယ်မြေကွင်းဆင်းစစ်ဆေးတာတွေကိုလည်း ဆောင်ရွက်ရပါတယ်။ တိုင်ကြားစာတွေနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ ၁၁ ကြိမ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ နှစ်ကြိမ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့နှစ်ကြိမ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်ရှိသူတွေနဲ့ တစ်ကြိမ်၊ နေပြည်တော် စည်ပင်သာယာရေးက တာဝန်ရှိသူတွေနဲ့ နှစ်ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့နှစ်ကြိမ် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

ပြီးတော့ ပြင်ပအဖွဲ့အစည်းတွေကနေ တင်ပြလာတဲ့ ကိစ္စရပ်တွေလည်း ရှိပါတယ်။ ဒီလို တင်ပြချက်တွေနဲ့ ပတ်သက်ပြီးတော့လည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေကို ဖိတ်ကြား ညှိနှိုင်းဆွေးနွေးတာ၊ လိုအပ်ရင် နယ်မြေ ကွင်းဆင်းစစ်ဆေးတာတွေလည်း ရှိပါတယ်။

ကော်မတီမှာ တာဝန်ထမ်းဆောင်နေတဲ့ သူတွေဟာ လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်တဲ့အတွက် ပြည်သူနဲ့ နိုင်ငံတော် အကျိုးဖြစ်ထွန်းစေမယ့် ကိစ္စရပ်တွေကို လွှတ်တော်မှာ အဆိုတင်သွင်းတာ၊ မေးခွန်းတွေ မေးမြန်းတာနဲ့ ကွင်းဆင်းလေ့လာရမယ့် ကိစ္စရပ်တွေဆိုရင် မဲဆန္ဒနယ်မြေတွေကို ကွင်းဆင်းလေ့လာ စိစစ်တာတွေကိုလည်း ဆောင်ရွက်ရပါတယ်။ ဒါတွေကတော့ ကော်မတီအနေနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်**
**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး**
**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)**
**(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)**

ကျွန်တော်တို့ကော်မတီအနေနဲ့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်တဲ့ ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ၃၉ ကြိမ်၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံမှု (၇) ကြိမ်၊ ပြည်တွင်း အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံမှု (၁၂) ကြိမ်၊ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းအစည်းအဝေးအကြိမ် (၂၀)၊ Debate (၁၂) ကြိမ်၊ အစီရင်ခံစာတင်သွင်းမှု (၃) ကြိမ်၊ ကွင်းဆင်းလေ့လာစိစစ်မှု (၁၅) ကြိမ် ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ ကော်မတီဟာ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ ယူကေအောက်လွှတ်တော်က ဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး စာတမ်းတိုနဲ့ သုတေသနတစ်ခုကို ဆောင်ရွက်တာမျိုးလည်း ရှိပါတယ်။ ယူကေအောက်လွှတ်တော်နဲ့ ပူးပေါင်းပြီးတော့ ၂၀၁၈ ခုနှစ် ဇွန် ၁၀ ရက်ကနေ စက်တင်ဘာ ၁၉ ရက်အထိ ကော်မတီနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဘတ်ဂျက်နဲ့ အဓိကကိစ္စတွေနဲ့ ပတ်သက်တဲ့ စာတမ်းတိုတစ်စောင် ပြုလုပ်ခဲ့တာ ရှိပါတယ်။

ပြီးတော့ လွှတ်တော်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UNDP နဲ့ ပူးပေါင်းပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၄ ရက်က မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတုဓာတ်ကြွင်းတွေကြောင့် ဖြစ်ပေါ်စေတဲ့ ဘေးထွက်ဆိုးကျိုးတွေ လျှော့ချရေးဆိုင်ရာ လေ့လာစိစစ်မှုကို စတင်ပြုလုပ်ခဲ့ပါတယ်။

ကော်မတီကိုယ်စားပြုပြီး ကျွန်တော့်အနေနဲ့ **"မြန်မာနိုင်ငံ၏ ငါးနှင့်ရေလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးနှင့်ရေသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကျေးလက်စီးပွားဖွံ့ဖြိုးပြီး ဆင်းရဲမှုလျှော့ချရေး၊ ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ၊ ပညာပေးလုပ်ငန်းများနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြီးပြည့်စုံသော ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ကြီးတစ်ခု ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်မှာ လွှတ်တော်ကို တင်သွင်းနိုင်ခဲ့ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးခင်မျိုးဝင်းက **"မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ မြန်မာ့ရေသယံဇာတများထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ်ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့်ရေသယံဇာတများကို စိစစ်ရေးဂိတ်များရှိသော ငါးတင်/ချဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ် ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို"** ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၉ ရက်မှာ လွှတ်တော်ကို တင်သွင်းနိုင်ခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းက **"ရှေးအစဉ်အဆက် အသုံးပြုခဲ့သော ကျေးလက်ပြည်သူများ ထိန်းသိမ်းသည့် မိုးရေကန်များ၊ သောက်သုံးရေကန်များ၊ ဆည်ငယ်/တမံငယ်များကို ရေချို မိုးရေစုဆောင်းသိုလှောင်ရန်၊ သောက်သုံးရေ ရရှိရန်၊ မြေအောက်ရေဖြည့်ဆည်းရန် လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးရေ ရရှိရန်၊ သဘာဝ ဂေဟစနစ်မပျက်ရန်အတွက် ကန်တူးပေးခြင်း၊ ကန်ပေါင်ဆယ်ပေးခြင်း၊ ကန်ငယ်/ ဆည်ငယ်/ တမံငယ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် အသစ်တိုးချဲ့ တည်ဆောက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို"** ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၃၁ ရက်က လွှတ်တော်ကို တင်သွင်းနိုင်ခဲ့ပါတယ်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှဆန်းက **"ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့ အကူအညီပေးပြီး GAP စနစ် Good Agriculture Practice နည်းစနစ်ဖြင့် တစ်နိုင်ငံလုံးစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"** ကို ၂၀၁၈ ခုနှစ် မေ ၁၆ ရက်က လွှတ်တော်ကို တင်သွင်းနိုင်ခဲ့ပါတယ်။

ဒါကြောင့် ကော်မတီကို ကိုယ်စားပြုပြီး စုစုပေါင်း အဆိုလေးခုကို တင်သွင်းအောင်မြင်ခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ တိရစ္ဆာန်မွေးမြူရေးနဲ့ ပတ်သက်ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလတွေက အိမ်နီးချင်းနိုင်ငံတွေမှာ အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever ASF) ဖြစ်ချိန်မှာ ပြည်ပထိုင်းနိုင်ငံက မျိုးရိုးနိမ့်ဝက်သားပေါက်တွေ တင်သွင်းမှုနဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ပါတယ်။

ကျွန်တော်တို့ ကော်မတီဥက္ကဋ္ဌကလည်း **နိုင်ငံတော်အတွင်း အစားအသောက် ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ ဥပဒေအရ သတ်မှတ်ထားသည့်အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို** လည်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က မေးမြန်းခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားခဲ့ပြီးတော့ အများပြည်သူ သိရှိနိုင်ဖို့အတွက် ပြန်တမ်းနဲ့ သတင်းစာတွေမှာ ထည့်သွင်းဖော်ပြခဲ့ပါတယ်။

လယ်ယာမြေဥပဒေနဲ့ ပတ်သက်ပြီး မြေနုကျွန်းတွေ ပေါ်ပေါက်တဲ့အခါ နီးစပ်ရာကျေးရွာနေထိုင်သူတွေကို ဝေခြမ်းပေးမယ့်အစား အုပ်ချုပ်ရေးနယ်မြေအပေါ်မှာ ဆုံးဖြတ်ဖို့ ပြင်ဆင်ပေးခဲ့ပါတယ်။ ဒါဟာ မြေနုကျွန်းတွေပေါ်တဲ့အခါ ပဋိပက္ခတွေ မဖြစ်စေတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ အချုပ်အားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူတွေရဲ့ အကျိုးစီးပွားကိုမထိခိုက်စေဘဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးပြင်ဆင်ဖြည့်စွက်နိုင်ခဲ့ပါတယ်။



အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ တာဝန်ရှိသူများ အပြန်အလှန်ဆွေးနွေးပွဲ ကျင်းပစဉ်။

# ကိုရိုနာဗိုင်းရပ်စ် အရေးပေါ်အခြေအနေကြေညာနိုင်ရန် ဥပဒေမူကြမ်းကို ဂျပန်အစိုးရ အတည်ပြု



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အစိုးရအဖွဲ့ဝင်များကို မတ် ၁၀ ရက်က တွေ့ရစဉ်။

**တိုကျို မတ် ၁၀**

ကိုရိုနာဗိုင်းရပ်စ်အသစ်နှင့်ပတ်သက်ပြီး အကယ်၍ လိုအပ်လာပါက ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတော် အရေးပေါ် အခြေအနေကြေညာနိုင်ရန် ဥပဒေမူကြမ်းကို ဂျပန်အစိုးရက အတည်ပြုခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အစိုးရအဖွဲ့အစည်းအဝေးတွင် မတ် ၁၀ ရက်က အတည်ပြုခဲ့သော ဥပဒေမူကြမ်းသည် ရာသီတုပ်ကွေး ပုံစံအသစ်များနှင့် အခြားကူးစက်ရောဂါအသစ်များကို ကိုင်တွယ်ဖြေရှင်းရန် ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေကို ပြင်ဆင်ထားခြင်းဖြစ်သည်။

ပြင်ဆင်ထားသော ဥပဒေမူကြမ်းသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါအသစ်နှင့် ပတ်သက်ပြီး နှစ်နှစ်အထိ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြင်ဆင်ထားသော ဥပဒေမူကြမ်းသည် ဝန်ကြီးချုပ်အား အကယ်၍ ကိုရိုနာဗိုင်းရပ်စ် နိုင်ငံတစ်ဝန်းပျံ့နှံ့ပြီး လူများ၏ အသက်အန္တရာယ်နှင့် စီးပွားရေးကို ထိခိုက်နိုင်ခြေရှိပါက နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာခွင့်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ဥပဒေသက်ရောက်နိုင်မည့် နယ်ပယ်ဒေသနှင့် အချိန်ကိုသတ်မှတ်နိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။ ထိုကဲ့သို့ ကြေညာလိုက်ပါက သက်ဆိုင်ရာ ဒေသအာဏာပိုင်များက မိမိတို့၏ နယ်ပယ်ဒေသများအတွင်း ပြည်သူလူထုကို အိမ်တွင်းနေထိုင်ကြရန် ဆော်သြပေးရမည်ဖြစ်သည်။

ထို့အတူ ကျောင်းများကိုလည်း ပိတ်ရန်နှင့် လူစုလူဝေးလုပ်မှုကိုလည်း တားမြစ်နိုင်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုသည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအသွင်ဖြစ်လာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြော

**ဂျီနီဗာ မတ် ၁၀**

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံ အမြောက်အမြားတွင် ဖြစ်ပွားလျက်ရှိရာ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအန္တရာယ်အသွင် ပေါ်လွင်လာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး တက်ဒရော့စ် အက်ဒမ်နွမ် ဂယ်ဘရက်စ်စက်က ယမန်နေ့က ပြောကြားလိုက်သည်။

တက်ဒရော့စ်က အခြေအနေများ ဆိုးရွားနေသော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် သမိုင်းတွင် ပထမဆုံး ထိန်းချုပ်နိုင်မည့် ကပ်ရောဂါဖြစ်ကြောင်း၊ မိမိတို့သည် ဗိုင်းရပ်စ်ရောဂါပိုး၏ ခြယ်လှယ်ခြင်းကို လက်သင့်ခံနေမည်မဟုတ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

မိမိတို့တွင် အားသာချက်များရှိကြောင်း၊ အစိုးရ၊ ကုမ္ပဏီလုပ်ငန်း၊ လူနေရပ်ကွက်၊ မိသားစုနှင့် မိမိကိုယ်တိုင်ကစပြီး လုပ်ဆောင်မှုတိုင်းသည် ရောဂါဘေးကြီး ဖြစ်ပွားနေသည့် အခြေအနေများကို အပြောင်းအလဲဖြစ်စေနိုင်သည်ဟု တက်ဒရော့စ်က ပြောကြားလိုက်သည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ အရေအတွက်နှင့် ရောဂါဖြစ်ပွားသည့် နိုင်ငံနှင့် ဒေသများ၏အရေအတွက်သည် အဆက်မပြတ် တိုးတက်လာနေကြောင်း၊ သို့သော်လည်း ရောဂါပြန့်ပွားမှု အခြေအနေသည် ကွဲပြားလျက်ရှိကြောင်းနှင့် နိုင်ငံအများစု၏ ယင်းအခြေအနေပေါ် ပစ်မှတ်ထား ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လတ်တလော လုပ်ဆောင်ရမည်မှာ ရောဂါတားဆီးရေးနှင့် ရောဂါဖြစ်ပွားမှုနှုန်းလျှော့ချရေးတွင် နှစ်ခုစလုံး တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လုပ်ဆောင်ရမည်များကို ပြတ်ပြတ်သားသား ဆောလျင်စွာလုပ်ဆောင်ခြင်းသည် ရောဂါပိုးပြန့်ပွားမှုကို လျှော့နည်းစေနိုင်ကြောင်း၊ ကူးစက်ခံရသူအများစုသည် ရောဂါပြန်လည်ကောင်းမွန်လာသည်ကို တွေ့မြင်ရကြောင်း၊ တရုတ်နိုင်ငံတွင် ရောဂါဖြစ်ပွားသူ ၈၀၀၀၀ ကျော်ရှိရာ ၇၀ ရာခိုင်နှုန်းကျော်သည် ရောဂါပျောက်ပြီး ဆေးရုံမှ ဆင်းနိုင်ခဲ့ကြောင်း တက်ဒရော့စ်က အလေးအနက်ထားပြောကြားလိုက်သည်။

ဆင်ဟွာ




ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရော့စ်ကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သတင်းတုများ တိုက်ဖျက်ရန် ဗြိတိန်အစိုးရ ဆိုက်ဘာအဖွဲ့တည်ထောင်

**လန်ဒန် မတ် ၁၀**

နိုဗယ်ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် သတင်းတုများ ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့နေမှုများကို တိုက်ဖျက်ရန် ဗြိတိန်အစိုးရက ဆိုက်ဘာအဖွဲ့သစ်တစ်ခု တည်ထောင်လိုက်ကြောင်း ဒစ်ဂျစ်တယ်၊ ယဉ်ကျေးမှု၊ မီဒီယာနှင့်အားကစားဌာနက မတ် ၈ ရက်တွင် ကြေညာခဲ့သည်။

ဆိုရှယ်မီဒီယာတွင် ပျံ့နှံ့နေသည့် သတင်းအမှားများ၏ အကျိုးသက်ရောက်မှု၊ ဖြစ်ပေါ်လာနိုင်သည့် အလားအလာများကို အဆိုပါအဖွဲ့သစ်က စောင့်ကြည့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းအဖွဲ့ကို အစိုးရအဖွဲ့အတွင်းမှ ကျွမ်းကျင်သူများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် သတင်းအမှားများ ပျံ့နှံ့မှုကို ကန့်သတ်ရန်နှင့် ဆိုရှယ်မီဒီယာကုမ္ပဏီများနှင့် ဆွေးနွေးကာ သတင်းအမှားပျံ့နှံ့မှုကို ထိန်းချုပ်ရန် ဆွေးနွေးမှုများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်သည်။

ဒစ်ဂျစ်တယ် နှောင့်ယှက်ခံရမှု၊ သတင်းအမှားများရန်မှ တိုင်းပြည်ကို ကာကွယ်နိုင်ရေး အဓိကအရေးတကြီး လုပ်ဆောင်ရမည့်အရာဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီး အိုလီဗာ ဒေါ်ဒန်က ပြောသည်။

ဆင်ဟွာ

# အီတလီတွင် ပိတ်ဆို့လုပ်ဆောင်မှုများ အရှိန်တိုးမြှင့်

**ရောမ မတ် ၁၀**

ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးက ကိုရိုနာဗိုင်းရပ်စ်ကို နှိမ်နင်းနိုင်ရေး ကြိုးပမ်းနေကြချိန်တွင် အီတလီနိုင်ငံသည်လည်း မကြုံစဖူးလုပ်ဆောင်မှုတစ်ခုလုပ်ဆောင်ခဲ့သည်။ ယခုအသစ်ချမှတ်လိုက်သည့် ပိတ်ဆို့လုပ်ဆောင်မှုမှာ မတ် ၁၀ ရက်မှ ဧပြီ ၃ ရက်အထိ အချိန်ကြာမြင့်မည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် ဂူဆက်ပီ ကွန်တီက ပြောသည်။

နိုင်ငံသားများသည် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များရှိလျှင် သို့မဟုတ် အလုပ်သွားရန်အတွက်သာ အပြင်ထွက်ကြရန် ဝန်ကြီးချုပ်က ပြောသည်။ အီတလီတွင် ကျောင်းများပိတ်ထားပြီး စားသောက်ဆိုင်များကိုလည်း ညနေ ၆ နာရီတွင် ပိတ်ရန် အမိန့်ထုတ်ထားသည်။

ထို့ပြင် နေအိမ်အပြင်ဘက်တွင် လူစုလူဝေးများပြုလုပ်မှုကိုလည်း ကန့်သတ်ထားသည်။ အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်မှာ ၉၂၀၀ အထိရှိလာပြီး လူပေါင်း ၄၆၃ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။ အီတလီသည် ဥရောပဇုန်တွင် တတိယ စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ သန်း ၆၀ခန့်ရှိသည်။

ယခုအခါ တရုတ်နိုင်ငံပြင်ပ ကူးစက်မှုအမြင့်ဆုံးနိုင်ငံစာရင်းတွင် အီတလီနိုင်ငံမှာ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် တိုင်းပြည်၏ အကျဉ်းထောင်များ၌ ဗိုင်းရပ်စ်ကြောင့် ကန့်သတ်မှုများပြုလုပ်လာ၍ အဓိကရုဏ်းများဖြစ်ပေါ်လာခဲ့ပြီး အကျဉ်းသား ခုနစ်ဦးသေဆုံးခဲ့ရသည်ဟု တရားရေးဝန်ကြီးက ပြောသည်။

ပြင်သစ်၊ ဂျာမနီနှင့် စပိန်နိုင်ငံတို့တွင် ကူးစက်ခံရမှုမှာ ၁၀၀၀ ကျော်စီရှိနေကြသည်။

အင်န်အိတ်ချ်ကေ

# ပြီးခဲ့သည့် ငါးနှစ်အတွင်း အမေရိကန် လက်နက်တင်ပို့ရောင်းချမှုများ၏ ထက်ဝက်ခန့် အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိခဲ့

**စတော့ဟုမ်း မတ် ၁၀**

ပြီးခဲ့သည့် ငါးနှစ်အတွင်း အမေရိကန်ပြည်ထောင်စုမှ လက်နက်များ တင်ပို့ရောင်းချမှု သိသိသာသာတိုးတက်ခဲ့ပြီး လက်နက်တင်ပို့ရောင်းချမှု ထက်ဝက်ခန့်မှာ အရှေ့အလယ်ပိုင်းဒေသသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ကြောင်း စတော့ဟုမ်း နိုင်ငံတကာ ငြိမ်းချမ်းရေး သုတေသန အင်စတီကျုက မတ် ၉ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိနှင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်များအတွင်း ကမ္ဘာ့အကြီးဆုံး လက်နက်တင်ပို့ရောင်းချမှုနိုင်ငံဖြစ်သည့် အမေရိကန်မှ အကြီးစားလက်နက်တင်ပို့ရောင်းချမှု ၂၃ ရာခိုင်နှုန်းအထိ တိုးပွားလာခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စုစုပေါင်းလက်နက်တင်ပို့ရောင်းချမှုခွဲတမ်းမှာလည်း ၃၆ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့သည်။ ၂၀၁၅ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ အမေရိကန် လက်နက်တင်ပို့ရောင်းချမှုစုစုပေါင်း ပမာဏသည် ကမ္ဘာ့ဒုတိယအကြီးဆုံးလက်နက်တင်ပို့ရောင်းချသည့် နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံထက် ၇၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်။

ပြီးခဲ့သည့် ငါးနှစ်တာအတွင်း အမေရိကန်၏ လက်နက်ရောင်းချမှု ထက်ဝက်ခန့်မှာ အရှေ့အလယ်ပိုင်းဒေသဆီသို့ ရောက်ရှိခဲ့ပြီး အဆိုပါရောင်းချမှု၏ ထက်ဝက်ခန့်မှာ ဆော်ဒီအာရေဗျနိုင်ငံသို့ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာ ငြိမ်းချမ်းရေး သုတေသန အင်စတီကျုမှ ဝါရင့်သုတေသနပညာရှင် ပီတာ ဒီဝီဇီမန်က ပြောကြားခဲ့သည်။

အကြီးစား စစ်လက်နက်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချမှုသည် ၂၀၁၀ မှ ၂၀၁၄ ခုနှစ်အထိကာလနှင့် ယှဉ်လျှင် ၂၀၁၅ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရောင်းချမှု ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ကမ္ဘာ့အကြီးဆုံး လက်နက်တင်သွင်းသည့် နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနှင့်အတူ အရှေ့အလယ်ပိုင်းဒေသဆီသို့ လက်နက်စီးဆင်းဝင်ရောက်မှု ပမာဏမှာလည်း မြင့်တက်လာလျက်ရှိကြောင်း ကိန်းဂဏန်းအချက်အလက်များက ဖော်ပြလျက်ရှိသည်။

ယီမင်၌ ဆော်ဒီ၏ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုကို အမေရိကန်နှင့် ဗြိတိန်တို့က စိုးရိမ်ပူပန်လျက်ရှိသော်လည်း အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံလုံးက ဆော်ဒီသို့ လက်နက်များ ဆက်လက်တင်ပို့ခဲ့ကြသည်။

ဆင်ဟွာ

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၄-၁-၂၀၂၀ ရက်နေ့မှ ၁၀-၃-၂၀၂၀ ရက်နေ့အထိ) ၁၀-၃-၂၀၂၀ ရက်နေ့၊ ည ၈:၁၅ နာရီ

၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၉-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၀၅) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၀၉,၅၇၇) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၃,၈၉၃) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၅) %

- **ကမ္ဘာပေါ်တွင် ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ –**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | ကိုရီးယားသမ္မတနိုင်ငံ | ၇,၃၈၂ | ၅၁ |
| ၂ | အီတလီ | ၇,၃၇၅ | ၃၆၆ |
| ၃ | အီရန် | ၆,၅၆၆ | ၁၉၄ |
| ၄ | ပြင်သစ် | ၁,၁၁၆ | ၁၉ |
| ၅ | ဂျာမနီ | ၁,၁၁၂ | ၀ |
| | (၅) နိုင်ငံ စုစုပေါင်း | ၂၃,၅၅၁ | ၆၃၀ |

- ကမ္ဘာ့ဒေသ အသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာပါကြောင်း တွေ့ရှိရပါသည်။

- **တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၅၈) နိုင်ငံမှာ –**

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | – ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ နယူးဇီလန်၊ ကမ္ဘောဒီးယား |
| ၂။ | ဥရောပဒေသ | – အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဆွီဒင်၊ နော်ဝေး၊ ဩစတြီးယား၊ ဂရိ၊ အိုက်စလန်၊ ဒိန်းမတ်၊ ဆန်မာရီနို၊ ချက်သမ္မတနိုင်ငံ၊ အစ္စရေး၊ ပေါ်တူဂီ၊ ဖင်လန်၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ဆလိုဗေးနီးယား၊ ခရိုအေးရှား၊ ဟန်ဂေရီ၊ ဘယ်လာရုစ်၊ ဆလိုဗေးကီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဘူဂေးရီးယား |
| ၃။ | အရှေ့တောင်အာရှဒေသ | – ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ် |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | – အီရန်၊ ဘာရိန်း၊ အီရတ်၊ အီဂျစ်၊ ယူအေအီး၊ လက်ဘနွန် |
| ၅။ | အမေရိကဒေသ | – အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ အီကွေဒေါ၊ ချီလီ၊ ကော်စတာရီကာ၊ ပီရူး |
| ၆။ | အာဖရိကဒေသ | – အယ်လ်ဂျီးရီးယား၊ ကမ်မရွန်း |
| ၇။ | နယ်မြေဒေသ | – ပါလက်စတိုင်းနယ်မြေ |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ (Risk Assessment) အား –
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအားလုံးတွင် အလွန်မြင့်မားသည့် အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။
- ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၏ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပအခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၇၆.၂ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၉.၉ %) ခန့်ရှိပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာမတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၈၉) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများတွင် (၇၀ %)ကျော်သည် ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁၀-၃-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်ထိ)

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဓာတ်ခွဲရလဒ် စောင့်ဆိုင်းဆဲ | ဓာတ်ခွဲနမူနာ ရယူရန် စီစဉ်ဆဲ | |
| စောင့်ကြည့်လူနာ | – | ၇၆ | ၃ | ၄ | ၈၃ |
| သံသယလူနာ | – | ၂ | – | – | ၂ |
| စုစုပေါင်း | – | ၇၈ | ၃ | ၄ | ၈၅ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၉-၃-၂၀၂၀) ရက်နေ့ အထိ စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၃၃)ဦး၊ ရှမ်း ပြည်နယ်တွင် (၁၆) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၅) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၂၁) ဦး စုစုပေါင်း (၈၅) ဦးတို့ ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်–

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့် အနီးကပ်ထိတွေ့သူများ (အတူနေ မိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်)တို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများ ပေးလျက်ရှိခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့်ရောဂါ ကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOf HealthAndSportsMyanmar နှင့် https://www.facebook.com/ MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လျက်ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာ နီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ (Civil Society Organizations)နှင့် ပြည်သူလူထု အခြေပြုအသင်းအဖွဲ့များ (Community Based Organizations) တို့မှ ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူစည်ကားသည့် နေရာများဖြစ်သည့် ကားဂိတ်များ၊ ဈေးများစသည့် နေရာများတွင် COVID-19 ကျန်းမာရေးအသိပညာပေး လုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း။

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း –

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိပြီး သေဆုံးမှုနှုန်းလည်း မြင့်တက်လျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- COVID-19 ရောဂါလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု – Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် –

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊

(ဂ) အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူများနှင့် မကူးစက်နိုင်သော ရောဂါဖြစ်ပွားနေသူများသည် မိမိတို့၏ ကျန်းမာရေးအား ဂရုတစိုက်ထိန်းသိမ်းပါရန်၊

(ဃ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန် အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက် သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(င) ပွဲလမ်းသဘင်များ မကျင်းပမီ COVID-19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(စ) အကယ်၍ ထိုသို့မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးကျန်းမာရေအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာစနစ်တကျလိုက်နာဆောင်ရွက်ကြပါရန်နှင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများ လျှော့ချနိုင်မည်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တိုက်တွန်းအကြံပြုပြောကြားထားကြောင်း သိရှိရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဖားကန့်ပြည်သူ့ဆေးရုံကြီး၌ ကိုရိုနာဗိုင်းရပ်စ် သံသယဖြင့် စောင့်ကြည့်ခဲ့သည့်လူနာမှာ ရိုးရိုးအအေးမိခြင်းသာဖြစ်

ဖားကန့် မတ် ၁၀

ကချင်ပြည်နယ် ဖားကန့်မြို့၌ ကူးစက်မြန်ရောဂါ ကိုရိုနာဗိုင်းရပ်စ်သံသယဖြင့် ဖားကန့်ပြည်သူ့ဆေးရုံကြီး သီးသန့်ခန်းတွင် စောင့်ကြည့်ခဲ့သည့်လူနာမှာ ရိုးရိုးအအေးမိခြင်းသာဖြစ်၍ ဆေးရုံကြီးမှ ပြန်လည်ဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

အဆိုပါလူနာ အမျိုးသမီးသည် ဖေဖော်ဝါရီ ၂၄ ရက်က တရုတ်နိုင်ငံ ရွှေလီမြို့မှ ဖားကန့်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့သူဖြစ်ပြီး မတ် ၇ ရက် မွန်းလွဲပိုင်းတွင် ဖားကန့်မြို့ပေါ်ရှိ မြဝတ်ရည်ပြင်ပဆေးရုံသို့ ညဘက်နံရိုးအောက်နာနေပြီး သုံးရက်ခန့် ဖျားသည်ဆိုကာ လာရောက်ပြသရာ မြဝတ်ရည်ဆေးရုံမှ ဖားကန့်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်း၍ ဆေးရုံကြီးတွင် တရုတ်နိုင်ငံမှပြန်လာသူဖြစ်သည့်အတွက် ကိုရိုနာဗိုင်းရပ်စ်သံသယဖြင့် စောင့်ကြည့်စစ်ဆေး ကုသမှုခံယူစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမင်းလွင်က ''အမျိုးသမီးက သာမန်ထက်မပိုတဲ့ ရိုးရိုးအအေးမိရုံပါ။ ဒါကြောင့် မနေ့ကပဲ ဆေးရုံက ဆင်းခွင့်ပြုလိုက်ပါတယ်''ဟု ပြောသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝေါမြို့နယ် ပြည်သူများနှင့်တွေ့ဆုံ

**ဝေါ မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့က ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မိုးယွန်းကြီးခန်းမ၌ ပြည်သူများနှင့်တွေ့ဆုံပြီး တိုင်ကြားတင်ပြစာများအား ရှင်းလင်းပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူများက တင်မြှောက်သော ပြည်သူ့အစိုးရအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်နေသည့် အားနည်းချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန်၊ ပြည်သူများအနေဖြင့်လည်း ဒီမိုကရေစီ အစိုးရလက်ထက်တွင် ဒီမိုကရေစီ စံချိန်စံညွှန်းအတိုင်း မတူကွဲပြားမှုများကို လေးစားလက်ခံပြီး စုပေါင်းအားတစ်ရပ် ဖော်ဆောင်ကာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် ကျေးရွာများတွင် လယ်ယာမြေပြဿနာများဖြစ်ပေါ်လျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် တောင်သူလယ်သမားများဘက်မှ ရပ်တည်၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သိမ်းဆည်းခံ လယ်ယာမြေများ မူလတောင်သူများလက်ဝယ် အမြန်ဆုံးရောက်ရှိစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ဝေါမြို့နယ် ပြည်သူများနှင့် တွေ့ဆုံစဉ်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက စွန့်လွှတ်မြေများနှင့် ပတ်သက်၍လည်းကောင်း၊ လျှပ်စစ်မီးလင်းရေးကိစ္စ၊ အိမ်ထောင်စုနှင့် မှတ်ပုံတင်များ ပြေလတွင် ကွင်းဆင်းဆောင်ရွက်ပေးရေးကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ဆေးခန်းမြေနေရာ ဆိုင်ရာကိစ္စ၊ အခြားမြေယာကိစ္စဆိုင်ရာ တိုင်ကြားစာများကို လည်းကောင်း တင်ပြကြရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## စေတုတ္တရာမြို့နယ်၌ ဘက်စုံသုံး ဘေးဒဏ်ခံ အဆောက်အဦဖွင့်

**စေတုတ္တရာ မတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အများပြည်သူ ဘေးအန္တရာယ်ခိုလှုံနိုင်ရန် ဘက်စုံသုံးဘေးဒဏ်ခံ အဆောက်အဦဖွင့်ပွဲကို မတ် ၇ ရက်တွင် ဘက်စုံသုံးဘေးဒဏ်ခံ အဆောက်အဦ၌ ကျင်းပသည်။

အဆောက်အဦဖွင့်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တိုင်းဒေသကြီး သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အဦ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားကြပြီး ဒေသခံပြည်သူများ ကိုယ်စား တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက စေတုတ္တရာ မြို့နယ် ဂရုဏာရှင်အသင်းသို့ ဆေးရုံ တက်လူနာများအား အောက်ဆီဂျင် အခမဲ့ပေးလှူဒါန်းနိုင်ရန်အတွက် မတည်အလှူငွေကျပ် ၁၀ သိန်းကို တိုင်းဒေသကြီး လွှတ်တော် ရန်ပုံငွေမှ ပေးအပ်ခဲ့ပြီး အများပြည်သူဘေးအန္တရာယ် ခိုလှုံရန် ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အဦအား မြင့်မိုရ်စံထား ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးလှမင်းက ရပ်မိရပ်ဖ ဦးချိုကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အဆောက်အဦကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခွင့်ပြုငွေကျပ် ၁၉၄ သန်းဖြင့် ၁-၈-၂၀၁၉ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆောက်အဦမှာ အလျားပေ ၇၀၊ အနံပေ ၆၀၊ အမြင့် ၂၁ ပေ၊ နှစ်ထပ်အာစီ အဆောက်အဦ အမျိုးအစားဖြစ်ကြောင်း သိရသည်။

**ပေါက်ပေါက်(ပြန်/ဆက်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဖလမ်းမြို့နယ်အတွင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

**ဖလမ်း မတ် ၁၀**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများသည် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဖလမ်းမြို့နယ် ရာလ်လောန်ကျေးရွာနှင့် ဆွမ်ဟရန်းကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးကြသည်။ **(ယာပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖလမ်းမြို့နယ် ရာလ်လောန်ကျေးရွာနှင့် ဒေသခံပြည်သူများအား ရာလ်လောန် ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ လည်းကောင်း၊ ဆွမ်ဟရန်း ကျေးရွာဒေသခံပြည်သူများနှင့် အနီးနားရှိ ကျေးရွာဒေသခံပြည်သူများအား ဆွမ်ဟရန်း နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌လည်းကောင်း တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများက ပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဂျွန်(ပြန်/ဆက်)**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၀၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၆၀/၇၇၀ | ကျပ် | ၇၃၀/၇၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၇၀/၇၈၀ | ကျပ် | ၇၄၅/၈၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၇၀၀ | ကျပ် | ၆၉၀/၇၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၂၀/၈၁၅ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၄ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၄ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၃ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၉ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၈ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၇၀ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၀ . ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၈၆၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၀ . ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၂ . ၆၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၁၄၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၇၀၁၂ | ၈၃၀၄၃၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၀၀ | ၈၅၅၁ | ၃၃၅၅၁၅၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၀၄ | ၁၆၇၂၈၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၉၀၀ | ၂၈၀၀ | ၁၁၂၃ | ၃၁၉၅၇၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# အားပေးသည့် ပရိသတ်အတွက် ပန်းရောင်ခြယ်က ဒုတိယမြောက် ဇာတ်လမ်းတွဲရိုက်ကူးမည်



ဂရေဟမ်၏ သမီးကြီးဖြစ်သူ တေးသံရှင် ပန်းရောင်ခြယ်က ဂီတအပြင် ပထမဆုံးသရုပ်ဆောင်အဖြစ် "လိပ်ပြာ"ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်ထားပြီး ပရိသတ်များ၏ အားပေးချစ်ခင်မှုကြောင့် "လိပ်ပြာ ၂"ကိုလည်း ဆက်လက်ရိုက်ကူးသွားမည်ဟု သိရသည်။

"ဇာတ်လမ်းတွဲကို စရိုက်တော့ တစ်လခွဲလောက်ကြာအောင် တောက်လျှောက်ရိုက်မယ်ပေါ့နော်။ ရိုက်ကူးတဲ့အခါကျတော့ ရိုးရိုးသရုပ်ဆောင်တာတွေအပြင် တိုက်ခိုက်တာတွေပါ ပါလာပါတယ်။ ဒါကြောင့် အခုဆိုရင် ဖိုက်တင်တွေ စပြီးလေ့ကျင့်နေပါပြီ။ သရုပ်ဆောင်တဲ့နေရာမှာတော့ ကံကောင်းတာပဲလားတော့မသိဘူး။ သိပ်ကြီးမားတဲ့ အခက်အခဲတော့မရှိပါဘူး။ အားလုံးကလည်း သင်ပြပေးကြပါတယ်။ တဖြည်းဖြည်းနဲ့ ပိုကောင်းအောင် ကြိုးစားနေပါတယ်။ ကိုယ့်ဇာတ်လမ်းတွဲ ထွက်လာတုန်းကလည်း သေသေချာချာပြန်ကြည့်ပြီး ဝေဖန်တယ်။ အဲဒီထက် ပိုကောင်းအောင် ကြိုးစားကြည့်တယ်။ ဇာတ်လမ်းတစ်ခုကို လက်ခံထားပြီးပြီဆိုတဲ့အတွက် ဇာတ်လမ်းကို ကိုယ်က သေသေချာချာနားလည်ပြီး ဇာတ်ကောင်စရိုက်ကိုလည်း ကျွမ်းကျင်အသားကျဖို့ ကြိုးစားရတာပေါ့။ ကြိုတင်ပြင်ဆင်တာလည်းပါတယ်၊ အဖွဲ့သားတွေအားလုံးကလည်း ကျွန်မအပေါ် နားလည်ပြီး ဂရုစိုက်ပေးကြ၊ ကူညီပေးကြတာကြောင့် ပွဲဦးထွက်ဇာတ်ကားမှာတင် အတော်လေးကံကောင်းခဲ့တယ်"ဟု ပန်းရောင်ခြယ်က ပြောကြားသည်။

လိပ်ပြာဇာတ်လမ်းတွဲ အပိုင်း ၂တွင် သေနတ်ပစ်ခန်းများအပြင် တိုက်ခိုက်သည့် ဇာတ်ရုပ်များလည်း ထည့်သွင်းထားကြောင်း၊ အမှုအသစ်များလည်း ပါဝင်ထားပြီး စိတ်ဝင်စားဖွယ်ပြင်ဆင်ထားကြောင်း ပန်းရောင်ခြယ်က ဆက်ပြောသည်။

ပန်းရောင်ခြယ်က ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း တေးစီးရီးသစ်ကို မိတ်ဆက်ထားခဲ့သူဖြစ်ပြီး လက်ရှိတွင် "လိပ်ပြာ ၂"အတွက် ပြင်ဆင်နေသကဲ့သို့ ဂီတပိုင်းကိုလည်း မျက်ခြည်မပြတ် ဆက်လက်ကြိုးစားနေကြောင်း သိရသည်။ ဇာတ်လမ်းတွဲကိုစရိုက်ပြီး သတိထားမိတာက အနုပညာအလုပ်ဟာ အချိန်အတော်ပေးရသလို စိတ်နှစ်ပြီးတော့လည်း လုပ်ကြရတယ်။ အရင်က သီချင်းကိုပဲ စိတ်နှစ်ပြီး ဆိုခဲ့တယ်။ အခု သရုပ်ဆောင်ပိုင်းကပါ ပါဝင်လာတော့ နှစ်မျိုးစလုံး အချိန်ခွဲပြီးပေးနေရတာကို ခံစားမိတယ်။ လက်ရှိမှာတော့ နှစ်ဖက်စလုံးကို ကြိုးစားပြီး ဝမ်းစာဖြည့်နေတယ်လို့ပဲ သဘောထားပြီး ကြိုးစားနေပါတယ်"ဟု ပန်းရောင်ခြယ်က ဆိုသည်။

**ကိုလင်း**

# ကမ္ဘာကျော်ရုပ်ရှင် ဟာသဇာတ်ကား မတ် ၁၉ ရက် ရုံတင်ပြသမည်

ပါဝါကင်း ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ရိုက်ကူးထားပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်ကူးထားသည့် "ကမ္ဘာကျော်ရုပ်ရှင်" ရုပ်ရှင်ဇာတ်ကားကို ယခုလ ၁၉ ရက်၌ ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။ ယင်းဇာတ်ကားသည် လူတစ်ယောက်၏ ရည်ရွယ်ချက်ကြီးမားပုံနှင့် စိတ်ဆုံးဖြတ်ချက်ပြတ်သားမှု၊ စွန့်စားလုပ်ဆောင်မှုတို့ကို အသားပေးထားသည့် ဇာတ်ကားလည်းဖြစ်သည်။



လူ့ဘဝကံကြမ္မာသည် အမျိုးမျိုး အဖုံဖုံ ပြောင်းလဲသွားတတ်ပြီး မည်သို့ပင်ဖြစ်စေ အဆင်မပြေမှုများကို စိတ်မညစ်ဘဲ ရည်ရွယ်ချက်ကို ဆက်လက်ဆောင်ရွက်လိုသော စိတ်ဓာတ်ကို ဇာတ်ကားတွင် မြင်တွေ့ရသည်။ ဘဝအမောများပြေစေမည့် ဇာတ်ကားအတွင်း ရယ်မောပျော်ရွှင်ဖွယ်များကိုလည်း ဟာသနှော၍ ဖော်ပြထားသည်။ သရုပ်ဆောင် ဖြိုးငွေစိုး၊ ကျော်ကျော်ဗို၊ ရဲလေး၊ ကောင်းပြည့်၊ အရိုင်း၊ ဒိန်းဒေါင်၊ ဂျိုကာတို့ ပါဝင်သရုပ်ဆောင်ထားကြပြီး စိုးမြတ်သူဇာ၊ ယုသန္တာတင်၊ သွန်းဆက်၊ နန်းခင်ဇေယျာ အစရှိသည့် သရုပ်ဆောင်များနှင့်အတူ ဟာသသရုပ်ဆောင်များစွာ ပါဝင်ထားသည်။

"ဒီဇာတ်ကားလေးကို လွန်ခဲ့တဲ့ လေးနှစ်ကျော်က ရိုက်ထားတာပါ။ ကိုပြည်ဟိန်းက ကမ်းလှမ်းလို့ လက်ခံဖြစ်ခဲ့ပါတယ်။ အနုပညာမောင်နှမတွေ အများကြီးရိုက်ကူးခဲ့ကြတာဆိုတော့ ပျော်စရာကောင်းပါတယ်။ ဇာတ်ကားက ဟာသနဲ့ သရော်ထားတာပါ။ နောက်တစ်ခုကတော့ လူတစ်ယောက်ရဲ့ ရည်ရွယ်ချက်တွေကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာကို ပြသတဲ့ ဇာတ်ကားလေးပါ။ ကိုယ်တိုင်ပြန်ကြည့်တဲ့အခါမှာလည်း အတော်လေးရယ်မောရတဲ့ ကားလေးပဲ ဖြစ်ပါတယ်။ ဒီကားလေး ရုံတင်မယ့်အချိန်က ကလေးတွေ စာမေးပွဲရက် ပြီးတဲ့အချိန်လည်း ဖြစ်တော့ စိတ်အမောပြေကြည့်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု အဆိုတော် သရုပ်ဆောင် ရဲလေးက ပြောကြားသည်။

ရုပ်ရှင်ဇာတ်ကားများ တစ်ကားထွက်လာတိုင်း နောက်ကွယ်တွင် ဝေဖန်ကဲ့ရဲ့မှုများ အနည်းနှင့်အများ ကျန်ရစ်ခဲ့ကြသော်လည်း မကြာမီမှာပဲ ပြန်လည် ပျောက်ကွယ်သွားတတ်ကြောင်း၊ နောက်ထပ်တစ်ကား ရုံတင်တိုင်း မေ့ပျောက်သွားတတ်ကြောင်းနှင့် ပရိသတ်များ ဘဝအမောပြေလျှင် ကျေနပ်မိကြောင်း ရဲလေးက ဆက်လက်ပြောကြားသည်။ **ကိုလင်း**

# တရုတ်နန်းတွင်း ဇာတ်လမ်းတွဲအတွင်း အဲလစ်အုန်းအား ကြည့်ရှုရတော့မည်



သရုပ်ဆောင် အဲလစ်အုန်းက တရုတ်နိုင်ငံမှ ထုတ်လုပ်ရိုက်ကူးမည့် ရုပ်သံစီးရီးအတွင်း ပါဝင်သရုပ်ဆောင်သွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရှိရသည်။

"တရုတ်နိုင်ငံဘက်မှာပဲ သွားရောက်ရိုက်ကူးရမှာပါ။ သူတို့နိုင်ငံက ထုတ်လုပ်တဲ့ ရုပ်သံစီးရီးမှာ ဖြစ်ပါတယ်။ ဒါမတိုင်ခင်ကလည်း တရုတ်နိုင်ငံမှာ တစ်ကားသွားရိုက်ထားတာ ရှိပါတယ်။ COVID–19 ဗိုင်းရပ်စ် မပျံ့နှံ့ခင်ကပေါ့"ဟု အဲလစ်အုန်းက ပြောကြားသည်။

ပထမရိုက်ကူးသည့် ရုပ်သံဇာတ်လမ်းသည် ပုံမှန်အချစ်ဇာတ်လမ်းမျိုးဖြစ်ပြီး ယခုသွားရောက်ရိုက်ကူးရမည့် ဇာတ်ကားမှာ နန်းတွင်းနောက်ခံဇာတ်ကားတစ်ကားဖြစ်ကာ မိဖုရားငယ်တစ်ပါးအဖြစ် ဝင်ရောက်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ဇာတ်ကားရိုက်ကူးရန် မူလက လျာထားရက်သတ်မှတ်ထားသော်လည်း COVID–19 ဗိုင်းရပ်စ် ပျံ့နှံ့နေမှုကြောင့် ရိုက်ကူးရေးများကို ရပ်နားထားကြောင်း၊ သို့သော် ရိုက်ကူးရေးအတွက် ပြင်ဆင်စရာရှိသည်များကို ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရပြီး တရုတ်နန်းတွင်းဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခွင့်ရသည့်အတွက်လည်း ဝမ်းသာမိကြောင်း ၎င်းကပြောသည်။ အဲလစ်အုန်းသည် ၂၀၁၃ ခုနှစ်တွင် အလှမယ်တစ်ဦးအဖြစ်မှ အနုပညာလောကအတွင်း ဝင်ရောက်လာခဲ့ပြီး ပြည်တွင်းအပြင် နိုင်ငံတကာ အနုပညာလုပ်ငန်းများကိုလည်း လုပ်ဆောင်နေသူတစ်ဦးဖြစ်သည်။ **ကိုလင်း**

# အိမ်ကလေးတစ်လုံးလိုချင်သည့် ကရင်တိုင်းရင်းသူလေးက အဝေးရောက်မြန်မာများအားလုံးအတွက် အရှုံးမပေးနဲ့ တေးစီးရီးသစ်ထွက်ရှိမည်

မကြာသေးမီက လူမှုကွန်ရက် စာမျက်နှာများတွင် ပရိသတ် အားပေးမှုများစွာ ရရှိထားသည့် သီချင်းတစ်ပုဒ်ပေါ်ထွက်လာခဲ့ဖူးသည်။ သီချင်းမှာ "အိမ်ကလေးတစ်လုံးလိုချင်တယ်"ဟု အမည်ရပြီး သီချင်းလေး၏ ပိုင်ရှင်မှာ ကရင်တိုင်းရင်းသူလေး နော်မာသထူးဝါးပင် ဖြစ်သည်။ သူသည် လက်ရှိတွင် မြန်မာစကားကို ပိုမိုလေ့လာသင်ယူနေပြီး မတ်လအတွင်း "အရှုံးမပေးနဲ့"အမည်ရှိ သီချင်းကာဗာကိုလည်း ထွက်ရှိရန် ကြိုးပမ်းလျက်ရှိရာ အနုပညာရှင် ကရင်တိုင်းရင်းသူလေးအား တွေ့ဆုံမေးမြန်းကြည့်ခဲ့မိသည်။

**မေး ။ ။ ဂီတနဲ့ပတ်သက်တဲ့ ဖန်တီးမှုတွေ လက်ရှိမှာ ဘယ်လိုအရာတွေ ရှိသလဲ။**

ဖြေ ။ ။ မြန်မာနိုင်ငံကို ပြန်လာပြီးတဲ့နောက် သီချင်းတွေ အသံသွင်းတာရှိတယ်။ အခုက ကျောင်းပိတ်ထားလို့ မြန်မာနိုင်ငံကို ပြန်လာတာပါ။ သီချင်းတွေကို သီဆိုနေရတာ ဝါသနာပါတယ်။ သီချင်းဆိုနေတာကတော့ တော်တော်လေးကြာနေပါပြီ။ မိဘတွေက အသံသွင်းတာတွေလုပ်တာကို ကိုရီးယားမှာထက် မြန်မာနိုင်ငံမှာပဲ လုပ်စေချင်တဲ့အတွက် ဒီမှာပဲ အသံသွင်းဖြစ်တယ်။ သီချင်းတွေ နည်းနည်းချင်းဆိုတာပြီးရင် အမ်တီဗွီအတွက်လည်း ရိုက်ကူးရေးလုပ်ဖို့ ရှိပါတယ်။ သီချင်းကတော့ အရှုံးမပေးနဲ့လို့ ခေါ်ပါတယ်။

**မေး ။ ။ အရှုံးမပေးနဲ့မှာ တေးသီချင်းဘယ်နှပုဒ်ပါမလဲ။ ဘယ်လိုတေးသီချင်းမျိုးတွေ ဖြစ်မလဲ။**

ဖြေ ။ ။ အခွေထဲမှာ စုစုပေါင်း သီချင်း ခုနစ်ပုဒ်ပါမယ်။ တေးရေးဆရာတွေက ကိုသွန်းပူ၊ ကိုဟဲလေး၊ အန်တီမီးမီးခဲ စတဲ့သူတွေပါပါတယ်။ သီချင်းပုံစံလေးတွေက ခွန်အားဖြစ်စေတဲ့ သီချင်းမျိုးလေးတွေ၊ ဘဝကို လွယ်လွယ်နဲ့ အရှုံးမပေးဖို့နဲ့ ဘယ်လိုလဲကျကျ ပြန်ထနိုင်အောင် ကူညီပေးမယ့် သီချင်းမျိုးလေးတွေ များပါတယ်။ အမှန်အတိုင်းပြောရရင် ၁၅၀၀ မေတ္တာမျိုးကို သေသေချာချာ မခံစားဖူးသေးပေမယ့် မိသားစုမေတ္တာတရား ၅၂၈ အချစ်မျိုးကိုတော့ မေမေနဲ့ ကျွန်မတို့ရဲ့ မိသားစုက အမြဲခံစားရတော့ သီချင်းဆိုတဲ့အခါ အဲဒီခံစားချက်တွေနဲ့ သီဆိုဖြစ်ပါတယ်။ ခွန်အားပေးတဲ့ သီချင်းလေးတွေ သီဆိုတဲ့အခါ လူတိုင်းကြုံရမယ့် အခက်အခဲတွေကို ရဲရဲရင့်ရင့် ရင်ဆိုင်ဖြေရှင်းနိုင်မယ့် စိတ်ဓာတ်ခွန်အားတွေရလာဖို့ ကြိုးစားပြီး သီဆိုထားပါတယ်။

**မေး ။ ။ ကိုရီးယားမှာရော ဘာတွေဆက်လုပ်သွားဖို့ ရှိသလဲ။**

ဖြေ ။ ။ အခုလောလောဆယ်တော့ ကျောင်းပြန်တက်ဖို့ ရှိတာပေါ့။ ဟိုကို ပြန်ရောက်တဲ့အခါမှာလည်း ကမ်းလှမ်းထားတဲ့ တီဗွီရုပ်သံအစီအစဉ်လေးတွေ ရှိပါတယ်။ အချို့အစီအစဉ်တွေက မတ်လပိုင်းကုန်လောက်မှာ စတင်ပြီး လုပ်ဆောင်ဖို့ရှိပါတယ်။ အသံတွေ သွင်းထားတာလည်း ရှိပါတယ်။ အဓိကကတော့ ဂီတပိုင်းကို သမီး ဝါသနာလည်းပါတယ်၊ ရူးလည်း ရူးသွပ်တယ်၊ ဒါကြောင့် သမီးကြိုးစားသွားမယ်။



နော်မာသထူးဝါး

**မေး ။ ။ အခွေလေးကို ဘယ်တော့လောက်ဖြန့်ချိမလဲ။**

ဖြေ ။ ။ ပထမကတော့ ဖေဖော်ဝါရီလကုန်မှာ ထွက်မယ်လို့ ရည်မှန်းထားတာ။ အခုလထဲမှာတော့ အခွေလေး ထုတ်နိုင်အောင် ကြိုးစားနေပါတယ်။ အခွေရဲ့ ခေါင်းစဉ်သီချင်းလည်းဖြစ်တဲ့ အရှုံးမပေးနဲ့ကို အမ်တီဗွီရိုက်ပြီး လက်ဆောင်ထည့်ပေးဖို့ စဉ်းစားထားတာပါ။ သီချင်းခေါင်းစဉ်လေးကို ရွေးဖြစ်တာက ကျွန်မတို့ မိသားစုတွေ တိုင်းတစ်ပါးမှာ သိပ်ကို ရုန်းကန်ကြရပါတယ်။ ကျွန်မရဲ့မေမေရယ်၊ မောင်နှမသုံးယောက်ရယ် ဘဝကို တော်တော်လေး ရုန်းကန်ခဲ့ကြရတယ်။ အဲဒီအခါမှာ စိတ်ဓာတ်ခွန်အားတွေ လိုအပ်ပါတယ်။ ချစ်ခြင်းမေတ္တာတွေ လိုအပ်တယ်။ နူးညံ့တဲ့ နှလုံးသားတွေ လိုအပ်တယ်။ နိုင်ငံရပ်ခြားကို ရောက်နေသူတွေအားလုံးကိုလည်း စိတ်ဓာတ်ခွန်အားပေးချင်တယ်။ အားတွေရသွားပြီး နှလုံးသားလေးတွေ နူးညံ့လာစေချင်လို့ ကျွန်မဝါသနာပါတဲ့ ဂီတနဲ့ ဖန်တီးပေးတာပါ။ အားပေးကြဖို့လည်း အားလုံးကို ကျွန်မက ပြောပါရစေနော်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ကိုရိုနာဗိုင်းရပ်စ်ကြောင့် မက်ဒေါနား၏ ဖျော်ဖြေပွဲဖျက်သိမ်း

ကိုရိုနာဗိုင်းရပ်စ်ကြောင့်လူစုလူဝေးပွဲများ ကျင်းပခြင်းမပြုတော့ဘဲ ဖျက်သိမ်းနေချိန်မှာ အဆိုတော်မက်ဒေါနားကလည်း သူ့ရဲ့ဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်ပါတယ်။ မတ် ၁၀ ရက်နဲ့ ၁၁ ရက်တို့မှာ ပါရီမြို့မှာကျင်းပမယ့်ပွဲကို ဖျက်သိမ်းလိုက်ရတာပါ။ ပါရီမြို့မှာ ကိုရိုနာဗိုင်းရပ်စ်ခြိမ်းခြောက်မှုကြောင့် ကန့်သတ်မှုတွေ တိုးမြှင့်နေတဲ့ အချိန်လည်း ဖြစ်ပါတယ်။

မတ် ၈ ရက်က ပြင်သစ်နိုင်ငံမှာ လူ ၁၀၀၀ ထက်ပိုပြီး မစုဝေးရဘူးဆိုပြီး ကန့်သတ်ချက် ထုတ်ပြန်ခဲ့ပါတယ်။ ဒါကြောင့်လည်း အခုလို မက်ဒေါနားရဲ့ ဖျော်ဖြေပွဲဖျက်သိမ်းဖို့ ဖြစ်လာရတာပါ။ ကမ္ဘာအနှံ့ ကိုရိုနာဗိုင်းရပ်စ်ကြောက်ရွံ့မှုကြောင့် လူထုပျော်ပွဲရွှင်ပွဲတွေ ဖျက်သိမ်းပြီး ခရီးသွားလာမှုဆိုင်ရာကန့်သတ်မှုတွေ ပြုလုပ်နေကြပါတယ်။

အဆိုတော်တွေဟာလည်း သူတို့ရဲ့ပွဲတွေကို ဖျက်သိမ်းနေရပါတယ်။ အာရှတစ်လွှားမှာလည်း ရုပ်ရှင်နဲ့ဂီတပွဲတွေကိုဖျက်သိမ်းနေရပါတယ်။ ဥရောပမှာလည်း အလားတူပါပဲ။ လွန်ခဲ့တဲ့ သီတင်းပတ်မှာဆိုရင် အမေရိကန်ရုပ်ရှင်နဲ့ ဂီတပွဲတော်ဖြစ်တဲ့ SXSW ကို နှစ်ပေါင်း ၃၄ နှစ်အတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် ဖျက်သိမ်းခဲ့ရပါတယ်။ **စကိုင်းနယူးစ်**



အဆိုတော် မက်ဒေါနား

### ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ကို ငါးနှစ်ကြာစောင့်ဆိုင်းမှုကြောင့် ရှန်းကန်ရမှုတွေ၊ စိတ်ညစ်ရမှုတွေကို ဒင်နီရယ်ခရိတ် ပြောပြ

ဂျိမ်းစ်ဘွန်းရုပ်ရှင်ကားအသစ်ဖြစ်တဲ့ No Time To Die ကို အကြာကြီးစောင့်ဆိုင်းခဲ့ရတာတွေ၊ ၀၀၇ အဖြစ် ထပ်မံသရုပ်ဆောင်ဖို့ရာ သူ့ရဲ့ခန္ဓာကိုယ်အနေအထားအရ အဆင်မပြေတော့တာတွေ၊ စိတ်ရှုပ်ထွေးခံစားရမှုတွေကို ရှင်းပြခဲ့ပါတယ်။

ရိုက်ကူးစဉ်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးမှုတွေ ပေါ်ပေါက်ခဲ့ရတဲ့ ဂျိမ်းစ်ဘွန်းဇာတ်ကားဟာ အခုအခါမှာလည်း ရုံတင်ပြသဖို့ရာ နောက်ထပ်နှောင့်နှေးကြန့်ကြာမှုတွေနဲ့ ကြုံတွေ့နေရပြန်ပါတယ်။ ဒီဇာတ်ကားအတွက်ရုပ်ပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေမှာ အခက်အခဲတွေ အများကြီးတွေ့ခဲ့ရတယ်လို့ ဒင်နီရယ်ခရိတ်က ဂျီကျူမဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ ပြောပြခဲ့ပါတယ်။

အခုလိုမျိုးနောက်ထပ် ထပ်မလုပ်တော့ဘူးလို့လည်း သူက ဆက်ပြောပါတယ်။ Spectre ရုပ်ရှင်ကားကိုတော့ ၂၀၁၅ ခုနှစ်မှာ ရုံတင်ခဲ့ပြီး အဲဒီတုန်းကလည်း ဂျိမ်းစ်ဘွန်းအဖြစ် ဒင်နီရယ်ခရိတ် နောက်ဆုံးသရုပ်ဆောင်တာလို့ ပြောခဲ့ဖူးပါတယ်။ အခုအခါမှာ ဒင်နီရယ်ခရိတ်ဟာ အသက် ၅၂ နှစ် ရှိလာပြီဖြစ်ပြီး ဇာတ်ညွှန်းကို အရင်မကြည့်ဘဲ နာမည်ကျော်ဇာတ်ကောင်နေရာမှာ သရုပ်ဆောင်ဖို့လက်ခံလိုက်တာဟာ သူ့အတွက်တော့ စိုးရိမ်ပူပန်ရမှုတွေ များပြားတယ်လို့ ပြောပါတယ်။

No Time To Die ဇာတ်ကားမှာ ဒါရိုက်တာ အပြောင်းအလဲကြောင့်လည်း နှောင့်နှေးမှုတွေ ပေါ်ပေါက်ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်ကား လေးကားလုံးမှာ ဇာတ်ညွှန်းနဲ့ပတ်သက်ပြီး ဘာမှဝင်မပြောမိတာကိုလည်း နောင်တရလို့ မဆုံးဘူးလို့ ဒန်နီရယ်ခရိတ်က ပြောပါတယ်။ **စကိုင်းနယူးစ်**



ဂျိမ်းစ်ဘွန်းမင်းသား ဒင်နီရယ်ခရိတ်

## ပုဂံဒေသတွင် ဆေးလိပ်ငွေ့ကင်းစင်နေရာ ၉၁ နေရာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ညောင်ဦး မတ် ၁၀**

ဆေးလိပ်ငွေ့ကင်းစင်ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခွင် လုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို မတ်လ ပထမပတ်က ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆေးလိပ်ငွေ့ကင်းစင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခွင် လုပ်ငန်းများအကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပုဂံဒေသတွင်း ဆေးလိပ်ငွေ့ကင်းစင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူလူထုနှင့် ပုဂံဒေသသို့လာရောက်ကြသည့်ဧည့်သည်များ ဆေးလိပ်ကြောင့် ဖြစ်ပွားစေနိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို လျှော့ချနိုင်ရန်နှင့် လူတိုင်းသန့်ရှင်းလတ်ဆတ်သည့်လေကို ရှူရှိုက်ခွင့်ရရှိစေရန် ဖြစ်ကြောင်း၊ ပုဂံဒေသ၌ ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေများ ထူထောင်ရာတွင် ယခုအခါ ၉၁ နေရာ သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သတ်မှတ်နေရာများတွင် ဆေးလိပ်မသောက်ရနေရာနှင့် ဆေးလိပ်သောက်ရန်နေရာတို့ကို ကွဲပြားစွာသိရှိနိုင်ရန်အတွက် လိုအပ်သည့် ဗီနိုင်းများ၊ ပိုစတာ၊ စတစ်ကာများ စီစဉ်ဆောင်ရွက်သည့် နည်းလမ်းဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘုရားဂေါပကများက ခန့်အပ်ထားသည့် ဆေးလိပ်ငွေ့ကင်းစင်လုပ်ငန်းများ ဆောင်ရွက်မည့် ဝန်ထမ်း ၄၈ ဦးနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတိုင်ပင်ကြကြောင်း သိရသည်။

ကော်မတီဥက္ကဋ္ဌ ပုဂံရှေးဟောင်းသုတေသနပြတိုက်မှ ဒုတိယညွှန်ကြားရေးမှူး ဦးညီမွန်းက ပုဂံဒေသတွင် ၁၅- ၂- ၂၀၁၉ ရက် မှစတင်၍ ဆေးလိပ်ငွေ့ကင်းစင်နေရာ ကို ၄၈ နေရာဖြင့် စတင်ထူထောင် ခဲ့ရာ ၁၂- ၉- ၂၀၁၉ အထိ ၅၆ နေရာ သတ်မှတ်တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၇ ရက်တွင် ၁၅ နေရာတိုးလာသဖြင့် ၇၁ နေရာအထိ ထပ်မံတိုးချဲ့သတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၃ ရက်တွင် ဆေးလိပ်ငွေ့ကင်းစင်နေရာ ၂၀ ထပ်မံတိုးလာသဖြင့် စုစုပေါင်း ၉၁ နေရာ သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီကာလတွင် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းက ပုဂံဒေသသို့ လာရောက်၍ ဆေးလိပ်ငွေ့ကင်းစင်နေရာများအပေါ် ကွင်းဆင်းလေ့လာစိစစ်အကဲဖြတ်ရန် ရှိပါသဖြင့် အကဲဖြတ်ခံနိုင်ရန် လိုအပ်သည်များ ပြင်ဆင်ထားရန်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင် ဦးစီးအရာရှိ ဦးကျော်မင်းဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပုဂံဒေသရှိဆေးလိပ်ငွေ့ကင်းစင်နေရာများတွင် တပ်ဆင်နိုင်ရန်အတွက် ဒီဇိုင်းပုံစံအမျိုးမျိုးဖြင့် ရေးဆွဲလျာထား ပြုလုပ်ထားသည့် ဗီနိုင်း၊ ပိုစတာ၊ စတစ်ကာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးရာ တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## လောက်ကိုင်မြို့၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**လောက်ကိုင် မတ် ၁၀**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ မတ်လပထမပတ်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၏ ညွှန်ကြားမှုအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် လောက်ကိုင်မြို့တွင်း COVID –19 ရောဂါကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် မြို့တွင်း လူနေထူထပ်သည့် နေရာများအား ဆေးဖျန်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်သည်။ (ဓာတ်ပုံ)



ထိုသို့ဆောင်ရွက်ရာတွင် လောက်ကိုင်မြို့ပေါ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကောင်းခိုင် ကုမ္ပဏီမှ ဝန်ထမ်းများ၊ ယာဉ်လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

## ပမ္မဝတီကျေးရွာတွင် လယ်ယာထုတ်ကုန် ၇၃၂ ဧက ကျော်အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**ငပုတော မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန်နှင့် လယ်ယာသုံးစက်ပစ္စည်းများ လွယ်ကူလျင်မြန်စွာ သွားလာနိုင်စေရန်ရည်ရွယ်၍ ကံကွင်းကျေးရွာအုပ်စု ပမ္မဝတီကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထိုသို့စစ်ဆေးရာတွင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးနေထက်ရှိန်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူမင်းနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာကျေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကပမ္မဝတီကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက် လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အဆိုပါလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၀၉၆ သန်းဖြင့် ကျောက်ချောလမ်းခင်းခြင်း လမ်းအရှည် ၂၅၁၀ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မထုခင်းခြင်း လုပ်ငန်းကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမိုးကျော်**

## မြန်မာအလုပ်သမားများအား ပြန်လည်လွှဲပြောင်း ပေးအပ်

**တာချီလိတ် မတ် ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ–ထိုင်းချစ်ကြည်ရေးတံတား ၂ ၌ ယမန်နေ့က တရားမဝင် မြန်မာအလုပ်သမား အမျိုးသားလေးဦးတို့အား ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးအပ်သည်။ အဆိုပါ မြန်မာအလုပ်သမားလေးဦးကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှလူဝင်မှုကြီးကြပ်ရေးအရာရှိ Somsak Singkham ဦးစီးသည့်အဖွဲ့က လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ လဝကမှူး ဦးအောင်ကြည်ဦး ဦးဆောင်သော မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနလူကုန်ကူးမှု တားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စိတ်၊ မြန်မာနိုင်ငံသားများကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ CNCMC တို့မှ တာဝန်ရှိသူများက ပြန်လည်လက်ခံကြပြီးကျန်းမာရေးဌာနမှ ဝူဟန်ဗိုင်းရပ်စ် ကာကွယ်ရေးအတွက် စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

တရားမဝင် မြန်မာအလုပ်သမားများသည် ရှမ်းပြည်နယ်မှ သုံးဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦးတို့ဖြစ်ကြပြီး ထိုင်းနိုင်ငံအတွင်း အထောက်အထားမပါဘဲ ဝင်ရောက်မှု၊ သတ်မှတ်နယ်မြေကျော်လွန်သွားလာမှု၊ နေထိုင်ခွင့်သက်တမ်းကျော်လွန်မှု စသည့်အကြောင်း အမျိုးမျိုးကြောင့် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

**ယာဆေး(ပြန်/ ဆက်)**

# လူမှုခံယူခြင်းဆိုင်ရာ ဥပဒေပြဌာန်း

*ယမန်နေ့မှအဆက်*

( ခ ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည် –

(၁) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများ နှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသော မှတ်တမ်းများ တင်ပြမှုကို တားဆီးခြင်း သို့မဟုတ် ကြားကာလအတွင်း၌ တားဆီးခဲ့ခြင်း၊

(၂) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသော မှတ်တမ်းများကို ဝှက်သိမ်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် ဖြတ်တောက်ခြင်း သို့မဟုတ် လိမ်လည်အတုပြုခြင်း သို့မဟုတ် ထိုသို့ ဝှက်သိမ်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် ဖြတ်တောက်ခြင်း သို့မဟုတ် လိမ်လည်အတုပြုခြင်း တစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြုခြင်း၊

(၃) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများ နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့် အခြားသော မှတ်တမ်းများတွင် လိမ်လည်ရေးသွင်းခြင်း သို့မဟုတ် ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြုခြင်း၊

(၄) လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်း မပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲငယ် (၂) သို့မဟုတ် (၃) အရ ပြစ်မှုတစ်ရပ်မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီး နောက် ပြုလုပ်ခဲ့ခြင်း။

( ဂ ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည် –

(၁) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများ နှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသော မှတ်တမ်းများကို စီမံခန့်ခွဲခြင်း သို့မဟုတ် ပြောင်းလဲခြင်း သို့မဟုတ် ထိုသို့ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြု ခြင်း၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်း မပြုမီ ၁၂ လ အတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲငယ်(၁)အရ ပြစ်မှုတစ်ရပ် မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲ အဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက် ပြုလုပ် ခဲ့ခြင်း။

(ဃ) ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄) နှင့် ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် (၂) တို့တွင်အချိန်ကာလအား ၁၂ လ အဖြစ် ဖော်ပြထားသော်လည်း ကုန်သွယ်မှုမှတ်တမ်းနှင့် သက်ဆိုင်သည့် လျှောက်ထားချက်တွင် ယင်းကာလအစား နှစ်နှစ်ဟု မှတ်ယူရမည်။

( င ) ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော ကုန်သွယ်မှုမှတ်တမ်း ဆိုသည်မှာ အောက်ပါမှတ်တမ်းများ အပါအဝင် လူတစ်ဦး တစ်ယောက်၏ စီးပွားရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းကိစ္စများ သို့မဟုတ် ငွေကြေးအခြေအနေကို ဖော်ပြသော သို့မဟုတ် ရှင်းလင်းတင်ပြသော စာအုပ်စာတမ်းနှင့် အခြားသော မှတ်တမ်းများကိုဆိုသည်–

(၁) ရငွေပေးငွေများနှင့် စပ်လျဉ်း၍ ထားရှိသည့် ပုံမှန် ငွေစာရင်းမှတ်တမ်းများ၊

(၂) ပုံမှန်ကုန်စည်စာရင်းမှတ်တမ်းများ၊

(၃) လက်လီရောင်းချသော ကုန်စည်များမှတစ်ပါး ရောင်းသူ နှင့် ဝယ်သူတို့ကို ဖော်ပြမှတ်တမ်းတင်ထားသည့် ကုန်စည်ရောင်းဝယ်မှု မှတ်တမ်းများ။

**မမှန်မကန်ရေးသွင်းဖော်ပြချက်များ**

၃၃၇။ (က) လူမွဲသည် ၎င်း၏လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဤအပိုင်းပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ဆောင်ရွက်ရန်သတ်မှတ်ထားသော ရေးသွင်းဖော်ပြချက် တစ်ရပ်ပြုလုပ်ရာတွင် လည်းကောင်း အရေးပါသောအချက် အလက်များကို ထိမ်ချန်ခြင်းပြုလျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

( ခ ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာ ရောက်သည် –

(၁) လူမွဲခံယူခြင်းဆိုင်ရာမှုခင်း၌ တစ်စုံတစ်ဦးသည် ကြွေးမြီ ရရန်ရှိကြောင်း မမှန်မကန် သက်သေထင်ရှား ပြသ တောင်းဆိုခြင်းကို သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူထံ သို့ ဆောလျင်စွာ သတင်းပေးအကြောင်းကြားရန် ပျက်ကွက်ခြင်း၊

(၂) ၎င်းပိုင်ဆိုင်သော ပစ္စည်းအစိတ်အပိုင်းတစ်ရပ်ရပ်နှင့်စပ် လျဉ်းပြီး စာရင်းရှင်းလင်းရာတွင် ဆုံးရှုံးမှုများ သို့မဟုတ် ကုန်ကျစရိတ်များကို မဟုတ်မမှန် တင်ပြရန် အားထုတ် ခြင်း၊

(၃) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းခြင်းမပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလ အတွင်း ကျင်းပပြုလုပ်ခဲ့သော မြီရှင်များနှင့်စပ်လျဉ်းသည့် မည်သည့်အစည်းအဝေးတွင်မဆို ပုဒ်မခွဲငယ်(၂)အရ ပြစ်မှုတစ်ရပ်မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို ပြုလုပ် ခဲ့ခြင်း၊

(၄) လူမွဲမှုခင်း သို့မဟုတ် ၎င်း၏လုပ်ငန်းကိစ္စများအတွက် မြီရှင်များ သို့မဟုတ် ၎င်းတို့ အနက်မှ တစ်ဦးဦး၏သဘော တူညီချက်ရရှိရန်အလို့ငှာ မမှန်မကန်တင်ပြခြင်း သို့မဟုတ် အခြားနည်းဖြင့် လိမ်လည်လှည့်ဖြားခြင်း။

**လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ပစ္စည်းများကို စီမံခန့်ခွဲခြင်း**

၃၃၈။ (က) လူမွဲသည် ၎င်းပိုင်ပစ္စည်းများကို ပေးကမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုလျှင် သို့မဟုတ် ပြုစေလျှင် သို့တည်းမဟုတ် ယင်းပစ္စည်းများပေါ်တွင် ကြွေးမြီတာဝန်တင်ရှိစေလျှင် သို့တည်း မဟုတ် လူမွဲဖြစ်မှုစတင်ချိန်မှစ၍ လွန်ခဲ့သော ငါးနှစ်အတွင်း ထိုသို့ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ဆောင်ရွက်စေခဲ့လျှင် ပြစ်မှု ကို ကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင်စေရမည်။

( ခ ) ပစ္စည်းတစ်ရပ်ရပ်ကို လွှဲပြောင်းခြင်း သို့မဟုတ် ယင်းပစ္စည်းအပေါ် ကြွေးမြီ တာဝန်တင်ရှိစေခြင်း ဆိုသောစကားရပ်တွင် ထိုပစ္စည်း ကိုရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ပူးပေါင်း ကြံစည်ခြင်း လည်း ပါဝင်စေရမည်။

( ဂ ) လူမွဲဖြစ်မှုစတင်ခြင်းမရှိမီ ငွေပေးဆပ်ရန်အမိန့် သို့မဟုတ် ဒီကရီတစ်ရပ် ချမှတ်ပြီးနောက် သို့တည်းမဟုတ် ယင်းသို့ချမှတ် ခြင်းမပြုမီ ၂ လအတွင်း ထိုအမိန့် သို့မဟုတ် ဒီကရီအား ပြေကျေခြင်းမရှိစေရန် လူမွဲသည် ၎င်းပိုင်ပစ္စည်းတစ်ရပ်ရပ်ကို ဝှက်သိမ်းခြင်း သို့မဟုတ် ဖယ်ရှားခြင်းပြုလျှင် ပြစ်မှုကျူးလွန် သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

**ထွက်ပြေးတိမ်းရှောင်ခြင်း**

၃၃၉။ လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှု ကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည် –

(က) လူမွဲသည် နည်းဥပဒေများအရ သတ်မှတ်ထားသော ငွေပမာဏ ထက်မနည်းသော တန်ဖိုးရှိပြီး တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရမည့် မိမိ လက်ဝယ်ရှိပစ္စည်းတစ်ရပ်ကို ယူဆောင်၍ နိုင်ငံတော်ပြင်ပသို့ ထွက်ခွာခြင်း သို့မဟုတ် ထွက်ခွာရန်အားထုတ်ခြင်း သို့မဟုတ် ထွက်ခွာရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊

( ခ ) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းခြင်းမပြုမီ (၆) လ အတွင်း သို့မဟုတ် ကြားကာလ အတွင်း ပုဒ်မခွဲ (က) အရ ပြစ်မှုမြောက်မည်ဖြစ်သော ပြုလုပ်မှု တစ်ခုကို ကျူးလွန်ခဲ့ခြင်း။

**အကြွေးဖြင့်ဝယ်ခဲ့သော ပစ္စည်းကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် ဆောင်ရွက်ခြင်း**

၃၄၀။ (က) လူမွဲက အကြွေးဖြင့်ဝယ်ယူရရှိထားသော ပစ္စည်းတစ်ရပ်ရပ်ကို လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းခြင်းမပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလအတွင်း တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခဲ့လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင် စေရမည်။

( ခ ) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းခြင်းမပြုမီ ၁၂ လ အတွင်း သို့မဟုတ် ကြားကာလ အတွင်း မည်သူမဆို အောက်ပါအခြေအနေများရှိကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ လူမွဲထံမှပစ္စည်းတစ်ရပ်ရပ်ကို လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်းပြုလျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်–

(၁) ထိုပစ္စည်းနှင့်စပ်လျဉ်း၍ လူမွဲကငွေပေးချေရန် ကြွေးမြီ တင်ရှိနေကြောင်း၊

(၂) လူမွဲတွင် ထိုပစ္စည်းနှင့်စပ်လျဉ်း၍ တင်ရှိနေသော ကြွေးမြီ ကိုပေးချေရန် ရည်ရွယ်ချက်မရှိကြောင်း သို့မဟုတ် ပေးဆပ်နိုင်စွမ်း မရှိတန်ရာကြောင်း။

( ဂ ) လူမွဲပိုင်ပစ္စည်းတစ်ရပ်ကို တစ်စုံတစ်ဦးက စီမံခန့်ခွဲခြင်း သို့မဟုတ် လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်းမှာ ထိုသို့ပြုလုပ်စဉ်က လူမွဲ၏စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း စီမံခန့်ခွဲခြင်း သို့မဟုတ် လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်းဖြစ်လျှင် ၎င်းအား ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ပြစ်မှု ကျူးလွန် သည်ဟု မှတ်ယူခြင်း မရှိစေရ။

(ဃ) ပစ္စည်းတစ်ရပ်ကို လူမွဲ၏စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း ၍ သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း စီမံခန့်ခွဲခြင်း သို့မဟုတ် လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့်ခံခြင်း ဟုတ် မဟုတ် ဤပုဒ်မအလို့ငှာ ဆုံးဖြတ်ရာတွင် ထိုစဉ်က ထိုပစ္စည်း အတွက်ပေးချေခဲ့သော တန်ဖိုးကို အလေးထား၍ ထည့်သွင်း စဉ်းစားရမည်။

( င ) ပစ္စည်းတစ်ရပ်ကို စီမံခန့်ခွဲခြင်းပြုသည်ဆိုသော စကားရပ်တွင် ပစ္စည်းကို တစ်နည်းနည်းဖြင့် ပေါင်နှံခြင်းနှင့် ထိုသို့ပေါင်နှံ သည့်ပစ္စည်းကို လက်ရောက်ရယူခြင်း သို့မဟုတ် လက်သင့် ခံခြင်းလည်း ပါဝင်သည်။

**ချေးငွေရယူခြင်း၊ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်း**

၃၄၁။ (က) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည် –

(၁) ငွေကြေးအခြေအနေနှင့်စပ်လျဉ်းသည့် အချက်အလက် များကို ထုတ်ဖော်ပြောကြားခြင်း မရှိဘဲ လူမွဲသည် တစ်ဦးတည်းအနေဖြင့်ဖြစ်စေ၊ အခြားသူများနှင့် တွဲဖက် ၍ဖြစ်စေ တစ်ဦးတစ်ယောက်ထံမှ ကြွေးမြီများရယူခဲ့ခြင်း သို့မဟုတ်

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရသည့် လုပ်ငန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ၎င်းနှင့် စီးပွားရေးအရ ဆက်သွယ်လုပ်ကိုင်နေသူများ အားလုံးထံသို့ ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ လူမွဲသည် အခြားလုပ်ငန်းအမည်ဖြင့် စီးပွားရေး လုပ်ကိုင် ဆောင်ရွက်ခဲ့ခြင်း။

( ခ ) ကြွေးမြီရယူထားသော လူမွဲဆိုသည့် စကားရပ်တွင် အောက်ပါ ကိစ္စရပ်များလည်း ပါဝင်ရမည်–

(၁) အရစ်ကျဝယ်သည့်စာချုပ်အရ ရောင်းချသည့်ကိစ္စ သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် ရောင်းချသည့် ကိစ္စ၊

(၂) ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများအတွက် ငွေသားဖြင့်ဖြစ်စေ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ လူမွဲထံသို့ ကြိုတင်ပေးအပ်ထားသည့်ကိစ္စ။

( ဂ ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) ပါ ငွေကြေးအခြေအနေနှင့် စပ်လျဉ်းသည့် အချက်အလက်များ ဆိုရာတွင် ထိုသူသည် လူမွဲဖြစ်မှုရပ်စဲခြင်းမရှိသေးသော အခြေအနေနှင့် စပ်လျဉ်း သည့် အချက်အလက်များကို ဆိုသည်။

(ဃ) လူမွဲအဖြစ်မှ ရပ်စဲပြီးဖြစ်သော်လည်း လူမွဲအပေါ် ကန့်သတ် သည့်အမိန့်တစ်ရပ် အတည်ဖြစ်နေဆဲတွင် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

### အခန်း(၉)

### လူမွဲဖြစ်မှုတွင် တရားရုံးများ၏အာဏာ

**ဖမ်းဆီးရန်အခွင့်အာဏာ**

၃၄၂။ (က) တရားရုံးက ဖမ်းဝရမ်းထုတ်ဆင့်နိုင်သောအခွင့်အာဏာများ တွင် အောက်ပါကိစ္စရပ်များ ပါဝင်သည် –

(၁) မြီစား သို့မဟုတ် လူမွဲအဖြစ်မှရပ်စဲခြင်းမရှိသေးသူ သို့မဟုတ် လူမွဲအဖြစ်မှ ရပ်စဲပြီးဖြစ်သော်လည်း ၎င်းပိုင် ပစ္စည်းများကို ဤအပိုင်းအရ စီမံခန့်ခွဲမှုခံယူလျက်ရှိသူ အား ဖမ်းဆီးရန်ကိစ္စ၊

(၂) ဝရမ်းထုတ်ဆင့်ဖမ်းဆီးခြင်းခံရသူ၏ လက်ဝယ်ရှိ စာအုပ် စာတမ်းနှင့် မှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်စည် များကို သိမ်းဆည်းရန်ကိစ္စ။ ထို့ပြင် ထိုသို့ဝရမ်းအရ ဖမ်းဆီးထားသော တစ်စုံတစ်ဦးအား အချုပ်တွင်ထားရှိ စေရန်နှင့် သိမ်းဆည်းခဲ့သော စာအုပ်စာတမ်းနှင့် မှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်စည်များကို တရားရုံးက အမိန့်တွင် ဖော်ပြထားသော အချိန်ကာလ အထိ ထိန်းသိမ်းထားရှိစေရန် အမိန့် ချမှတ်နိုင်သည်။

( ခ ) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာကို တင်သွင်းပြီးနောက် သို့မဟုတ် လူမွဲအဖြစ်ခံယူစေသည့်အမိန့် ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို အောက်ပါအခြေ အနေ တစ်ရပ်ရပ်ရှိသည်ဟု ထင်မြင်ယူဆလျှင် တရားရုံးသည် မြီစား သို့မဟုတ် လူမွဲအဖြစ်မှရပ်စဲခြင်း မရှိသေးသောသူ သို့မဟုတ် လူမွဲအဖြစ်မှရပ်စဲပြီး ဖြစ်သူနှင့်ပတ်သက်၍ ပုဒ်မခွဲ (က) အရ ဖော်ပြထားသော အခွင့်အာဏာများကို ကျင့်သုံး ဆောင်ရွက်နိုင်သည်–

(၁) ကြွေးမြီတာဝန်များမှ ရှောင်ရှားရန် သို့မဟုတ် နှောင့်နှေး စေရန် သို့မဟုတ် လူမွဲအဖြစ် ခံယူစေသည့်အမိန့်ချမှတ် ပေးရန် လျှောက်လွှာ သို့မဟုတ် မှုခင်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ စစ်ဆေး မေးမြန်းခြင်းတစ်ရပ်ရပ်ကို နှောင့်နှေးစေရန် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေရန် အလို့ငှာ ထွက်ပြေး တိမ်းရှောင် သွားကြောင်း သို့မဟုတ် ထွက်ပြေးတိမ်း ရှောင်မည်ဖြစ်ကြောင်း ယုံကြည်ရန် ဆီလျော်သော အကြောင်းရှိခြင်း၊

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

(၂) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ပစ္စည်းများကို လက်ရောက်ရယူခြင်းကို တားဆီးရန် သို့မဟုတ် နှောင့်နှေးစေရန်အလို့ငှာ ဖယ်ရှားခြင်း၊

(၃) လူမွဲမှုခင်းတွင်ဖြစ်စေ၊ လူမွဲပိုင်ပစ္စည်းများကို စီမံခန့်ခွဲခြင်းပြုရာတွင်ဖြစ်စေ မြီရှင်များအတွက် အသုံးဝင်သော စာအုပ်စာတမ်းနှင့် မှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်စည်များကို ထိမ်ချန်ကြောင်း သို့မဟုတ် ဖျက်ဆီးကြောင်း သို့မဟုတ် ထိုသို့ထိမ်ချန်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုမည်ဖြစ်ကြောင်း ယုံကြည်ရန် ဆီလျော်သော အကြောင်းရှိခြင်း၊

(၄) လူမွဲသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ ခွင့်ပြုချက်မရှိဘဲ နည်းဥပဒေများအရ သတ်မှတ်ထားသော ငွေပမာဏထက်မနည်းသော တန်ဖိုးရှိသည့် ၎င်း၏ လက်ဝယ်ရှိ ကုန်စည်တစ်ရပ်ရပ်ကို ဖယ်ရှားခြင်း၊

(၅) လူမွဲသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ တရားရုံး၏အမိန့်အရ ပြုလုပ်သည့် စစ်ဆေးမေးမြန်းမှု တစ်ရပ်ရပ်သို့ လာရောက်အစစ်ဆေးခံရန် ပျက်ကွက်ခြင်း။

**လူမွဲပိုင်ပစ္စည်းများကို သိမ်းဆည်းခြင်း**

၃၄၃။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို သိမ်းဆည်းစေရန် တာဝန်ရှိသူ တစ်ဦးတစ်ယောက်ထံသို့ ဝရမ်းထုတ်ဆင့်၍ တာဝန်ပေးအပ်နိုင်သည်–

(၁) တရားဝင် ပစ္စည်းထိန်းထံသို့ဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ လွှဲပြောင်း ပေးအပ်ရန်တာဝန်ရှိသော လူမွဲ သို့မဟုတ် တစ်ဦးတစ်ယောက်၏ လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှု အောက်တွင်ရှိနေသော လူမွဲပိုင်ပစ္စည်းများ၌ ပါဝင်သည့် ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ်

(၂) တရားဝင်ပစ္စည်းထိန်းထံသို့ဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ လွှဲပြောင်း ပေးအပ်ရန် တာဝန်ရှိသော လူမွဲ သို့မဟုတ် တစ်ဦးတစ်ယောက်၏ လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိနေသော လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသော မှတ်တမ်းများ။

( ခ ) ဤပုဒ်မအရ ထုတ်ဆင့်သော ဝရမ်းကို အတည်ပြုဆောင်ရွက်ရန်တာဝန်ရှိသူသည် လူမွဲပိုင်ပစ္စည်းများတွင်ပါဝင်သော ပစ္စည်းတစ်ရပ်ရပ်ကို သိမ်းဆည်းရန် သို့မဟုတ် လူမွဲပိုင်ပစ္စည်းများ၊ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်း များကိုသိမ်းဆည်းရန် အလို့ငှာ ဖမ်းဆီးရမည့် ထိုလူမွဲ သို့မဟုတ် သိမ်းဆည်းရမည့် အရာများ ရှိသည့် သို့မဟုတ် ရှိနေသည်ဟု ယုံကြည်သည့် နေအိမ်ဥပစာကို ချိုးဖျက် ဝင်ရောက်ခြင်းနှင့် ထိုပစ္စည်းများကို ထည့်သွင်းထားရှိသည့် သို့မဟုတ် ယင်းတို့ကို ထည့်သွင်းထားကြောင်း ယုံကြည်သည့် ဖုံးကွယ်ထားသော အရာများကို ချိုးဖျက်ခြင်း ပြုနိုင်သည်။

( ဂ ) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားရုံးသည် အောက်ဖော်ပြပါပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို တစ်ဦးတစ်ယောက်ပိုင်ဆိုင်သော နေအိမ်ဥပစာ၌ ကွယ်ဝှက်ထားကြောင်း ယုံကြည်ကျေနပ်လျှင် ထိုပစ္စည်း သို့မဟုတ် စာအုပ်စာတမ်းများကို ဝင်ရောက်ရှာဖွေသိမ်းဆည်းရန် ရဲအရာရှိ သို့မဟုတ် တရားရုံးအရာရှိအား ဝရမ်းထုတ်ဆင့်စေခိုင်းနိုင်သည်–

(၁) လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သည့် ပစ္စည်းတစ်ရပ်ရပ်၊

(၂) လူမွဲပိုင်ပစ္စည်းများ၊ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသော မှတ်တမ်းများ။

**လူမွဲပိုင်ပစ္စည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများကို စုံစမ်းစစ်ဆေးခြင်း**

၃၄၄။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက် မည်သည့်အချိန်တွင်မဆို တရားဝင် ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ တရားရုံးသည် အောက်ပါပုဂ္ဂိုလ်များကို လာရောက်စေရန် ဆင့်ခေါ်နိုင်သည်–

(၁) လူမွဲ သို့မဟုတ် ၎င်း၏လက်ရှိ သို့မဟုတ် ယခင် အိမ်ထောင်ဖက်၊

(၂) လူမွဲပိုင်ပစ္စည်းများတွင်ပါဝင်သော ပစ္စည်းတစ်ရပ်ရပ်ကို လက်ဝယ်ရှိသူ သို့မဟုတ် ထိုသို့ လက်ဝယ်ထားရှိကြောင်း ယုံကြည်ခြင်းခံရသူ သို့မဟုတ် လူမွဲသို့ကြွေးမြီ ပေးဆပ်ရန် တာဝန်ရှိသူ၊

(၃) လူမွဲ သို့မဟုတ် ၎င်း၏ ဆက်သွယ်ဆောင်ရွက်မှုများ၊ လုပ်ငန်းကိစ္စများ သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပေးနိုင်သည်ဟု တရားရုံးက ထင်မြင်ယူဆသူ။

( ခ ) လူမွဲနှင့် ၎င်း၏ဆက်သွယ်ဆောင်ရွက်မှုများကို ရှင်းလင်းထွက်ဆိုထားသော သက်သေထွက်ဆိုချက်တစ်ရပ်ကို မှန်ကန်ကြောင်း ကျမ်းကျိန်လွှာဖြင့် ပူးတွဲ၍ တရားရုံးသို့ တင်သွင်းရန် သို့မဟုတ် လူမွဲနှင့်ပတ်သက်သော သို့မဟုတ် ၎င်း၏ ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် လုပ်ငန်းကိစ္စများ သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်းသော ၎င်း၏လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှု အောက်တွင်ရှိသည့် စာချုပ်စာတမ်း တစ်ရပ်ရပ်ကို တင်ပြစေရန်အလို့ငှာ တရားရုံးသည် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) နှင့် (၃) တွင် ဖော်ပြ ထားသူတစ်ဦးဦးအား ဆင့်ဆို နိုင်သည်။

( ဂ ) ပုဒ်မ ၃၄၂ ပါပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေဘဲ အောက်ပါကိစ္စတစ်ရပ်ရပ်တွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်–

(၁) ဤပုဒ်မအရ ဆင့်ဆိုခြင်းခံရသည့်အခါ တစ်ဦးတစ်ယောက်သည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ တရားရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်ခြင်း၊

(၂) ဤပုဒ်မအရ ဆင့်ဆိုခြင်းခံရသည့်အခါ တစ်စုံတစ်ဦးသည် တရားရုံးရှေ့သို့ လာရောက်ခြင်းမှ ရှောင်ရှားရန်အလို့ငှာ ထွက်ပြေးတိမ်းရှောင်ကြောင်း သို့မဟုတ် ထွက်ပြေးတိမ်းရှောင်တော့မည်ဖြစ်ကြောင်း ယုံကြည်ရန်ခိုင်လုံသော အကြောင်းများရှိခြင်း။

(ဃ) ပုဒ်မခွဲ(ဂ)တွင်ဖော်ပြထားသူကို တရားရုံးရှေ့သို့ ခေါ်ဆောင်လာရန်နှင့် ထိုသူ၏ လက်ဝယ်ရှိပစ္စည်းတစ်ရပ်ရပ်ကို ရုံးရှေ့သို့ တင်ပြရန်အလို့ငှာ အောက်ပါအရေးယူဆောင်ရွက်ချက်များ လုပ်ဆောင်ရန်အတွက် တရားရုံးသည် ဝရမ်းထုတ်ဆင့်၍ ရဲအရာရှိ သို့မဟုတ် တရားရုံးအရာရှိအား အတည်ပြုဆောင်ရွက်စေနိုင်သည် –

(၁) ထိုသူအား ဖမ်းဆီးခြင်း၊

(၂) ထိုသူ၏လက်ဝယ်တွင်ရှိသော စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများ၊ ငွေကြေး သို့မဟုတ် ကုန်ပစ္စည်း တစ်ရပ်ရပ်ကို သိမ်းဆည်းစေခြင်း။

( င ) ပုဒ်မခွဲ(ဃ)အရ ထုတ်ဆင့်သောဝရမ်းဖြင့် ဖမ်းဆီးထားသော တစ်ဦးတစ်ယောက်အား အချုပ်တွင် ထားရှိစေရန်အပြင် ဝရမ်းအရ သိမ်းဆည်းထားခဲ့သော ပစ္စည်းတစ်ရပ်ရပ်ကို ထိုဝရမ်းအရ တရားရုံးရှေ့သို့ ထိုပုဂ္ဂိုလ်အား ခေါ်ယူတင်ပို့လာချိန်ထိဖြစ်စေ၊ တရားရုံးကအမိန့်တွင် ဖော်ပြသတ်မှတ်သည့် အချိန်ကာလအထိဖြစ်စေ ထိန်းသိမ်းထားရှိစေရန် ရဲအရာရှိ သို့မဟုတ် တရားရုံးအရာရှိအား ညွှန်ကြားနိုင်သည်။

**ပုဒ်မ ၃၄၄ အရ တရားရုံးက အတည်ပြုဆောင်ရွက်ရန်အာဏာ**

၃၄၅။ (က) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တင်ပြလာသော သက်သေခံချက်တစ်ရပ်ရပ်ကို စဉ်းစားသုံးသပ်ရာ၌ လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သော ပစ္စည်းတစ်ရပ်ရပ်သည် တစ်ဦးတစ်ယောက်၏ လက်ဝယ်တွင်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ထိုပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူက တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်း ခံရသူထံသို့ သတ်မှတ်သည့်အချိန်နှင့် နည်းလမ်းအတိုင်း လက်ရောက်ပေးအပ်စေရန် စည်းကမ်းချက်များ သတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်။

( ခ ) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တင်ပြလာသော သက်သေခံချက်တစ်ရပ်ရပ်ကို စဉ်းစားသုံးသပ်ရာ၌ တစ်ဦးတစ်ယောက်က လူမွဲထံသို့ ကြွေးမြီပေးဆပ်ရန်ရှိကြောင်း ပေါ်ပေါက်လျှင် ထိုတရားရုံးသည် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ ထိုကြွေးမြီအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထိုသူမှ တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ သတ်မှတ်သည့်အချိန်နှင့် နည်းလမ်းများအတိုင်း လက်ရောက်ပေးအပ်စေရန် စည်းကမ်းချက်များသတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်။

( ဂ ) ဆင့်ဆိုသောတရားရုံး၏ စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း ရှိနေခဲ့လျှင် ပုဒ်မ ၃၄၄ အရ တရားရုံးရှေ့သို့ လာရောက်ရန် ဆင့်ဆိုခြင်းခံရမည်ဖြစ်သော တစ်ဦးတစ်ယောက်သည် နိုင်ငံတော်အတွင်း၌ဖြစ်စေ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ ရှိနေစေကာမူ ၎င်းအား နိုင်ငံတော်အတွင်း တစ်နေရာရာ၌ စစ်ဆေးစေရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) ပုဒ်မ ၃၄၄ သို့မဟုတ် ဤပုဒ်မအရ တရားရုံးရှေ့သို့ လာရောက်သည့် သို့မဟုတ် တင်ပို့ခြင်းခံရသည့် တစ်ဦးတစ်ယောက်အား လူမွဲနှင့်ပတ်သက်၍ သို့မဟုတ် ၎င်း၏ ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် လုပ်ငန်းကိစ္စများ သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မေးမြန်းသော မေးခွန်းများကို ကျမ်းသစ္စာပြုစေ၍ စစ်ဆေးနိုင်သည်။

**ယာယီပစ္စည်းထိန်း ခန့်အပ်ခြင်း**

၃၄၆။ လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်သည့်အခါ အောက်ပါအချက်များသည် သက်ဆိုင်သကဲ့သို့ ပုဒ်မ ၂၇၂ အရ ယာယီပစ္စည်းထိန်းအား ခန့်အပ်ရာတွင် ပုဒ်မ ၃၄၄ နှင့် ၃၄၅ တို့သည်လည်း သက်ဆိုင်စေရမည်–

(က) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူဆိုသော စကားရပ်များတွင် ယာယီပစ္စည်းထိန်းဆိုသော စကားရပ်လည်း ပါဝင်သည်ဟု မှတ်ယူရမည်၊

( ခ ) လူမွဲနှင့် လူမွဲပိုင်ပစ္စည်းဆိုသော စကားရပ်များတွင် မြီစားနှင့် ၎င်းပိုင်ပစ္စည်းများလည်း ပါဝင်သည်ဟု မှတ်ယူရမည်။

**အထူးမန်နေဂျာ ခန့်အပ်ပိုင်ခွင့်**

၃၄၇။ (က) အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် တရားရုံးသည် တစ်ဦးတစ်ယောက်အား အထူးမန်နေဂျာအဖြစ် ခန့်အပ်နိုင်သည်–

(၁) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့်ကိစ္စ၊

(၂) လူမွဲဖြစ်မှုရပ်စဲခြင်းမရှိသေးသောသူ၏စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ကိစ္စ၊

(၃) တရားဝင်ပစ္စည်းထိန်းအား ပုဒ်မ ၂၇၂ အရ ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်ရာတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ကိစ္စ။

( ခ ) လူမွဲပိုင်ပစ္စည်းများ သို့မဟုတ် ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် စီးပွားရေးလုပ်ငန်း၏ သဘာဝအရဖြစ်စေ၊ မြီရှင်များ၏ အကျိုးစီးပွားအတွက်ဖြစ်စေ ယင်းတို့ကို စီမံခန့်ခွဲစေရန် အတွက် အခြားသူတစ်ဦးအားခန့်အပ်ရန် လိုအပ်နေကြောင်း တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ထင်မြင်ယူဆသည့်အခါ ထိုသို့ခန့်ထားပေးရန် လျှောက်ထားနိုင်သည်။

( ဂ ) အထူးမန်နေဂျာတစ်ဦးက ကျင့်သုံးဆောင်ရွက်ရန်အတွက် လုပ်ပိုင်ခွင့်အာဏာများကို တရားရုံးက အပ်နှင်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ တရားရုံးက အထူးမန်နေဂျာတစ်ဦးအား လုပ်ပိုင်ခွင့်အာဏာများ အပ်နှင်းရာတွင် တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယာယီပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်း ခံရသူတို့ကဲ့သို့ တူညီသောလုပ်ပိုင်ခွင့်ရှိပြီး ၎င်း၏ လုပ်ရပ်များသည်လည်း တူညီသော သက်ရောက်မှုရှိစေရမည်ဖြစ်ကြောင်း ထည့်သွင်းညွှန်ကြားနိုင်သည်။

( င ) ဤပုဒ်မအရခန့်အပ်သော အထူးမန်နေဂျာသည် အောက်ပါ တာဝန်များကို ဆောင်ရွက်ရမည်–

(၁) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ အာမခံ တင်သွင်းစေခြင်း၊

(၂) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ငွေစာရင်းများကိုပြုစု၍ ထိန်းသိမ်းစေခြင်း။

**လူမွဲ၏ စာပေးစာယူများကို ပြန်လည်ပေးပို့ခြင်း**

၃၄၈။ (က) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ၏ လျှောက်ထားချက်အရ လူမွဲမှဖြစ်စေ၊ ၎င်းထံသို့ဖြစ်စေ ပေးပို့သည့် သို့မဟုတ် ရယူသည့် စာပေးစာယူဆက်သွယ်မှုများနှင့် စပ်လျဉ်း၍ တရားဝင်ပစ္စည်းထိန်းထံသို့ဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ၊ အခြားနည်းဖြင့် ညွှန်ကြားသည့် နေရာသို့ဖြစ်စေ ပေးပို့စေရန် တရားရုံးသည် လူမွဲအဖြစ် ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်ရာတွင် ထည့်သွင်းချမှတ်နိုင်သည်။

( ခ ) ဤပုဒ်မအရချမှတ်သောအမိန့်၏ အကျိုးသက်ရောက်မှုရှိသည့်ကာလကို သတ်မှတ်နိုင်သော်လည်း ယင်းသတ်မှတ်ကာလသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ သုံးလထက် ကျော်လွန်ခြင်း မရှိစေရ။

**ကာလစည်းကမ်းသတ်**

၃၄၉။ ဤအပိုင်းအရဖြစ်စေ၊ နည်းဥပဒေများအရဖြစ်စေ အရေးယူဆောင်ရွက်ချက်တစ်စုံတစ်ရာကို ဆောင်ရွက်ရန် စည်းကမ်းသတ်ကာလ သတ်မှတ်ထားသည့်ကိစ္စတွင် ထိုကာလအတွင်းဖြစ်စေ၊ ကုန်ဆုံးပြီးနောက်မှဖြစ်စေ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း ယင်းစည်းကမ်းသတ်ကာလကို တိုးချဲ့သတ်မှတ်ပေးနိုင်သည်။

**နည်းလမ်းမကျမှုများ**

၃၅၀။ ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် အထူးမန်နေဂျာ သို့မဟုတ် မြီရှင်များကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခန့်အပ်ရာတွင်လည်းကောင်း၊ ၎င်းတို့၏အရည်အချင်းနှင့်စပ်လျဉ်း၍လည်းကောင်း နည်းလမ်း မကျမှုများ သို့မဟုတ် ချို့ယွင်းမှုများ ရှိခဲ့စေကာမူ ၎င်းတို့၏ ပြုလုပ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

**တံဆိပ်ခေါင်းခွန် ပေးဆောင်ရခြင်းမှ ကင်းလွတ်ခွင့်**

၃၅၁။ လူမွဲကဖြစ်စေ၊ လူမွဲအတွက်ဖြစ်စေ၊ လူမွဲ၏အကျိုးငှာဖြစ်စေ၊ ချုပ်ဆိုသော စာချုပ်တစ်ရပ် နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေအရ လူမွဲက တံဆိပ်ခေါင်းခွန်ကျခံရန် တာဝန်ရှိသည့် စာချုပ်စာတမ်းတစ်ရပ်ရပ်အပေါ် တံဆိပ်ခေါင်းခွန် ထိုက်သင့်ခြင်း မရှိစေရ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် လူမွဲအဖြစ် ရပ်စဲပြီးနောက် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

*(ဆက်လက်ဖော်ပြပါမည်)*

## နွေရာသီသောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်နွေရာသီ ရေပြတ်လပ်မှုဖြစ်နိုင်ချေရှိသော ကျေးရွာများအား ကြိုတင်စာရင်းကောက်ယူခြင်း၊ ကျေးရွာများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် သောက်သုံးရေအလျင်အမြန် ပံ့ပိုးဖြည့်ဆည်းပေးရန်အတွက် အစီအစဉ်များ ကြိုတင်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ သောက်သုံးရေပြတ်လပ်မှုများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သက်ဆိုင်ရာကျေးရွာများသို့ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များအား ဖြန့်ဝေထားရန် အကြောင်းကြားထားပြီးဖြစ်ပါသည်။ သို့ပါ၍ ရေပြတ်လပ်မှုဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဆက်သွယ်ကြရန် နှိုးဆော်အပ်ပါသည်။

သောက်သုံးရေ အခက်အခဲဖြစ်ပေါ်မှု သတင်းပေးပို့ခြင်းနှင့် လှူဒါန်းလိုခြင်းရှိပါက သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းနံပါတ်များအား ဆက်သွယ်သတင်းပေးပို့ နိုင်ပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ အောက်ဖော်ပြပါ Hot Line ဖုန်းနံပါတ်များသို့လည်း ဖုန်းခေါ်ဆို၍လည်းကောင်း၊ Text Message ပေးပို့၍လည်းကောင်း ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်**

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၉-၅၀၈၈၉၉၉ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ၀၆၇-၃၄၁၈၆၀၂ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | ၀၉-၄၂၈၃၀၀၇၆၆ |
| ညွှန်ကြားရေးမှူး (ကျေးလက်ရေရရှိရေးဌာန) | ၀၉-၄၄၂၀၇၆၂၄၄ |
| ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | Hot Line ၀၆၇-၃၄၁၈၆၅၁ |
| ကျေးလက်ရေရရှိရေးဌာန | ၀၆၇-၃၄၁၈၆၃၁၊ ၀၆၇-၃၄၁၈၆၅၅ |
| စိုက်ပျိုးရေးဦးစီးဌာန | Hot Line ၀၁-၂၃၉၉၅၅၅ |
| | Call Center ၀၆၇-၃၄၁၀၁၃၉ |

## MNL ပြိုင်ပွဲ ပထမအကျော့ လက်ကျန်ပွဲကျင်းပမည့်ရက် ပြောင်းလဲ

**ရန်ကုန် မတ် ၁၀**

မြန်မာ့လက်ရွေးစင်အသင်း၏ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲများ ရွှေ့ဆိုင်းခဲ့သောကြောင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့လက်ကျန်ပွဲ ကျင်းပမည့်ရက်များ ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် မတ် ၁၀ ရက်က ကလပ်အသင်းများမှ တာဝန်ရှိသူများနှင့် အစည်းအဝေးပြုလုပ်ပြီးနောက် ပထမအကျော့ ပွဲစဉ် (၁၀) နှင့် (၁၁) ကျင်းပမည့်ရက်ကို ထပ်မံပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပွဲစဉ် (၁၀) ကို မတ် ၂၈၊ ၂၉ ရက်၊ ပွဲစဉ် (၁၁) ကို ဧပြီ ၄၊ ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြောင်းလဲလိုက်သည့်ပွဲစဉ်အရ ပွဲစဉ် (၁၀)အဖြစ် မတ် ၂၈ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရခိုင်အသင်း၊ မတ် ၂၉ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏ ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ပွဲစဉ် (၁၁) အဖြစ် ဧပြီ ၄ ရက်တွင် YUSCကွင်း၌ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်း၊ ဧပြီ ၅ ရက်တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်အပြောင်းအလဲကြောင့် ပထမအကျော့ပွဲစဉ်များမှာ ဧပြီပထမပတ်မှာပင် ပြီးဆုံးမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖေဖော်ဝါရီလက အစည်းအဝေးပြုလုပ်၍ မြန်မာ့လက်ရွေးစင်အသင်း မတ်လတွင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် ပိုမိုရရှိစေရန် ပွဲစဉ် (၁၀) နှင့် (၁၁) ကို ရက်ပြောင်းလဲခဲ့သော်လည်း ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID-19 ကြောင့် ခြေစစ်ပွဲများ ရွှေ့ဆိုင်းခဲ့ရာ MNL ပွဲစဉ်များကိုလည်း ပြန်လည်ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။

ပွဲစဉ် (၉) အပြီးတွင် နှစ်ပတ်ကျော်ရပ်နားမည်ဖြစ်ပြီး ပွဲစဉ် (၉) အပြီးတွင် ဟံသာဝတီအသင်းက ၂၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၂၃ မှတ်၊ ရန်ကုန်အသင်းက ရမှတ် ၂၀၊ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရခိုင်အသင်းက ၁၅ မှတ်၊ စစ်ကိုင်းအသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းက ၁၀ မှတ်၊ မကွေးနှင့် အား/ကာသိပ္ပံအသင်းက ခုနစ်မှတ်စီ၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ Southern နှင့် ချင်းယူနိုက်တက်အသင်းက လေးမှတ်စီရရှိထားသည်။

**ညီမြတ်သော်တာ**

## ခိုးမှုပြစ်ချက်ဟောင်းရှိသူတစ်ဦးအား စစ်ဆေးရာမှ အခြားခိုးမှုများ ထပ်မံဖော်ထုတ်နိုင်ခဲ့

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက မိမိနယ်မြေအတွင်း ခိုး၊ဆိုး၊လု၊နှိုက်မှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ မတ် ၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့်က မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ခိုးမှုပြစ်ချက်ဟောင်းတရားခံ မင်းသူ(ခ)ညွန့်ထွေး(ခ)ငကြွက်အား အခြားခိုးမှုများဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ဖေဖော်ဝါရီလတွင် လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဖိုးရာဇာလမ်းမဘေးတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့်ဖမ်းဆီးသည်။

ဖမ်းဆီးရမိသူ မင်းသူ(ခ)ညွန့်ထွေး(ခ)ငကြွက်ကို အခြားခိုးမှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်း လမ်းမဘေးတွင် ရပ်ထားသော ကွန်တိန်နာယာဉ်တစ်စီးပေါ်မှ ဖုန်းတစ်လုံး၊ (၈)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမဘေးတွင် ရပ်ထားသော ကွန်တိန်နာယာဉ်တစ်စီးပေါ်မှ ဖုန်းတစ်လုံး၊ (၁)ရပ်ကွက် တပင်ရွှေထီးလမ်းမဘေးတွင် ရပ်ထားသော ကွန်တိန်နာ ယာဉ်တစ်စီးပေါ်မှ ဖုန်းတစ်လုံး၊ ရွှေလင်ပန်းရွာ ရွှေဘုံသာလမ်းရှိ နေအိမ်ခြံဝင်း တစ်ခုအတွင်းမှ ဆိုင်ကယ်တစ်စီး၊ (၉)ရပ်ကွက် မင်းဘူးလမ်းရှိ နေအိမ်နှစ်အိမ်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်နှစ်စီး၊ ဘားအံလမ်းရှိ နေအိမ်တစ်အိမ်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (၁၃)ရပ်ကွက် စစ်တွေလမ်းရှိ နေအိမ်တစ်အိမ်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ ဗိုလ်အောင်ကျော်လမ်းရှိ နေအိမ်တစ်အိမ်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးနှင့် ရန်ကြီးအောင်လမ်းရှိ နေအိမ်တစ်အိမ်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။



ပြစ်မှုကျူးလွန်သူ မင်းသူ(ခ)ညွန့်ထွေး(ခ)ငကြွက်နှင့် သက်သေခံပစ္စည်းများ

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း ဖုန်း၊ ဆိုင်ကယ်များကို ပြန်လည်သိမ်းဆည်း ရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ မင်းသူ(ခ)ညွန့်ထွေး(ခ)ငကြွက်ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## အောင်မြေသာစံမြို့နယ်တွင် နေအိမ် ၁၄ လုံးမီးလောင်

**မန္တလေး မတ် ၁၀**

မန္တလေး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် အကွက် (၄၁၅/N3) အေးငြိမ်းချမ်းသာ ဘုန်းတော်ကြီးကျောင်း၏ အနောက်ဘက်အနီးတွင် ယနေ့ နံနက် ၁၀ နာရီ ၄၄ မိနစ်ခန့်က ဦးဖိုးထွေး၏နေအိမ်ရှိ တီဗွီတွင် တပ်ဆင်ထားသည့် မီးဖြတ်စက် အပူလွန်ကဲရာမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၄ လုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။ **(အောက်ပုံ)**

မီးလောင်ရာသို့ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၀၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၃၀ တို့က အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးငြိမ်းသတ်ယာဉ် ၃၀၊ ရေသယ်ယာဉ် ၂၀ တို့ဖြင့် မီးငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၁၄ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရပြီး မီးပေါ့ဆစွာ သုံးစွဲသူ ဦးဖိုးငွေးအား သက်ဆိုင်ရာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်လင်းဦး(ပြန်/ဆက်)**



❍ *ကျောဖုံးမှ*

ရန်ကုန်အသင်းသည် ခြေအသာဖြင့် ကစားနိုင်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် မိနစ် ၈၀ ကျော်တွင် ရရှိသည့် တစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ရန်ကုန်အသင်း နည်းပြချုပ် ဦးတင်မောင်ထွန်းသည် ဂိုးသမားနေရာတွင် ကျော်ဇင်ထက်အစား ဆန်းဆက်နိုင်ကို အသုံးပြုသည်မှလွဲ၍ နိုင်ငံခြားသားကစားသမား လေးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ဟောင်အန်အသင်းမှာမူ နိုင်ငံခြားသားများအပါအဝင် လူစုံအသုံးပြုခဲ့သော်လည်း ခံစစ်သာ အားပြုကစားခဲ့ပြီး ပထမပိုင်းတွင် တိုက်စစ်ဆင်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ပထမပိုင်းတွင် ဂိုးမရဘဲ ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ဟောင်အန်အသင်းမှာလည်း ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးကို ၈၁ မိနစ်တွင် တိုက်စစ်မှူးသန်းပိုင်က မောင်မောင်လွင်၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူခဲ့သည်။ ရန်ကုန်အသင်းပါဝင်သည့် အုပ်စု (F) အခြားပွဲတွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်) နှင့် ရန်ကုန် (မြန်မာ) အသင်းတို့က ခုနစ်မှတ်စီရထားပြီး ဟောင်အန်ယူနိုက်တက် (စင်ကာပူ) အသင်းက သုံးမှတ်ရထားကာ လာအိုတိုယိုတာ (လာအို) မှာမူ သုံးပွဲစလုံး အရေးနိမ့်ထားသည်။

စင်ကာပူနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ) အသင်းက မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ သုံးပွဲစလုံး အရေးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး တမ်ပနိစ်ရိုဗာအသင်းမှာလည်း ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သည်။ တမ်ပနိစ်ရိုဗာအသင်းသည် ဂိုးပေါက်ခြိမ်းခြောက်မှု များစွာပြုလုပ်နိုင်ခဲ့သော်လည်း ရှမ်းယူနိုက်တက် ဂိုးသမား သီဟစည်သူ လက်စွမ်းပြကာကွယ်နိုင်ခဲ့သောကြောင့် နှစ်ဂိုးသာပေးခဲ့ရခြင်းဖြစ်သည်။ တမ်ပနိစ်ရိုဗာအသင်းအတွက် ဂိုးများကို ၅၅ မိနစ်တွင် ကိုပီတိုဗစ်နှင့် ၇၁ မိနစ်တွင် ဝက်ဘ်တို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အတွက် ချေပဂိုးတစ်ဂိုးကို ၉၀+၁ မိနစ်တွင် ဟိန်းဖြိုးဝင်းက သွင်းယူခဲ့သည်။ အုပ်စု (G) တွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ) က ခုနစ်မှတ်၊ ကာယာ (ဖိလစ်ပိုင်) က ငါးမှတ်၊ မာကာဆာ (အင်ဒိုနီးရှား) က လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ဒုတိယအကျော့ပွဲစဉ်များကို ဧပြီလတွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၁၁ . ၃ . ၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – “အညာနွေဦးပွဲတော် မန်းရွှေစက်တော်”
- ၉:၁၅ – မွေးမြူရေးရာအဖြာဖြာ “ကကတစ်ငါးမွေးမြူရေး” (မြိတ်မြို့နယ်)
- ၁၁:၁၅ – ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၁:၄၅ – ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး “ဆေးဖက်ဝင်အပင်များ စုံလင်စွာ ပရဆေးဥယျာဉ်မှာ”
- ၁၃:၁၀ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၄:၃၀ – (၁၈) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီး) “မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း”(ဒုတိယဆု) (စစ်ကိုင်းတိုင်းဒေသကြီး) (ပထမပိုင်း)

**ညပိုင်း**

- ၁၆:၃၅ – People Talk “အော်ဂဲနစ်နှင့်ပြည်သူ”
- ၁၇:၂၀ – သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ဥံဖွ”
- ၁၈:၂၀ – ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “အမေ့စာ”
- ၁၉:၁၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ – ပြည်သူ့အကျိုးပြု မှတ်တိုင်များ “မသန်စွမ်းသူများ အားထားရာ သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာ သင်ကြားလေ့ကျင့်ရေး စင်တာမှာ
- – မြန်မာ့ရုပ်ရှင် ရာပြည့် ဂုဏ်ပြုရုပ်ရှင် “ရွှေနံ့သာစံအိမ်” (ရန်အောင်၊ ဝေဠုကျော်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ- မောင်နန္ဒ)

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာ မောင်ခင်ဇော် (ကေသီပန်)နှင့် ရုပ်ရှင်စကားဝိုင်း

## ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

**ဒီတစ်ပတ် ရုပ်ရှင်စကားဝိုင်းကို ကျွန်တော်နဲ့အတူ ဆွေးနွေးမယ့် ပုဂ္ဂိုလ်ကတော့ ခင်ဇော်(ကေသီပန်)ဆိုပြီးတော့ နာမည်ရှိတဲ့သူ ပါပဲ။ အခုကတော့ ကျွန်တော်တို့ကတော့ ဆရာ ဦးခင်ဇော်လို့ ခေါ်ဆိုပါတယ်။ ဆရာ ဦးခင်ဇော်ဟာ နာမည်ကျော် လူငယ်ဒါရိုက်တာ မိုက်တီးရဲ့ ဖခင်ဖြစ်သလိုပဲ သရုပ်ဆောင် ချစ်ချစ်ဇော်တို့၊ လင်းဇာနည်ဇော်တို့ရဲ့ ဖခင်လည်း ဖြစ်ပါတယ်။**

*(၈-၃-၂၀၂၀ ရက်နေ့မှအဆက်)*

**ကြည်စိုးထွန်း ။ ။** ဩော် ဦးအောင်မြင့်မြတ်ဟုတ်တယ် ဆရာ။ အဲဒီတုန်းက လှုပ်ရှားကြတာပေါ့။ နောက် ဆရာ၊ ချစ်ချစ်ဇော်တို့လည်း စာတမ်းတွေ ဖတ်တယ်ထင်တယ်။

**ဦးခင်ဇော် ။ ။** စာတမ်းတွေကကျွန်တော်တို့က ဟိုဘက်မှာ။

**ကြည်စိုးထွန်း ။ ။** ပဒုမ္မာကွင်း စမ်းချောင်းမှာ။ စာတမ်း ၁၀ စောင်လား မသိဘူး။ တော်တော်များများ ဖတ်ကြတယ်။

**ဦးခင်ဇော် ။ ။** စာတမ်းငယ်ဆိုပြီးတော့။

**ကြည်စိုးထွန်း ။ ။** အဲဒါလည်း စာအုပ်ထွက်တယ် ဆရာ ကောင်းပါတယ်။ နောက်တစ်ခုက ဒီဘက်ကနေပြီးတော့ ကျွန်တော်တို့ အုပ်စုတွေကတော့ ပြဇာတ်တွေ ကကြတာပေါ့။ ကျွန်တော်က ရုပ်ရှင်ခရီးသည်ဆိုတဲ့ ပြဇာတ်ကလေး။ အဲဒီတုန်းက ကျွန်တော် ကသေးတယ်။ ဘာပဲဖြစ်ဖြစ် စိန်ရတုမှာ ကျွန်တော် အကျိုးရှိဆုံးဟာကတော့ စုဆောင်းမိတာပဲ ထင်တယ်။ ဆိုပါတော့ ဆရာ၊ ရုပ်ရှင်ကြော်ငြာတွေ စုမိတယ်။ နောက် ရုပ်ရှင်ကားထုပ်တွေစုတယ်။ နောက် တစ်နိုင်ငံလုံးကနေ ဒါကို စိတ်ဝင်စားတယ်ဆရာ။ စိတ်ဝင်စားပြီးတော့ ရုပ်ရှင်အစည်းအရုံးနဲ့ ရုပ်ရှင်လုပ်ငန်းကို ပိုစတာတွေ၊ ကြော်ငြာတွေ တော်တော်များများ ပို့တာဆရာ။ အဲဒီပို့တာကနေပြီးတော့ တကယ့်ကို ကျွန်တော်တို့ရဲ့ အမွေအနှစ်ဖြစ်တဲ့ ရုပ်ရှင်ပြတိုက်ကြီး။ ဆရာ အဲဒါပြီးမှ ဖြစ်တာမဟုတ်လား။ စိန်ရတုပြီးမှ ရုပ်ရှင်ပြတိုက်ကြီး ဖြစ်သွားတာ။ ဒါကတော့ တော်တော့်ကို ကျွန်တော်တို့ ဂုဏ်လည်းယူစရာ ကောင်းတယ်။ အကျိုးကျေးဇူးလည်းရှိတယ်ထင်တယ်။ အဲဒီပြတိုက်မှာလည်း ဆရာတို့လည်း တာဝန်ယူရတာပဲ။ ဆရာတို့လည်း ရုပ်ရှင်ပြတိုက်ကော်မတီမှာ ပါဝင်လှုပ်ရှားပြီးတော့ တာဝန်ယူခဲ့ရတာပဲ။ စာကြည့်တိုက် ဖြစ်လာတယ်၊ ပြတိုက်ဖြစ်လာတယ်။ တန်ဖိုးအရှိဆုံးပါပဲ ဆရာ။

**ဦးခင်ဇော် ။ ။** ဒါပေမယ့်ခက်တာက စာကြည့်တိုက်က အမြဲတမ်းလှုပ်ရှားနေမှ ကောင်းတယ်။ ငြိမ်သွားလိုက်တာနဲ့ တစ်ခါတည်း လေယာဉ်ပျံကြီးလိုပဲ၊ လေယာဉ်ပျံကောင်းကင်မှာ ပျံနေတယ်။ စက်နဲ့ တဝီဝီတော့ သွားနေတာပဲ။ စက်ရပ်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း ထိုးကျသွားတာပဲ။ အခု အဲဒီစာကြည့်တိုက်ဆိုတဲ့ဟာက စာအုပ်တွေ အစုံထားပေမယ့်လို့ လာမကြည့်ကြဘူး။

**ကြည်စိုးထွန်း ။ ။** စာအုပ်တွေက တော်တော်များများ ရှိတယ်။ သိပ်တော့ မလာကြဘူးပေါ့။ ပြတိုက်မှာလည်း အဝတ်အစားနဲ့ ပတ်သက်ပြီး အများကြီးရှိတယ်ဆရာ။ တကယ်လည်း ဗဟုသုတရစရာတွေ အများကြီးပါပဲ။ အခုတော့ ရုံးပိတ်ရက်တိုင်း ပြတိုက်ကတော့ ဖွင့်ဖွင့်ပေးနေပြီးတော့ လာလည်းလာကြပါတယ်။ ကျောင်းသူ ကျောင်းသားလေးတွေလည်း လာကြည့်ကြတယ်။ ဒါကတော့ ကျွန်တော်ထင်တယ်။ ပုဂ္ဂလိကထဲမှာ အထင်ရှားဆုံး ပြတိုက်ပြပါဆိုရင် ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံး ပြတိုက်ပဲ ထင်ပါတယ်။ အဆောက်အဦကြီးကလည်း ကျွန်တော်ထင်တယ်။ နှစ်ပေါင်း ၈၀၊ ၉၀ လောက်ရှိပြီ ထင်တယ်။ အဲဒီအဆောက်အဦကြီးကလည်း တော်တော်လေး Antique ပေါ့ ဆရာ။ အဲဒီမှာ ထိုင်တဲ့ပုဂ္ဂိုလ်တွေကလည်း Antique တွေ ဆရာ။ ၈၀ ကျော်တွေ ချည်းပဲ။ ဦးတင်ယုလည်း အဲဒီမှာ ထိုင်တယ်ဆိုတော့။ အဲဒါလေးကတော့လည်း စိန်ရတုရဲ့ တကယ့်ကို အမွေအနှစ်ကလေးက ကျေးဇူးရှိပါတယ် ဆရာ။

**ဦးခင်ဇော် ။ ။** စိန်ရတုရဲ့အမွေအနှစ်က အဲဒီလို ရသလို ရွှေရတုတုန်းကလည်း ရတဲ့ငွေနဲ့ ခန်းမကြီး ဆောက်ပစ်လိုက်တယ်။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့ဆရာ။ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံး ဝင်ဝင်ချင်း ခန်းမကြီးပေါ့ ဆရာ။ အခုထိလည်း သုံးနေတာပေါ့ ဆရာ။

**ဦးခင်ဇော် ။ ။** အဲဒီဟာရဲ့ ပထမကျေးဇူးတင်ရမှာ က ရုပ်ရှင်နဲ့ ပြဇာတ်အစည်းအရုံး။

ပါတာ။ အခုကျတော့ တဖြည်းဖြည်း။

**ကြည်စိုးထွန်း ။ ။** နည်းနည်း ကျဉ်းလာတာပေါ့လေ။ ရန်ပုံငွေလိုတော့လည်း ဖွဲ့ဖွဲ့ရောင်း ရင်းနဲ့ ထင်ပါရဲ့။ နည်းနည်းကျဉ်းလာတယ် ထင်ပါတယ် ဟုတ်လား ဆရာ။

**ဦးခင်ဇော် ။ ။** ငွေလိုတယ်ဆိုတာလည်း အစည်း အရုံးမယ် မရှိပါဘူး။ ကျွန်တော်က တော့ ဒီလိုမထင်ဘူး။ အရာဝတ္ထုတစ်ခု အသီးအနှံတစ်ခု နေပူထဲချထားရင် တဖြည်းဖြည်း ကျုံ့ကျုံ့သွားသလိုပေါ့။

**ကြည်စိုးထွန်း ။ ။** ဟုတ်ပါပြီဆရာ။ ငွေရတုရဲ့ အသီး အပွင့်က ဘာလဲဆိုတော့ အခု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနေရာကြီးကို ငွေရတုကနေ




ရုပ်ရှင်နဲ့ ပြဇာတ်အစည်းအရုံးဟာ ငွေရတုတုန်းက သူက ကျဆုံးတဲ့ခေါင်းဆောင်ကြီးတွေရဲ့ ဈာပနကို ရိုက်ပြတယ်။ ပြလိုက်တဲ့အခါကျတော့ ကြည့်တဲ့သူက များတယ်။ ဝင်ငွေကလည်း တော်တော်ကြီးရတယ်။ ဝင်ငွေကလည်း တော်တော်လေးရတော့ အောက်ကမြေကွက်ကို ဝယ်နိုင်တဲ့အထိ ဖြစ်သွားတယ်။

ပြီးတော့ အမွေပေးသွားတယ်။ နောက်တစ်ခါ ရွှေရတုကျတော့ ဒီရုပ်ရှင်အစည်းအရုံးထဲမှာ အကြီးဆုံးပေါ့နော်။ အကြီးဆုံး ခန်းမကြီးတစ်ခုကို ဆောက်နိုင်ခဲ့တာပေါ့ ဆရာ။ နောက်တစ်ခါကျတော့ စိန်ရတုကျတော့ ကျွန်တော်တို့က တကယ့်တန်ဖိုးရှိတဲ့ ပြတိုက်ကြီးဖြစ်အောင် အမွေပေးလာတယ်ပေါ့ဆရာ။ ဘာလိုလိုနဲ့ ဆရာရေ ရုပ်ရှင်ကနှစ် ၁၀၀




အဝေမ်းဦးသိန်းထွန်း



ဦးအောင်မြင့်မြတ်



ချစ်ချစ်ဇော်

**ကြည်စိုးထွန်း ။ ။** ဩော် အခုရုပ်ရှင်အစည်းအရုံး အောက်က မြေကွက်ကြီးကို။

**ဦးခင်ဇော် ။ ။** မြေကွက်ကြီးက ပထမအကျယ်ကြီး။ ဒီထောင့်တွေပါ တစ်ခါတည်း

ပြည့်တော့မယ် ဆရာ။ အဲဒီ ကျရင်တော့ ကျွန်တော်တို့က ဘာတွေများ ထပ်ပြီးတော့ အမွေပေးနိုင်ဦးမယ်ဆိုတာ မျှော်မှန်းကြည့်ရရင်တော့နော် ဆရာနော်။ ပေးချင်ပါတယ် ဆရာရယ်။ တကယ်တန်ဖိုးရှိတဲ့ဟာ တစ်ခုပေါ့။ ပြောပါဦး ဆရာ။ အဲဒီတော့ စိန်ရတုရဲ့ အတွေ့အကြုံတွေကို။

**ဦးခင်ဇော် ။ ။** စိန်ရတုရဲ့အတွေ့အကြုံကတော့ ကျွန်တော်ကတော့ ကျွန်တော့် အခန်းကနေ ဘယ်မှမသွားဘူး။

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့ဆရာ။ တပ်မတော် ခန်းမက ပြခန်းမှာပဲ။

**ဦးခင်ဇော် ။ ။** ပြခန်းမှာပဲ ကျွန်တော်နေပေးရ တော့ ကျန်တဲ့ဟာတွေ ကျွန်တော် သိပ်မသိဘူး။

**ကြည်စိုးထွန်း ။ ။** ဧည့်သည်တွေလည်း လာတယ်။ ကြည့်တဲ့သူတွေကလည်း လာတယ်နော်။ ဆရာရေ ဆရာနဲ့ ကျွန်တော်နဲ့ ငွေရတုကို ဖြတ်သန်းလိုက်၊ ရွှေရတုကို ဖြတ်သန်းလိုက်၊ စိန်ရတုကို ဖြတ်သန်းလိုက်၊ နောင်ရာပြည့်ကိုလည်း လှမ်းမျှော်ကြည့်လိုက်နဲ့ ရုပ်ရှင်လောကမှာ ကျင်လည်ခဲ့ကြတဲ့ အထဲမှာ ဆရာ့အနေနဲ့ ဆရာရုပ်ရှင်ခေတ်တစ်လျှောက်မှာ ကြော်ငြာပုံအမျိုးမျိုး ရှိတာပေါ့ဆရာရယ်။ တစ်ခါတည်း ခေတ်ဟောင်းတုန်း ကဆိုရင်လည်း ကားတွေနဲ့ ကြော်ငြာတာတို့၊ တစ်ခါ တည်း လူပေါ်မှာ ၃၆ ကောင် အရုပ်ရေးပြီး ကြော်ငြာတာ တို့ ဆရာတို့ ပဲရော့ကပဲ အဲဒီလို ကြော်ငြာတယ်။

**ကြည်စိုးထွန်း ။ ။** ကြော်ငြာတာတွေ အမျိုးမျိုးရှိ တယ်။ နောက်ကျတော့ ကြော်ငြာစာရွက်မှာပဲ သူတို့က ကဗျာလေးတွေနဲ့ လင်္ကာလေးတွေနဲ့ ရေးပြီးတော့ ကြော်ငြာတာတွေ အများကြီး ရှိပါတယ်။ အဲဒီထဲက ဆရာမှတ်သားခဲ့တာလေးတွေ၊ စိတ်ထဲမှာ စွဲလမ်းခဲ့မိတာလေးတွေ ပြောပါဦး ဆရာ။

**ဦးခင်ဇော် ။ ။** အဲ ကျွန်တော် ရေးလာခဲ့တာလေး တချို့တော့ ရှိတာပေါ့။ အဲဒီဟာလေး ကျွန်တော် ပြောပြမယ်။ ၁၉၂၈ ခုနှစ် နယ်ချဲ့လက်ထက်က မြန်မာသူပုန်ကို ကမ္ဘာတုန်အောင် အာရုံစိုက်ခဲ့သော တောပုန်းကြီးစံဖဲ။

**ကြည်စိုးထွန်း ။ ။** ဩော် တောပုန်းကြီးစံဖဲ ရွှေဘာ။

**ဦးခင်ဇော် ။ ။** နာမည်ကြီးတိုင်းလည်း ကြောက် မနေကြပါနဲ့။ ဂုဏ်ယူလောက်တဲ့အာဇာနည်၊ မြန်မာပြည်မက ကမ္ဘာ့သတင်းစာကြီးများ ကပင် နယ်ချဲ့အစိုးရနှင့်ကမ္ဘာသိအောင် သတိပေးစကား စိုးရိမ်မကင်း ရေးသားကြလို့ ကမ္ဘာကျော်သွားရတဲ့ တောပုန်းကြီးစံဖဲ။ ဒီဇာတ်ကားကို ရုပ်ရှင်စစ်ဆေးရေး အရာရှိကြီးများ စုံရာရှေ့မှာ အစစ်ဆေးခံခဲ့ရာ တစ်နိုင်ငံလုံး စံဖဲကြီး ဖြစ်ကုန်မှာစိုးရသည့် ၁၉၂၈ ခုနှစ် အဖြစ်အပျက်ဟု ထိပ်စည်းစာကြီးကြီးထည့်သွင်းသည်မှ ပြစေဟု အမိန့်ရ၍ တောပုန်းကြီးစံဖဲ။ *စာမျက်နှာ ၂၄ သို့*





*စာမျက်နှာ ၂၃ မှ*

**ကြည်စိုးထွန်း** ။ ။ ဩော် တောပုန်းကြီးစံဖဲ ကြော်ငြာ။

**ဦးခင်ဇော်** ။ ။ ဟုတ်ကဲ့ ကြော်ငြာ၊ ဘာမထီ တကယ်မနည်းသော သာစည်နယ် မဲတောရွာမှာမွေးတဲ့ တောပုန်းကြီးစံဖဲ၊ ဇာတ်ညွှန်း ဆရာဟန်၊ ဒါရိုက်တာ ဦးကျော်မြင့်၊ ရွှေဘနှင့် မြင့်မြင့်ခင်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ဆရာ၊ ဟုတ်ကဲ့ဆရာ ကြည့်ဖူးတယ်ဆရာ။ အဲဒါ ၅၀ နဲ့ ၆၀ ကြားမှာ ထင်တယ် ဆရာ။

**ဦးခင်ဇော်** ။ ။ သူက နောက်ပိုင်းဟာတွေနဲ့ ရောနေတာ။ တောပုန်းကြီးစံဖဲက နှစ်ခါလောက်။

**ကြည်စိုးထွန်း** ။ ။ ဩော်။ နောက်တစ်ခါက မောင်သင် နဲ့ထင်တယ် ဆရာ။

**ဦးခင်ဇော်** ။ ။ လူမိုက်ဖြစ်ရခြင်း အကြောင်းရင်းကို ဘွင်းဘွင်းနဲ့ ရှင်းရှင်း ဖြေထားပြီး ကြမ်းကြမ်းနဲ့ ဆန်းဆန်းကလေးများကိုပါ အသည်း တဖိုဖို ဘဝင်ကျလောက်အောင် ရှုစားရမယ့် လူမိုက်လောက ဆိုပြီးတော့။ နောက်အေဝမ်းကျတော့ တေးထပ်ကလေးတွေ နဲ့ပေါ့လေ။ ဒါကတော့ လူတိုင်းက သိပြီးသားပါ။ ကျွန်တော် စပြီးတော့ ကျွန်တော့်ကုမ္ပဏီ ကေသီပန် ဒီရုပ်ရှင်က ပွဲဦးထွက်ရိုက်တဲ့ ရယူလိုသောဆု ဆိုတဲ့ဇာတ်ကား။ ဒီဇာတ်ကားကို ကျွန်တော်က ရယူလိုသော ဆုကနေ နွဲ့ဆိုးဆိုပြီး ပြန်ရိုက်တယ်။ နောက် မိုက်တီးက အဲ့ဒီဟာကို ၅၂၈ ဆိုပြီး ပြန်ရိုက်တယ်။ ၅၂၈ ဆိုပြီး သုံးခါတောင် ပြန်ရိုက်တယ် ဒီကောင်။

**ကြည်စိုးထွန်း** ။ ။ ဇာတ်လမ်းက ကောင်းတာကိုး ဆရာရဲ့။ ဇာတ်လမ်းက အရေးကြီး တာပါပဲ။ ပြီးခဲ့တဲ့အပတ်ကလည်း ဆရာဦးပြည့်စုံ ပြောသွားသလို ဇာတ်လမ်းက အရေးကြီးတယ်ဆိုတဲ့ အကြောင်း ကျွန်တော်လည်း ပြောပြလိုက်ပါတယ်။ ကိုရီးယားကားတွေ၊ ဇာတ်လမ်းတွဲတွေ ကြိုက်တယ် ဆိုတာ ဇာတ်လမ်းကောင်းတာကိုး၊ ကြိုက်တာပေါ့။ နောက်တကယ်လည်း ခမ်းခမ်းနားနားလည်း ပြနိုင် တယ်။ သရုပ်ဆောင်တွေလည်း ကောင်းတယ်ပေါ့။ ဒါတွေလည်း ပါပါတယ်။ သို့သော်လည်း အဓိကကတော့ ဇာတ်လမ်းပေါ့ ဆရာ။

**ဦးခင်ဇော်** ။ ။ နောက်သူတို့ဆီမှာ ကျောင်းရှိ တယ်။ ကျောင်းရှိတော့ ဒီမင်းသမီးတွေက ငိုတာကို ကျွန်တော် ကြည့်လိုက်တယ်။ ငိုပြီဟေ့ ဆိုတာနဲ့ တစ်ပြိုင်နက်တည်း ပါးစပ်ပိတ်တယ်။ ဒီပုံစံပဲ အကုန်လုံး ကြည့်လိုက်တော့ ဒီပုံစံပဲ။

**ကြည်စိုးထွန်း** ။ ။ တစ်ကျောင်းတည်း ဆင်းပေါ့။ ဟားဟားဟား။

**ဦးခင်ဇော်** ။ ။ ကျွန်တော် ဆိုပါတော့၊ကျွန်တော် လည်း ကိုယ့်ဟာကိုယ် ဘာလေး လုပ်ရင်ကောင်းမလဲ စဉ်းစားတာ၊ နွဲ့ဆိုးတုန်းက ကျွန်တော်ကြော်ငြာတာ၊ နိုးဆွဲ့ဆိုပြီးတော့ ကြော်ငြာ တာ။

**ကြည်စိုးထွန်း** ။ ။ ဩော် နိုးဆွဲ့။

ဦးခင်ဇော် ။ ။ နောက်ပြီးတော့ သတင်းစာမှာ တစ်မျက်နှာအပြည့် ယူလိုက်တယ်။ ဒါပေမယ့်လို့ ကေသီပန်ရုပ်ရှင် နွဲ့ဆိုး ဒါပဲ။ ဒီဟာက အဖြူကြီး၊ သူတို့ဟာသူတို့ တစ်ခါတည်း ပြောတာ။ ကြော်ငြာကလည်းကွာ ဒီလို ကြော်ငြာနေရလား။ ဘာမှ လည်း မပါဘူး။ ဘယ်တော့ ပြမယ်ဆိုတာလည်း မပါဘူး။ ဒါက ကျွန်တော် တို့ ကြော်ငြာတဲ့ ကြော်ငြာအောင်မြင်တာ။ အဲဒီလိုမျိုး ကြော်ငြာခဲ့ဖူးတယ်။ တချို့ကျတော့လည်း ကြီးကြီးမှာ ပြည့်ပြည့်ကြီးပါချင်တာ။ ဟို ရုပ်ရှင်ကားမှာ ကျွန်တော်တို့က Dubbing တီးလို့ရှိရင် ပိုက်ဆံအပြည့် ပေးထားရတာပဲ။ အပြည့်တီးကွာ အဲဒီလိုမျိုး။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ပါ့ဆရာ ဟုတ်ပါ့။ တစ်မျိုးစီ ပေါ့နော်။ အနုပညာဆိုတာက လည်း သူ့ရဲ့ရှုထောင့်နဲ့ သူပေါ့ ဆရာနော်။ တင်ပြတဲ့ ရှုထောင့်၊ ဖော်ပြတဲ့ပုံစံကလည်း ပြောင်းလဲနိုင်တာပေါ့နော်။ ကောင်းပါတယ်ဆရာ။ ဒီနေ့ ဆရာနဲ့ ကျွန်တော်နဲ့ ဆွေးနွေးလာခဲ့တာ ဒီငွေရတု၊ ရွှေရတု၊ စိန်ရတု ရာပြည့်ကိုမှန်းပြီးတော့ ကျွန်တော်တို့ ပြောလာခဲ့တဲ့ အချိန်မှာ ပြန်ပြီးတော့ ကောက်ချက်ဆွဲလိုက်ရင် ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေဟာ ဘယ်ခေတ်မှာမဆို အမျိုးသားရေးကို ဘယ်တုန်းကမှ ကျောခိုင်း မလာခဲ့ကြဘူး။ ကျောခိုင်းမထားခဲ့ကြဘူးဆိုတာလည်း ကျွန်တော်မြင်ပါတယ်ဆရာ။ နောက် လက်ဆင့်ကမ်းအမွေပေါ့၊ ပေးဖို့ရာအတွက် လူကြီးတွေဟာ ကြိုးစားခဲ့တယ်ဆိုတာလည်း ကျွန်တော် မြင်ပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ အခြေအနေရယ် ၊ ဆရာတို့ခေတ်၊ ကျွန်တော်တို့ ခေတ် နောက်ခေတ်ပေါ့လေ။ ခေတ်အဆက်ဆက်မှာ ဒီအမွေ လေးပေါ့။ အမျိုးသားရေးကို လေးစားတဲ့စိတ်၊ အမျိုးသား ရေး စိတ်ဓာတ်အပြည့်အဝရှိတဲ့စိတ်လေးကို လက်ဆင့် ကမ်းပေးရမလို။ နောက်ပြီးတော့ ရုပ်ရှင်ကို ချစ်တဲ့စိတ်၊ ရုပ်ရှင်လောကကြီးကို မြှင့်တင်လိုတဲ့စိတ်လည်း ကျွန်တော်တို့က ပေးရပါမယ်။ ဆရာ အဲဒီတော့ ဒီနေ့ ခေတ်လူငယ်တွေအတွက် ဆရာဆုံးမ လမ်းညွှန်စကားလေးပေါ့ ဆရာ။ အဲဒါလေး ပြောပေးပါဦး ဆရာ။

**ဦးခင်ဇော်** ။ ။ ကျွန်တော်တို့ အခု ရုပ်ရှင်နဲ့ ပတ်သက်လို့ပေါ့လေ။ လူတိုင်းရဲ့ အလေးထားပြီးကြည့်နေတဲ့ အနုပညာရပ်တစ်ခုလို့ ကျွန်တော်ထင်တယ်။ ဒါကြောင့်မို့လည်း အားလုံးက မြတ်နိုးတယ်၊ချစ်ခင်တယ်၊ တွယ်တာတယ်။ သရုပ်ဆောင်တွေဆိုရင် အမျိုးသမီးသရုပ်ဆောင်တွေဆိုရင် အနောက်က လိုက်ကြည့်တယ်။ အမျိုးသားသရုပ်ဆောင်တွေဆိုရင်လည်း ဒီလိုပါပဲ။ ဒါလိုက်ကြည့်တယ်ဆိုတာက သူတို့က ခင်ကြချစ်ကြတာ။ အဲဒီလို ချစ်ပြီးတော့လိုက်ကြတဲ့အခါမှာ တစ်ခါတလေကျတော့ ကျော်ကြားမှုရဲ့ အရှိန်အဝါကို မခံနိုင်တဲ့ ပုဂ္ဂိုလ်များရှိတယ်။ အဲဒီကျော်ကြားမှုရဲ့ အရှိန်အဝါကို မခံနိုင်လို့ရှိရင် ကျဆင်းမှုရဲ့ အစခြေလှမ်းပဲ။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ် ဆရာ မှန်ပါတယ်။

**ဦးခင်ဇော်** ။ ။ အဲဒီလိုဖြစ်ဖို့ မသင့်ပါဘူး။ ကောင်းကောင်းပဲလုပ်ပြီးတော့ ကောင်းကောင်းပဲ ကြိုးစားရမယ်။

**ကြည်စိုးထွန်း** ။ ။ ဆက်ကြိုးစားရမယ်။ ရုပ်ရှင်လောကကိုတကယ်ချစ်မြတ်နိုးပြီး ဝင်လာခဲ့သူဖြစ်တော့ ဒီအပေါ်မှာ အမြတ်ထုတ်လိုစိတ်မရှိဘဲ ဒါကိုပဲ ဆက်ပြီးချစ်ဖို့၊ ဒီပရိသတ်အတွက် အကျိုးရှိအောင် သရုပ်ဆောင်ဆိုရင်လည်း သရုပ်ဆောင်ဖို့၊ ဒါရိုက်တာဆိုရင်လည်း ဒီဇာတ်လမ်းမျိုးကို ရိုက်ဖို့ စဉ်းစားရပါမယ် ဆရာ။ နောက်ပြီးတော့ ရုပ်ရှင်ပညာဆိုတာ ကျွန်တော်တို့ကတော့ နှစ်ကြာခဲ့ပြီပေါ့ ဆရာ။ ဆရာဆိုရင်လည်း ကျွန်တော့်ထက် ပိုကြာပါတယ်။ ကြာတော့ အခုထိ ခက်နေတုန်းပါပဲ ဆရာ။ လွယ်တယ် လို့ကို ကျွန်တော်မထင်ပါဘူး။




**ဦးခင်ဇော်** ။ ။ ကိုယ့်ခရီးကို ကိုယ်သွားတဲ့အခါမှာတော့ ကိုယ်သွားတဲ့ခရီးဟာ မြတ်နိုးစရာကောင်းတဲ့ခရီးတစ်ခု ဖြစ်ဖို့၊ စိတ်ထဲမယ် အမြဲတမ်းထားပါ ဒါပါပဲ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ပါဆရာ၊ ကျေးဇူးတင်ပါတယ်ဆရာ။ အခု ဒီနေ့ အချိန်ပေးပြီးတော့ ကျွန်တော်တို့ နှစ်ပေါင်းများစွာပေါ့ဆရာရယ်။ တကယ်တမ်း ဆရာနဲ့ ကျွန်တော်နဲ့ ပြောလိုက်ကြတာ နှစ်ပေါင်းကို ၉၀ နီးပါးလောက် ပြောချလိုက်ကြတာပေါ့နော်ဆရာ။ နှစ်ပေါင်း ၁၀၀ ကိုလည်း လှမ်းမျှော်ပြီးတော့ ရုပ်ရှင်လောကကြီး အရှည်တည်တံ့အောင် ကျွန်တော်တို့ စိတ်စေတနာလေးတွေနဲ့လည်း လာရောက်ပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပြောတဲ့စကားတွေဟာ ပရိသတ်အတွက်လည်း ဗဟုသုတရမယ်လို့လည်း ကျွန်တော် မျှော်လင့်ပါတယ်။ ဒါကြောင့်မို့ ဒီနေ့ ကျွန်တော်တို့ ရုပ်ရှင်စကားဝိုင်းကို ဒီမှာပဲ အဆုံးသတ်ကြပါစို့ဆရာ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။






# ရန်ကုန်မြို့တော်ဝန် ဒလရေသန့်စက်ရုံ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်

**ဒလ မတ် ၁၀**

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးသည် မတ် ၁၀ ရက် နံနက် ၉ နာရီက ပြုလုပ်သည့် ဒလမြို့နယ် မှော်စက်ရပ်ကွက်ရှိ ရေသန့်စက်ရုံလွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ရေသန့်စက်ရုံအား မြို့တော်ဝန်ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက ရေသန့်စက်ရုံနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါ ရေသန့်စက်ရုံအား ဒလမြို့နယ်မှော်စက်ရပ်ကွက်၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း၊ Sida(ဆွီဒင်နိုင်ငံမှ အလှူရှင်များအဖွဲ့)၏ ကူညီမှုဖြင့် UNHABITATနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၄၉၂၇၅ (မြန်မာငွေကျပ် ၇၅၅၀၀၀၀၀) ကုန်ကျကြောင်း သိရသည်။

ရန်ကုန် ပေါက်ရေပေးဝေရေးစခန်းမှ ရေများအား ဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန် တစ်ကန်၊ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် နှစ်ကန်ဖြင့် သိုလှောင်၍ သန့်စင်ချက် လုပ်ကာ တစ်နာရီလျှင် ရေသန့်လီတာ ၁၆၀၀ ထွက်ရှိကြောင်းနှင့် ငါးနာရီကြာ မောင်းနှင်သန့်စင်နိုင်ကြောင်း သိရသည်။


ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး ရေသန့်စက်ရုံမှ ရေကိုသောက်သုံးစစ်ဆေးနေစဉ်။

မှော်စက်ရပ်ကွက်တွင် ရေသန့်စက်ရုံတည်ဆောက်ရခြင်းနှင့် ပတ်သက်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဆင်းရဲနွမ်းပါးသူများခြင်း၊ သောက်ရေရယူသုံးစွဲမှုခက်ခဲခြင်းတို့အား အခြေခံရွေးချယ်၍ ရေသန့်စက်ရုံ တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ စက်ရုံမှ ထွက်ရှိသော ရေသန့်များအား စက်ရုံသို့ လာရောက်ဝယ်ယူပါက လီတာ ၂၀ ဝင်ရေသန့်တစ်ဘူးလျှင် ငွေကျပ် ၂၀၀ နှုန်း၊ အိမ်အရောက်ဖြန့်ဖြူးပါက ငွေကျပ် ၃၀၀ နှုန်းဖြစ်ကြောင်း၊ လီတာ ၂၀ ဝင်ရေသန့်တစ်ဘူးလျှင် ငွေကျပ် ၃၅၀ ထက် ပိုရောင်းချခြင်းမရှိရန်လည်း ကော်မတီဝင်များက သတ်မှတ်ထားကြောင်း သိရသည်။

မှော်စက်ရပ်ကွက်နေပြည်သူများ သောက်ရေ အဆင်ပြေစေရေး စနစ်တကျစီမံဆောင်ရွက်ထားရှိထားကြောင်း၊ မှော်စက်ရပ်ကွက်နေပြည်သူများအတွက် လုံလောက်ပိုလျှံပါက နီးစပ်သည့်ရပ်ကွက်များသို့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းသိရသည်။ "အရင်က ကျွန်တော်တို့ရပ်ကွက်က သောက်ရေကို ဆာပါချောင်ရပ်ကွက်က ကန်ဦးကျောင်းမှာ သွားထမ်းရတယ်။ ရေသန့်ဘူးဝယ်ရင် ငါးရာကျပ်ပေးရတယ်။ အခု ကျွန်တော်တို့ရပ်ကွက်မှာ ရေသန့်စက်ရုံရှိလာပြီး ဈေးနှုန်းကလည်း သက်သာတော့ အဆင်ပြေတယ်"ဟု မှော်စက်ရပ်ကွက်နေ ကိုအေးလွင်က ပြောသည်။

သောက်ရေအခက်အခဲနှင့် တွေ့ကြုံနေရသည့် ဒလမြို့နယ်နေပြည်သူများ သောက်ရေ အဆင်ပြေစေရန် မြို့နယ် ရေပေးဝေရေးရုံးအတွင်းတွင် တစ်ရက်လျှင်သောက်ရေသန့် ဂါလန်ငါးထောင်ထွက်ရှိသော ရေသန့်စက်ရုံမှ ထွက်ရှိသည့် ရေသန့်များကိုလည်း ဖြန့်ဝေလှူဒါန်းပေးခြင်း၊ ကျောင်းစုရပ်ကွက်ရှိ AG သောက်ရေသန့်စက်ရုံက သောက်ရေသန့်များ ဖြန့်ဝေလှူဒါန်းခြင်းများ ဆောင်ရွက်ပေးနေသည့်အပြင် တွံတေးမြို့နယ် ဘုရားကြီးစုကျေးရွာတွင် သောက်ရေသန့်စက်ရုံတည်ဆောက်၍ သောက်ရေများ ဖြန့်ဝေနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် မြို့တော်ဝန်သည် ရေသန့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး ရေသန့်စက်ရုံမှ ထွက်ရှိသည့် သောက်ရေသန့်အား စမ်းသပ်သောက်သုံးခဲ့သည်။ ထို့နောက် ကျန်စစ်သား ရပ်ကွက်ရှိ ညဈေးတည်ဆောက်မည့် မြေနေရာနှင့် မြို့တွင်း လမ်းမကြီးဘေးရှိ ရေမြောင်းများ ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး (ဒလ)**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

**နေပြည်တော် မတ် ၁၀**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၂၃)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
- (က) "မူးယစ်ဆေးဝါးပပျောက်ဖို့ ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်စို့"
- (ခ) "မူးယစ်ဆေးဝါးပပျောက်ဖို့ နိုင်ငံပေါင်းစုံပါဝင်စို့"
- (ဂ) "လူသားဘဝတိုးတက်ဖို့ မူးယစ်ဆေးဝါးရှောင်ကြစို့"
- (ဃ) "ဘိန်းအစားထိုး သီးနှံမျိုး ပြောင်းလဲစိုက်ပျိုး စီးပွားတိုး"
- (င) "မူးယစ်ကင်းစင် ကမ္ဘာတွင် ဝိုင်းဝန်းဖော်ဆောင် ဒို့လူ့ဘောင်"
- (စ) "မူးယစ်ကင်းဖို့ ကျန်းမာရေးနှင့် တရားရေး လက်တွဲစို့" "Health for Justice. Justice for Health"

(၂) **ဝတ္ထုတိုနှင့် ဆောင်းပါး** စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း ၂ စောင် ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

(၃) **ကဗျာ** စာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူ ပေါင်း ၂ စောင် ပေးပို့ရမည်။ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀( ပါဒ ၁၀၀ မှ ၂၀၀ )အတွင်း ရှိရမည်။

(၄) **တေးသီချင်း** သည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်၍ ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း ၁ စောင်ကို ဂီတသင်္ကေတ မူရင်း ၁ စောင် နှင့်အတူ ပေးပို့ရမည်။

(၅) **ဓာတ်ပုံ** သည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့်လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး 8'' x 12'' အရွယ် ၃ ပုံမှ ၅ ပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပုံငယ်များ၏ Original Files များနှင့် 12'' x 18'' အရွယ် ဓာတ်ပုံ၏ Final Output Print File ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

(၆) **ကွန်ပျူတာပိုစတာ** သည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား 7'' x 9'' အရွယ် A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg Format ဖြင့် ပုံကို သိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းနှင့် ရေးဆွဲသည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းရေးဆွဲခြင်း မပြုရ။ ရေးဆွဲသည့်ပုံတွင် မိမိရွေးချယ်သော ခေါင်းစဉ်အား ပေါ်လွင်အောင် ထည့်သွင်းရေးဆွဲရမည်။

(၇) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ** ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ ၃ ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃/၄ တန်း)၊ အလယ်တန်း အဆင့် (၅/၆/၇ တန်း)နှင့် အထက်တန်းအဆင့် (၈/၉/၁၀ တန်း) ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူယူလာရန် မလိုပါ။ 15''x 20'' အရွယ် ရေးဆွဲရမည်။ ခဲတံ(သို့မဟုတ်) ရောင်စုံခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် ၃ နာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) **ကွန်ပျူတာပန်းချီ** ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ ၂ ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅/၆/၇ တန်း)နှင့် အထက်တန်းအဆင့် (၈/၉/၁၀ တန်း) ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံ မပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) **ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ** ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်း ပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုဒ်၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) **ဓာတ်ပုံ** ပြိုင်ပွဲဝင်တစ်ဦးလျှင် 12'' x 18'' လက်မအရွယ် Photo Essay ၄ ပုဒ်အထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ၅ ကြောင်း ခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် ၁ ဦးလျှင် ဆုကြီး ၁ ဆုနှင့် နှစ်သိမ့်ဆု ၂ ဆု ခံစားခွင့်ရှိသည်။

(၁၁) **ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ** ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှ တစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၂ ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တေးသီချင်း | ၄-၅-၂၀၂၀ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၂-၅- ၂၀၂၀ |
| (ဂ) | ဓာတ်ပုံ | ၃-၆- ၂၀၂၀ |
| (ဃ) | ကွန်ပျူတာပိုစတာ | ၄-၆- ၂၀၂၀ |
| (င) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ | ၉-၆-၂၀၂၀ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ၃ ဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်း ပြိုင်ပွဲများမှ ပထမဆုရရှိသူ ၆ ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

**(မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့)**


C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအတွက် CB Bank မန္တလေး(ဈေးချို)(Mini Branch)အား ဘဏ်ခွဲကြီး (Full Branch)အဖြစ် အဆင့်မြှင့်တင်၍ မန္တလေး (၈၁)လမ်းဘဏ်ခွဲကြီး အနေဖြင့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများအားဖွင့်လှစ်ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။

**မန္တလေး(၈၁)လမ်းဘဏ်ခွဲ**

အမှတ်(၅၂၁)၊ (၈၁)လမ်း (၃၉×၄၀)လမ်းကြား၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။

Tel : (95) 02 4030475
Fax : (95) 02 4030476/4030478/4030479
Email : mdy81stbr@cbbank.com.mm
Contact Center : (01) 2317770



# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၂၀) ဖြင့် မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဖခင်ကြီး မုံရွာဆရာမိုးအား ၂၀၂၀ပြည့်နှစ် မတ် ၈ ရက် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ " သီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ်တော်ကို အပ်နှင်းချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မိသားစုနှင့်အတူ အသက်ရှည်ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာသာသနာတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဝန်ထမ်းများနှင့်**

**KS DIAMOND Diamonds & Jewellery မှ ဝန်ထမ်းများ**






**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဧယ/၁၄၉၅၈ Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၆/ကသန(နိုင်)၀၃၃၃၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

**ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

ကျုံပျော်မြို့၊ တေဇရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဒေါ်ယဉ်ယဉ် ၁၄/သပန(နိုင်)၀၀၃၀၈၃ ၏ဖခင်အမည်မှန်မှာ ဦးမောင်စီ(ခ)ဦးပါလစီဖြစ်ပြီး ဒေါ်ယဉ်ယဉ်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၈-၄-၁၉၆၃ ဖြစ်ပါကြောင်း။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မြောင်းမြမြို့နယ်၊ ထန်းကုန်းအုပ်စု၊ အေးရွာမှ နန့်ဝေဝေမိုး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ မန်းစတီး(ခ) မန်းစကီး(ခ)မန်းဖိုးကီး ၁၄/မမန(နိုင်)၀၇၃၁၀၅ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ-မီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

ဆက်သွယ်လှူဒါန်းရန် - မစိုးရိမ်တိုက်သစ်ဂေါပကအဖွဲ့

| | | | |
|---|---|---|---|
| ဦးလှအောင်(ဥက္ကဋ္ဌ) | ဖုန်း-၀၉-၂၀၀၃၂၂၉ | ဦးမြဇော်(အတွင်းရေးမှူး) | ဖုန်း-၀၉-၂၀၀၇၃၆၄ |
| ဦးကျော်ဇေယျ(အဖွဲ့ဝင်) | ဖုန်း-၀၉-၂၀၀၃၈၅၅ | ဦးသိန်းငွေအောင်(အဖွဲ့ဝင်) | ဖုန်း-၀၉-၂၀၀၉၇၉၀ |
| ဦးကင်းဝန်(အဖွဲ့ဝင်) | ဖုန်း-၀၉-၅၃၀၂၃၃၇ | | |

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၄၇ | ဦးထွန်းမောင်-ဒေါ်ညွန့်ရီ အမှတ် ၉၈/၆၄/၆၅ကြား ၃၃/၃၄ကြားပါရမီလမ်းသွယ်၊ မန္တလေး | 200000 |
| ၄၈ | ကျေးဇူးရှင်မိဘများဖြစ်ကြသော (ဦးဝင်းစိန်)-(ဒေါ်ခင်စောလှ)သားကြီး(ကိုကျော်စွာဝင်း)-သားထွေး(ကိုကျော်ဖြိုးဝင်း)တို့အား ရည်စူး၍ သားသမီးမောင်နှမတစ်စု ကောင်းမှု၊ ၄၄၈၊ မြယင်းမာလမ်း၊ ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့ | 200000 |
| ၄၉ | ဦးထွန်းအေး-ဒေါ်ခင်စိန် သား ကိုအောင်အောင်၊ ဦးဘစောနှင့်ညီများ စက်မှုလက်မှု(၂-လပေါင်း) | 200000 |
| ၅၀ | ဦးထင်အောင်-ဒေါ်ခင်ချိုမာ သားသမီးမြေး မောင်မင်းစံအောင် | 200000 |
| ၅၁ | ဦးခင်မောင်အေး-ဒေါ်နုနုကြည် တော်ဝင်ပန်းမွှေ့ရာဆိုင် လမ်း ၈၀၊ ၄၁လမ်းကြား၊ မန္တလေး | 200000 |
| ၅၂ | မိဘနှစ်ပါးအားရည်စူး၍ ဆရာမကြီးဒေါ်ခင်ဆန်း၊ မိသားစု၊ ဈေးကြီးအရှေ့တောင်ထောင့်၊ မိတ္ထီလာ | 200000 |
| ၅၃ | ဒေါ်မြရွှေမိသားစု အမှတ် ၈၇ နှင်းဆီလမ်း၊ ပြည်တော်သာရပ်၊ တောင်ကြီးမြို့ | 200000 |
| ၅၄ | ဦးကျော်ညွန့်-ဒေါ်လှလေး သား မောင်သောင်းနိုင်-မချိုမာစန်း မြေး-မောင်ရဲရင့်ထက်နိုင်၊ ရဲဝင့်နိုင်၊ မကူးကူးမိသားစု မလွန်နိပါးတန်းရပ်၊ မန္တလေး | 200000 |
| ၅၅ | ကွယ်လွန်သူဦးတင်ဇော်(သ/မ ဦးစီးမှူး(ငြိမ်း)အမရပူရ)အားရည်စူး၍ ဒေါ်နီနီယဉ်ကောင်းမှု ရန်မျိုးလုံရပ်၊ မန္တလေး | 200000 |
| ၅၆ | ဒေါ်တင့်တင့်ဝင်း၊ သားကိုကျော်အောင်လွင်တို့၏ မွေးနေ့အလှူ ဟ/၆ ၁၀၃၊ ခရပ်ကွက်၊ ပြည်ကြီးတံခွန်၊ မန္တလေး | 200000 |
| ၅၇ | ဦးငွေဝင်း-ဒေါ်မြင့်မြင့်ငွေ မိသားစု ကာဘိုးရွာ၊ ကန့်ဘလူမြို့နယ် | 200000 |
| ၅၈ | ဆရာမကြီး ဒေါ်မြင့်မြင့်နှင့်တပည့်များကောင်းမှု | 168000 |
| ၅၉ | ပရိယတ္တိသာသနဟိတအသင်းကြီး ဓမ္မသဘင်မှ မန္တလေး | 150000 |
| ၆၀ | (ဦးတင်ဝင်း) ဒေါ်မြိုင်မြိုင်စိန်မိသားစုကောင်းမှု | 150000 |
| ၆၁ | ကိုကျော်သူရ-မစန္ဒာဦးမိတ္ထီလာ | 150000 |
| ၆၂ | ဦးသိန်းထိုက်-ဒေါ်သိဂီ သား မောင်ပြည့်ဖြိုးထိုက်၊ သမီး မဟေမာန်ထိုက်၊ မေဝသန်ထိုက် မိသားစု ပေါက္ကရိုရပ်၊ မန္တလေး | 150000 |
| ၆၃ | ဖခင်ကြီး ဦးအောင်စိန်အားရည်စူး၍ မိခင်ကြီး ဒေါ်သိန်းရင်နှင့်မိသားစု အောင်မြေသာစံ၊ မန္တလေး | 110000 |
| ၆၄ | သင်တန်းမှူး ဆရာတော် ဦးယာဏဝကို အမှူးထား၍ ပညာတံခွန် သင်တန်းသူ/သင်တန်းသားများ ကောင်းမှု | 110000 |
| ၆၅ | ကိုဥက္ကာဆွေ-မရီလင်းထွဋ် သား မောင်သန်းထိုက်ဆွေ၊ မောင်ဉာဏ်လင်းဆွေ ဘူတာလမ်း၊ ဆူးလေကုန်းရပ်၊ မုံရွာမြို့ | 100000 |
| ၆၆ | ဦးထွန်းရွှင်-ဒေါ်ခင်စိုးဦး သမီး မစိုးစန္ဒီထွန်း၊ မစိုးအိအိထွန်း၊ မနှင်းရွှေစင်ထွန်း၊ ရှမ်းဝိုင်းရပ်၊ အကွက် ၂၇၆၊ မန္တလေး | 100000 |
| ၆၇ | ဦးဘိုးဝယ်-ဒေါ်သိန်းရီ၊ ကိုတင်မောင်ထွန်းတို့အားရည်စူး၍ ကျန်ရစ်သူမိသားစု ၁၄ ဓမ္မစိတ္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၆၈ | ဖခင်ကြီးဦးလှပေါ် မိခင်ကြီး ဒေါ်သန်းတင်နှင့် ဦးမြင့်သန်း-ဒေါ်သန်းသန်းတို့အားရည်စူး၍ ဦးသိန်းတန်-ဒေါ်သန်းချိုချို သားသမီးမြေးတစ်စု အကွက် ၂၁၃၊ ပိုက်ကျုံး၊ ငါးအိမ်တန်းရပ် | 100000 |
| ၆၉ | ဆရာတော်စူဆန်းလီအားအမှူးထား၍ ကွယ်လွန်သူမိဘဘိုးဘွားဆွေမျိုးအပေါင်းတို့အားရည်စူး၍ ဒေါ်အဂ္ဂထေရီ ရတနာပုံစံကျောင်း မွေးနေ့အကြို မန္တလေး | 100000 |
| ၇၀ | ဦးသိန်းဝင်း-ဒေါ်အမာရွှေ သမီး မအေးအေးခိုင်မိသားစု အောင်သာယာမြို့သစ်၊ မန္တလေး | 100000 |
| ၇၁ | ဦးအေး-ဒေါ်တင်နု ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ ဆန္ဒင်းကုန်းရွာ | 100000 |
| ၇၂ | ဦးမျိုးဆွေ-ဒေါ်မူမူ 'ဝင်း'အဆင့်မြင့် ပုစွန်ငါးပိ ရောင်းဝယ်ရေး | 100000 |
| ၇၃ | သုဓမ္မမဏိဇောတရေ ဦးစိုးလင်း-ဒေါ်အေးအေးကြိုင် စိုးမဟာကုမ္ပဏီ | 100000 |
| ၇၄ | ဒေါ်ခင်လှ သမီးဒေါ်ခင်ဝင်းရီနှင့် မောင်နှမများ | 100000 |
| ၇၅ | မိဘများဖြစ်သော ဦးသာအေး-ဒေါ်ရွှေဥတို့အားရည်စူး၍ စိုင်းကျော်စိုး၊နန်းခင်ဝင်းကြည် သားများကောင်းမှု၊ အမှတ် ၂၁၄၊ ၆၃လမ်း၊ ၂၆x၂၇ကြား၊ မန္တလေး | 100000 |
| ၇၆ | ဖခင်ဦးသန့်အားရည်စူး၍ ဦးခင်မောင်-ဒေါ်အေးအေးသန့် စိုးကွန်ပျူတာလုပ်ငန်း ၃၄လမ်း၊ ရန်ကုန် | 100000 |
| ၇၇ | ဦးအောင်စိုးမိုး-ဒေါ်ခင်သန်းလှ (၄၇)နှစ်ပြည့်မွေးနေ့အလှူ သားမောင်မင်းမြတ်သူ ၆၂လမ်း၊ သိုးခြံ မီးရထားဝန်ထမ်းအိမ်ရာ၊ ချမ်းမြသာစည်၊ မန္တလေး | 100000 |
| ၇၈ | ဦးစိုးထွန်း-ဒေါ်ခင်လဲ့ဝင်း USA | 100000 |
| ၇၉ | ဦးထွန်းအေး-ဒေါ်လှဟန် ငွေသဇင်အထည်ဆိုင် မိသားစု ဈေးချို၊ မန္တလေး | 100000 |
| ၈၀ | ဦးအောင်စိုး-ဒေါ်ငွေငွေဝင်း(၄၄၅)ကန္နားလမ်း၊ သရက်တောမြောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၈၁ | ဦးမောင်အေး-ဒေါ်မိုးမိသားစု ခေတ္တထိုင်းနိုင်ငံ(လစဉ်) | 100000 |
| ၈၂ | ဦးတင်မောင်ဦး-(ခေတ်ဦး)အားရည်စူး၍ ဒေါ်ခင်မာဦး သားသမီးမြေးတစ်စု မြို့သစ်၊ မန္တလေး | 100000 |
| ၈၃ | စပါယ်ရှံဆရာတော် မင်းတန်းရွာ၊ မြောင်မြို့နယ် | 100000 |
| ၈၄ | ဒေါ်အမာကြည် ထက်/အုပ်(ငြိမ်း) အေးမြကြည်လင်ရည် ကျောက်ဆည်မြို့ | 100000 |
| ၈၅ | ဦးသန်းလွင်-ဒေါ်ခင်မာ၊ ဦးကြွက်နီ-ဒေါ်နှင်းမြင့်တို့အားအမှူးထား၍ ကိုကျော်ကျော်မင်း-မနုနုဝင်း FRIENDSကွမ်းယာမိသားစု၊ ငွေတောင်အနောက်ပေါက်၊ မန္တလေး | 100000 |
| ၈၆ | ဒေါ်ဆွေဆွေ အထက(၁၃)(ငြိမ်း)ပညာရေးအားရည်စူး၍ ကျန်ရစ်သူမိသားစု မြို့သစ်၊ မန္တလေး | 100000 |
| ၈၇ | ဖခင်ကြီး ဦးစောမောင်-မိခင်ကြီး ဒေါ်ကြည် ဇနီး ဒေါ်စန်းစန်းဝင်းတို့အားရည်စူး၍ ဦးခင်မောင်တိုးမိသားစု သမီးတော်ချောရပ်၊ မန္တလေး | 100000 |
| ၈၈ | ဦးအောင်သန်း-ဒေါ်သန်းလှ ၅၇x၅၈၊ ၁၀၅/၁၀၆ မုဒိတာလမ်းသွယ်၊ ကန်သာယာဝန်ထမ်းရပ်၊ ချမ်းမြသာစည်၊ မန္တလေး | 100000 |
| ၈၉ | ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်ကို၊ ညီမများအားရည်စူး၍ ရွှေအင်းလောင်းစားသောက်ဆိုင်မိသားစု ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ တီကျစ်မြို့ | 100000 |
| ၉၀ | ဦးစန်းမောင်-ဒေါ်ခင်ရီ 'ငွေဇင်ယော်' ဆားငါးပိရောင်းဝယ်ရေး မုံရွာမြို့ | 100000 |
| ၉၁ | နှစ်ဖက်မိဘများကိုရည်စူး၍ ဦးမောင်ဦး-ဒေါ်စန်းမြင့် ကျော်သူကဖေးမိသားစု ဇော်မင်းရပ် သံ/နောက်၊ မန္တလေး | 100000 |
| ၉၂ | ဒေါ်စောမမ၊ ဒေါ်ခင်ခင်စိုး စံအိမ်တော်မိသားစု မဟာအောင်မြေ၊ မန္တလေး | 100000 |
| ၉၃ | ဦးမြင့်လွင်အားရည်စူး၍ ဒေါ်ခင်မာကြည်သားသမီးမြေးတစ်စုကောင်းမှု ၄၁လမ်း/၈၁လမ်း၊ မဟာအရှေ့၊ မန္တလေး | 100000 |
| ၉၄ | ဘေဘီချောစုမိုး မိသားစု၊ တကောင်းတိုက်နယ်ဆေးရုံ | 100000 |
| ၉၅ | ဆရာဦးတင်မောင်အေး၊ ဆရာမဒေါ်စန်းရီ မြနှင်းဆီ မိတ္ထီလာ | 100000 |

ဆက်လက်ဖော်ပြသွားပါမည်

## မြန်မာ့မီးရထား

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -


| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၂၅/မမ(CMO) | ဆေးဝါးနှင့် ဆေးဝါးပစ္စည်း(၁၄)မျိုး ဝယ်ယူရန် |
| ၂ | ၂၂၆/မမ(CE) | တိုင်း(၂) ရွာထောင် ရွာထောင်၊ချောင်းဦးလမ်းပိုင်း ၊တေရော်-ညောင်ပင်ဝန်းကြား၊ တံတားအမှတ် (၃၄) 2 x20' တံတားရှိ (Abutment 1 No & Pier 1 No) ပြုပြင်ခြင်း လုပ်ငန်း |
| ၃ | ၂၂၇/မမ (CE) | တိုင်း(၁၀)ပခုက္ကူ ဆင်ဖြူရှင်တံတားချဉ်းကပ်လမ်းပေါ်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ပင်မတံတားပေါ် အပေါက်များ ပြုပြင်ဖာထေးခြင်းလုပ်ငန်း |
| ၄ | ၂၂၈/မမ (CE) | မြင်းဇာ-ကန်ကြား မိုင် (၆၄၁/၉-၁၀)တွင် 6'-0" Span Slab တံတား (863-B) အသစ်တည်ဆောက်ခြင်းလုပ်ငန်း (Ht= 13'-6") |
| ၅ | ၂၂၉/မမ (CE) | ရွာသာကြီးဘူတာ တည်ဆောက်ရေးစီမံကိန်း ရွာသာကြီးဘူတာယာဒ်ဝင်း တည်ဆောက်ရေးစီမံကိန်းတွင် ဂဝံစေ့ပါသော တောင်ပြိုမြေဖို့ခြင်းလုပ်ငန်း (၉၆၇၀)ကျင်း |
| ၆ | ၂၃၀/မမ (CE) | မြစ်ငယ်တံတားတည်ဆောက်ရေးစီမံကိန်း တိုင်း(၃)နယ်မြေ၊ မြစ်ငယ်တံတားတည်ဆောက်ခြင်း၊ ၊ ပလိပ်-မြစ်ငယ် ဘူတာကြား၊ မိုင်(၃၇၆/၂)ရှိ တံတားအမှတ် (၈၂၆)(2/40'+4/150' Span) တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်း |
| ၇ | ၂၃၁/မမ (CE) | တိုင်း(၆)ရန်ကုန် ရွှေတံခါး- တီတွဒ်ကြား မိုင်(၁၆၂/၂၂-၂၃)ရှိ တံတားအမှတ် (၃၀-အေ) အား (၄-ပေ)အကျယ် မှ (၁၀-ပေ) Span PC Girder တံတားတည်ဆောက် ပြုပြင်ခြင်း လုပ်ငန်း |
| ၈ | ၂၃၂/မမ (CE) | Caterpillar အမျိုးအစား Dozer & Excavator များနှင့် Komatsu Dozer များ၏ စက်အရန် ပစ္စည်းများနှင့် Hydraulic Hose Pipe , Socket & Fitting များ (5- Lot) |
| ၉ | ၂၃၃/မမ (CE) | Dozer Excavator နှင့် TATA Dump Truck & Crane (50 Ton, 30 Ton) များ၏ စက်အရန်ပစ္စည်းများ (7- Lot) |
| ၁၀ | ၂၃၄/မမ (CE) | Chequered Plate (တံတားလျှောက်လမ်း) (1'-4" x 8' x 4mm) (1286-Shts) |

တင်ဒါပိတ်မည့် နေ့/အချိန် -အမှတ်စဉ် (၁)မှ (၆)ထိ ( ၂၄.၃.၂၀၂၀) (၁၄:၃၀)နာရီ
-အမှတ်စဉ် (၇)မှ (၁၀)ထိ ( ၈.၄.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၁၀.၃.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994


MILKY WAY Publishing House



"သူဌေးအမှန်တကယ်ဖြစ်ချင်သူများသာဖတ်ရန်"
သူဌေးဖြစ်တာ ဘာခက်လို့လဲ
နှင့်
မိမိကိုယ်ကို မြှင့်တင်ပါ
အောင်မြင်ရေးဒဿနစာစုများ
ဒေါက်တာနေဇင်လတ်
မျိုးသော်(MILKY WAY)
ထွက်ပါပြီ
ဖြန့်ချိရေး MILKY WAY ▸ ဖုန်း - ၀၉ ၂၅ ၃၀၃၀ ၃၀၆ ၀၉ ၂၅၀ ၁၅၁၀ ၆၈ MILKY WAY Publishing

အားလုံးကျန်းမာရေး ဒေါ်ကြွယ်သွေးဆေး
ဒေါ်ကြွယ် အဟူငြိမ်း သွေးဆေး
အမှတ်တံဆိပ်
မောပန်းမူးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ ခေါင်းချွေးထွက်၊ ချိုင်းချွေးနံ၊ မီးယပ်ဖြူဆင်းခြင်းနှင့် သွေးဆိုးရောဂါများကို သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)
ဖြန့်ချိရေး – အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ဖုန်း – ၀၁–၃၇၆၈၀၈၊၅၄၉၀၄၂၊၅၉၀၀၃၄၊၀၉–၈၅၉၈၄၅၃

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပ

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ်(၁)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ် ဆောင်ရွက်**

နေပြည်တော် မတ် ၁၀

ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၆၅၄ ဦး ရှိသည့်အနက် ၆၃၃ ဦး တက်ရောက်ပြီး ၂၁ ဦး ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများအပေါ် ဆွေးနွေးချက်အချို့ကို လွှတ်တော်မှတ်တမ်းမှ နုတ်ပယ်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများတွင်ပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၅၅ ခုအတွက် ဆန္ဒမဲလက်မှတ် ၄ စောင်နှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)နှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❑



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးစဉ်။ သတင်းစဉ်

## AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း အနိုင်ရပြီး ရှမ်းယူနိုက်တက် ရှုံးပွဲဆက်



ရန်ကုန် မတ် ၁၀

၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာကလပ်အသင်းများအနက် ရန်ကုန်ယူနိုက်တက်အသင်း အိမ်ကွင်း၌ အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အဝေးကွင်း၌ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက စင်ကာပူကလပ်ဟောင်အန်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ပိုကောင်းလာခဲ့သည်။

*စာမျက်နှာ ၂၂ ကော်လံ ၂* ❍

ရန်ကုန်တိုက်စစ်မှူး ဘာဖို ဟောင်အန်အသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**


*စာမျက်နှာ - ၉*

### မြန်မာအမျိုးသားလေကြောင်းမှ ရခိုင်ပြည်နယ်ခရီးစဉ် တိုးချဲ့ပျံသန်းပေးမည်

နေပြည်တော် မတ် ၁၀

ရခိုင်ပြည်နယ် ခရီးသွားမိဘပြည်သူများ အဆင်ပြေ စေရန်အတွက် မြန်မာအမျိုးသားလေကြောင်းမှ အပတ်စဉ် တနင်္လာနှင့် သောကြာနေ့တိုင်း ပျံသန်း ပေးနေသည့် ရန်ကုန်-မကွေး-အမ်း-စစ်တွေ-အမ်း-မကွေး-ရန်ကုန် ခရီးစဉ်ကို မတ် ၁၈ ရက်မှ စတင်၍ ဗုဒ္ဓဟူးနေ့ပါ တိုးချဲ့ပျံသန်းပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

၂၀၂၀ ပြည့်နှစ်၊ မတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့



ဓာတ်ပုံ-မျိုးကြီး

# လူမှုဘဝမြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် ပင်လယ်ခရီးနှင်နေသော ရေယာဉ် သဟာပတိ၏ ဒုတိယမြောက် ကိုကိုးကျွန်းခရီးစဉ်

ထင်ပေါ်ဝင်း

**နွေရာသီကာလအရောက်မို့ နံနက် ၉ နာရီအချိန် နေကအတော်အတန် ပူပြင်းစပြုနေချိန် ဖြစ်သည်။ သင်္ဘောကျင်း၊ သင်္ဘောဆိပ်တို့၏ မြေအနေအထားအရ ကားလမ်းမကြီးမှ ဆိပ်ခံ တံတားရှိရာ အတော်အသင့် လမ်းလျှောက်ကြရသည်။ သာကေတဆိပ်ခံတံတားရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းရုံး အဆောက်အအုံသို့အရောက်တွင် ကိုကိုးကျွန်းသို့ထွက်ခွာမည့် ခရီးသည်များ၊ ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင် အဖွဲ့ (YRTA) ဝန်ထမ်းများကို စတင်တွေ့မြင်ရသည်။**

စာရေးသူရောက်ပြီး မရှေးမနှောင်းမှာပင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော် ရောက်ရှိလာသည်။ မကြာမီမှာပင် ခရီးသည်များ သင်္ဘောပေါ်တက်ရန် ပြင်ဆင်ကြသည်။ ကျန်းမာရေး စစ်ဆေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လုံခြုံရေး အစစ်ဆေးခံခြင်းတို့ကို အဆင့်ဆင့် ဖြတ်သန်းကာ ကိုကိုးကျွန်းသို့ထွက်ခွာမည့် "သဟာပတိ" ရေယာဉ်ပေါ်တက်ရောက်ကြသည်။ ထိုနေ့က မတ်လ ၇ ရက် စနေနေ့ ဖြစ်သည်။ YRTA ၏ ဒုတိယမြောက် ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ် ဖြစ်သည်။ နေပူပူ ချွေးတလုံးလုံးကြားမှပင် YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ဒုတိယမြောက် ရန်ကုန်-ကိုကိုးကျွန်း သင်္ဘောခရီးစဉ်နှင့် ပတ်သက်၍ မီဒီယာများအား အောက်ပါအတိုင်း ဖြေကြားခဲ့သည်။

"ကျွန်တော်တို့ ကိုကိုးကျွန်း ဒုတိယခရီးစဉ်ကို မတ်လ ၄ ရက်နေ့မှာ ပို့ဆောင်ဖို့ ပထမဆုံး စီစဉ်ပါတယ်။ သို့သော်လည်း ကျွန်းမှာ သင်္ဘောကပ်ရန် အချိန်လေး နည်းနည်းလိုအပ်တဲ့အတွက် ၇ ရက်နေ့ကို ရွှေ့ပြောင်းလိုက်ရတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးထားတဲ့အတိုင်းပဲ တစ်လတစ်ကြိမ် ပြေးဆွဲနိုင်အောင် ကြိုးစားဆောင်ရွက်မှုအနေနဲ့ ဒီလအတွက် ထွက်ခွာတာ ဖြစ်ပါတယ်။

## ကျွန်းနေသူတွေအတွက် ဦးစားပေး

အခုဆောင်ရွက်နေတာက ကျွန်းမှာနေတဲ့ မြို့သူမြို့သားတွေအတွက် ဦးစားပေးပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ကိုကိုးကျွန်းမြို့နယ်မှာနေတဲ့ ပြည်သူလူထုကို ဦးစားပေးပြီး တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ သတင်းပို့ရပါတယ်။ နောက်တစ်ခါ အကြောင်းကြီးငယ်နဲ့ ကျွန်းပေါ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အလှူအတန်းကိစ္စတွေ၊ တခြားကျန်းမာရေးကိစ္စတွေကြောင့် သွားလာလိုတဲ့သူတွေကိုလည်း တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ သတင်းပို့လို့ရပါတယ်။ နောက်တစ်ခုက ဝန်ထမ်းတွေဖြစ်ပြီး ဝန်ထမ်းတွေနဲ့ပတ်သက်လို့ မိမိတို့ရဲ့ တာဝန်ထမ်းဆောင်မှုကြောင့် သွားမယ်၊ အချိန်ကိုက်လိုအပ်တယ်ဆိုရင်လည်း သတင်းပို့လို့ရပါတယ်။ ဒါကြောင့် အခုအချိန်မှာ ရည်ရွယ်ချက်ဟာ ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူလူထုကို အထောက်အကူပြုဖို့ ဆောင်ရွက်တာဖြစ်တဲ့အတွက် အဓိကက ကိုကိုးကျွန်းမြို့နယ်မှာ နေထိုင်တဲ့သူတွေ၊ ဝန်ထမ်းတွေနဲ့ အကြောင်းမျိုးစုံကြောင့် ကိုကိုးကျွန်းမြို့နယ်မှာနေတဲ့သူတွေနဲ့ ဆက်စပ်တဲ့ ခရီးသည်တွေကိုပဲ ကျွန်တော်တို့ ပို့ဆောင်ပေးနေပါတယ်။

## အထောက်အပံ့ပြုပစ္စည်းများပါဝင်

ဒီနေ့ခရီးသည် ၃၁ ဦးဟာ သဟာပတိ ရေယာဉ်နဲ့ လိုက်ပါသွားမှာ ဖြစ်ပါတယ်။ ကုန်တန်ချိန်အားဖြင့် ၁၈၂ တန် လောက် ပါသွားပါတယ်။ ခရီးသည် ၃၁ ဦးထဲမှာ ကိုကိုးကျွန်း မြို့နယ်နေ ပြည်သူလူထုတွေ ပါပါတယ်။ ဝန်ထမ်းတချို့ပါပါတယ်။




နောက်တစ်ခုက အဲဒီမှာ အလှူအတန်းလုပ်ပြီး ကျန်းမာရေးနဲ့ သွားရောက်တွေ့ဆုံလိုတဲ့ သူတွေပါပါတယ်။ နောက်ကုန်ပစ္စည်းတွေကို ပြန်ကြည့်လို့ရှိရင်လည်း လျှပ်စစ် YESC ပေ့ါနော်။ အဲဒီက မြို့နယ်မီးလင်းရေးအတွက် လိုအပ်တဲ့ ဒီဇယ်တွေပါပါတယ်။ နောက်တစ်ခုက တည်ဆောက်ရေးပစ္စည်းတွေ ပါပါတယ်။ စားသောက်ကုန်တွေပါပါတယ်။ တချို့ဆိုရင် ဒေသမှာရောင်းချမယ့် ကုန်ပစ္စည်းတွေ ပါပါတယ်။ ဒါကြောင့် ဒီတစ်ခေါက် သွားတဲ့အခါမှာလည်း အရင်တစ်ခေါက်လိုပဲ တည်ဆောက်ရေး ပစ္စည်းတွေ၊ မြို့ကို အထောက်အပံ့ပြုမယ့် ပစ္စည်းတွေနဲ့ မြို့နေပြည်သူလူထု စားသုံးမှုအတွက် ပစ္စည်းတွေ ပါဝင်ပါတယ်။

## အခကြေးငွေ မကောက်ခံ

ဒီ ဒုတိယတစ်ခေါက်မှာလည်း ပထမတစ်ခေါက်မှာလိုပဲ သွားရောက်တဲ့လူများတဲ့အတွက် ရေယာဉ်စီးနင်းခ မကောက်ခံပါဘူး။ နောက် ကုန်ပစ္စည်းသယ်ဆောင်ခ မကောက်ခံပါဘူး။ ဒ့ါအပြင် သင်္ဘောပေါ်မှာလိုက်ပါမယ့် ခရီးသည်တွေကို ရေယာဉ်ကနေ မနက်၊ ညလိုအပ်တဲ့ ကျွေးမွေးမှုဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဲဒီလို လုပ်ငန်းတွေဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ YRTA ရဲ့ စီမံခန့်ခွဲမှုစရိတ်က တစ်ခေါက်ကို ငွေကျပ် သိန်း ၂၀၀ နဲ့ ဒီသင်္ဘောကြီးကို ငှားရမ်းရပါတယ်။ ဒ့ါအပြင် ဒီကုန်တွေကို တင်ချဖို့အတွက် လိုအပ်တဲ့ဝန်ချီစက်တွေ၊ လုပ်သားခတွေကိုလည်း ကျွန်တော်တို့အနေနဲ့ စိုက်ထုတ်ပြီးတော့ ပို့ဆောင်ပေးနေတာ ဖြစ်ပါတယ်။ နောက် တစ်ကြိမ်တွေမှာတော့ ညီညွတ်မျှတတဲ့ ကုန်စည်တွေအပေါ်မှာ ကောက်ခံဖို့ လျာထားပါတယ်။ ဒါပေမယ့် တွက်ချက်ပြီးတော့ ဆောင်ရွက်ဆဲပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီနေရာမှာ ကျွန်တော်တို့ ပြန်ကြည့်တော့ ဒေသဖွံ့ဖြိုးရေး ကုန်တွေပါတယ်။ ပြန်ရောင်းမယ့် ကုန်တွေလည်း ပါရင်ပါမယ်။ တစ်ခါ ဒေသကနေ သယ်လာတဲ့ပစ္စည်းလည်း ပါရင်ပါမယ်။ ဒါကြောင့် ကျွန်တော်တို့ ကောက်ခံတဲ့အခါမှာလည်း ညီညွတ်မျှတတဲ့ အနေအထားဖြစ်အောင် ပါဝင်တဲ့ကုန်တွေ၊ သူတို့ရဲ့အလေးအပေ့ါ၊ ကုန်ရဲ့အနေအထား ဒါတွေကို တွက်ချက်ဆောင်ရွက်ဆဲဖြစ်ပါတယ်။

အချပ်ပို (၈) သို့

# အွန်လိုင်းက လျှောက်လို့ရမယ့် ရန်ကုန်မြို့ရဲ့ အဆောက်အအုံ ဆောက်လုပ်ခွင့်ပါမစ်စနစ်

ဇင်လင်းမြင့်

**ရန်ကုန်** မြို့ပြရေိယာဟာ တဖြည်းဖြည်း ကျယ်ဝန်းလာတာနဲ့အမျှ အသစ်တည်ဆောက်တဲ့ အဆောက်အအုံတွေလည်း နေ့စဉ်နဲ့အမျှ ပေါ်ထွက်လာနေပါတယ်။ ဒီလိုခေတ်မီ အထပ်မြင့်အဆောက်အအုံသစ်တွေ တည်ဆောက်တဲ့အခါ အရင်က အချိန်ကာလကြာမြင့်စွာ ခွင့်ပြုမိန့်စောင့်ဆိုင်းကြရသလို လျှောက်လွှာတင်ဖို့၊ အဆင့်ဆင့်ခွင့်ပြုချက် ရရှိဖို့လည်း အချိန်ကြာမြင့်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ရန်ကုန်မြို့ရဲ့ အဆောက်အအုံဆောက်လုပ်ခွင့်ပါမစ်စနစ်ကို အွန်လိုင်းကနေပြီး လျှောက်လို့ရနေပြီ ဖြစ်ပါတယ်။

### စတင်စမ်းသပ်လုပ်ကိုင်

"ရန်ကုန်မြို့ရဲ့ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တွေကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုပြုပြင်ပြောင်းလဲရမလဲဆိုတာ လေ့လာရင်းနဲ့ ဒီလိုအွန်လိုင်းစနစ်နဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ အွန်လိုင်းစနစ် ဆောင်ရွက်တဲ့အခါ ကမ္ဘာ့ဘဏ်အုပ်စုရဲ့ အဖွဲ့ဝင်ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC)က ဒီလိုလက်တွေ့ကျင့်သုံးနေတဲ့စနစ်ကို လေ့လာဆန်းစစ်အကူညီပေးပါတယ်။ မြန်မာနိုင်ငံဗိသုကာကောင်စီရှိတယ်။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရှိတယ်။ သူတို့ကို အကူအညီတောင်းပါတယ်။ အဲဒီဘက်တွေက ပူးပေါင်းဆောင်ရွက်မယ့်လူတွေပေးပါဆိုပြီး အကူအညီတောင်းပြီးတော့ အဲဒီလူတွေကို IFC က သင်တန်းပေးပါတယ်။ အွန်လိုင်းစနစ်အတွက် စတင်စမ်းသပ်လုပ်ကိုင်ခြင်းကိုတော့ ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ စတင်နိုင်ခဲ့ပါတယ်"လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောပါတယ်။

### လူဦးရေ ၁၅၀၀ ခန့်ကို သင်တန်းပေးခဲ့

ရန်ကုန်မြို့မှာ ဒီစနစ်ကို စတင်နိုင်ဖို့အတွက် ၂၀၁၈ ခုနှစ် မေလမှာ IFC နဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့ပြီး ရန်ကုန်မြို့ရဲ့ အဆောက်အအုံ ဆောက်လုပ်ခွင့်ပါမစ်စနစ်ကို အသေးစိတ်လုပ်ငန်းစဉ် မြေပုံရေးဆွဲအကဲဖြတ်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သင်တန်းပေးတာလည်း (၈)ကြိမ်ရှိနေပြီး လူဦးရေ ၁၅၀၀ ခန့်ကို သင်တန်းပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပညာရှင်တွေကလည်း ဒီစနစ် လျင်မြန်လွယ်ကူစေဖို့ ပူးပေါင်းလျက်ရှိပါတယ်။

### အဆင့်(၅) ဆင့်ရှိ

"ဒီအွန်လိုင်းစနစ်နဲ့ လျှောက်တဲ့အခါ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ ဗိသုကာကောင်စီကနေပြီးတော့ အသိအမှတ်ပြုထားတဲ့ အင်ဂျင်နီယာ၊ ဗိသုကာတွေကနေပြီး လျှောက်ထားသူတွေအနေနဲ့ လျှောက်ထားရမှာဖြစ်ပါတယ်။ ဒီစနစ်မှာ သူတို့ကို အကောင့်လည်း ဖွင့်ပေးထားပါတယ်။ သူတို့ရဲ့ သက်ဆိုင်ရာအကောင့်ကနေပြီး လျှောက်လို့ရမှာဖြစ်သလို လျှောက်တဲ့အခါ အဆင့်တွေလည်း ပြထားပါတယ်။ အဆင့်(၅) ဆင့်ရှိပြီး ပထမအဆင့်က လျှောက်ထားသူရဲ့ အချက်အလက်၊ ဒုတိယက ဆောက်မယ့်အဆောက်အအုံရဲ့ အချက်အလက်၊ တတိယက အဲဒီပထမနဲ့ ဒုတိယအချက်အလက်တွေကို စုစည်းပြီးတွဲရမယ်။ စတုတ္ထက ဖြည့်ထားတဲ့ အချက်အလက်တွေ ပြန်စိစစ်ပြီး မှန်တယ်ဆိုရင် အွန်လိုင်း ဆက်တင်ရမယ်။ ပဉ္စမအဆင့်က တင်လိုက်လို့ ပြည့်စုံတယ်လို့ ရုံးပိုင်းက




ရန်ကုန်မြို့ရှိ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ထားမှုကို တွေ့ရစဉ်။

စစ်ဆေးလိုက်လို့ ပြီးရင် Payment ပေးရမယ့်အဆင့်ဖြစ်သွားပါပြီ။ ဒါက အွန်လိုင်းက လျှောက်ထားသူတွေရဲ့ လုပ်ရမယ့် အဆင့်တွေဖြစ်ပါတယ်" လို့ အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်လွင်က ပြောပါတယ်။

### နည်းပညာအစားထိုးစနစ်

အဆောက်အအုံ ဆောက်လုပ်ခွင့်တွေကို အွန်လိုင်းစနစ်က လျှောက်ထားမယ်ဆိုရင် ybps. ycdc. gov.mn ဆိုတဲ့ ဝက်ဘ်ဆိုက်ကနေပြီး လျှောက်ထားရမှာ ဖြစ်ပါတယ်။ အရင်က အဆောက်အအုံ ဆောက်မယ်ဆိုရင် စာရွက်တိုင်းမှာ လျှောက်ထားသူရဲ့ လက်မှတ်ထိုး၊ တံဆိပ်တုံးထုတာတွေ ပြုလုပ်ရပါတယ်။ လျှောက်လွှာတင်လိုက်ရင်လည်း ကိုယ့်လျှောက်လွှာက ဘယ်အဆင့်ရောက်နေတယ်ဆိုတာလည်း သိရဖို့ ခက်ခဲပါတယ်။ အခု အွန်လိုင်းစနစ်က စာရွက်မဲ့ဖြစ်သလို လူချင်းထိတွေ့မှုနည်းပြီး အချိန်မရွေးတင်လို့ရအောင် ဆောင်ရွက်ပေးထားတဲ့ စနစ်မျိုးဖြစ်ပါတယ်။ မြန်ဆန်ထိရောက်ပြီး ပွင့်လင်းမြင်သာကာ ကုန်ကျစရိတ်လည်း နည်းတဲ့အပြင် နည်းပညာ အစားထိုးစနစ်လည်း ဖြစ်ပါတယ်။

"အွန်လိုင်းကတင်တဲ့စနစ်အတွက်ကြောင့် ရက်သတ်မှတ်ချက် မရှိဘူး။ ညမိုးချုပ်မှ တင်ရင်လည်း ရတယ်။ မနက်၊ နေ့ခင်း သွားလာရင်းနဲ့ လျှောက်ထားလို့ရတယ်။ ဒီစနစ်ကို အသုံးပြုခြင်းကြောင့် သဘာဝပတ်ဝန်းကျင်လည်း ထိန်းသိမ်းပြီးသားဖြစ်သွားတယ်" လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၇) နှင့် အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့မှ ဦးဝင်းမြင့်သန်းက ပြောပါတယ်။

### One Stop Service ဆောင်ရွက်ပေးနေ

အခုအချိန်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာ လူကိုယ်တိုင်လာရောက်လျှောက်ထားတဲ့ အဆောက်အအုံဆောက်လုပ်ဖို့အတွက် လျှောက်လွှာတွေကို One Stop Service ဆောင်ရွက်ပေးနေပါတယ်။ ဒီလို တစ်နေရာတည်းလုပ်ငန်းတွေ ပြီးစီးအောင် ဆောင်ရွက်ပေးတာကလည်း ၂၀၁၄ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ပေးနေတာ ဖြစ်ပါတယ်။

"One Stop Service ကို ဆောင်ရွက်ပေးတဲ့နေရာမှာ အမှုတွဲပြည့်စုံရင် တစ်ပတ်ကနေပြီး ၁၀ ရက်အတွင်းလောက်မှာ ပါမစ်ပေးနိုင်တဲ့အဆင့်ဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုပဲ အွန်လိုင်းက လျှောက်ထားရင်လည်း ဒီထက်ပိုမြန်လာမယ်လို့ ကျွန်တော်တို့ မျှော်မှန်းထားပါတယ်" လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့ ညွှန်ကြားရေးမှူး ဦးနေဝင်းက ပြောပါတယ်။

### အွန်လိုင်းက လျှောက်ထားနိုင်တော့မှာဖြစ်

အခုဆိုရင် ရန်ကုန်မြို့မှာ အဆောက်အအုံဆောက်လုပ်ခွင့်တွေကို အွန်လိုင်းက အလွယ်တကူ လျှောက်ထားလို့ရအောင် စမ်းသပ်ကာလခြောက်လလောက်အထိ ပြုလုပ်ပြီး အားနည်းချက်တွေကို ဖော်ထုတ်ကာ ပိုမိုလွယ်ကူရှင်းလင်းတဲ့ အချက်တွေ၊ ပေါင်းထည့်မှုတွေ ပြုလုပ်လျက် ရှိပါတယ်။ ဒီလိုအခြေအနေကြောင့် မကြာမီမှာ ရန်ကုန်မြို့နေပြည်သူတွေ အဆောက်အအုံ ဆောက်လုပ်ခွင့်ကို အွန်လိုင်းက လျှောက်ထားနိုင်တော့မှာ ဖြစ်ပါတယ်။

> နိုင်ငံတစ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် အခြေအနေကို သုံးသပ်တဲ့ အစီရင်ခံစာ (Doing Business Report) ကို ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်ရာမှာ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာ အညွှန်းကိန်းအရ မြန်မာနိုင်ငံဟာ နိုင်ငံပေါင်း ၁၉၀ မှာ ၁၆၅ အဆင့်မှာ ရပ်တည်နေပါတယ်။ အဆောက်အအုံ ဆောက်လုပ်ခွင့်ပါမစ်ရရှိရေးအချက်ကလည်း အညွှန်းကိန်းကိုအဆုံးအဖြတ်ပေးဖို့ တိုင်းတာတဲ့ အညွှန်းကိန်း ၁၀ ခုထဲမှာ တစ်ခုအပါအဝင်ဖြစ်

နိုင်ငံတစ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်အခြေအနေကို သုံးသပ်တဲ့ အစီရင်ခံစာ (Doing Business Report) ကို ကမ္ဘာ့ဘဏ်က နှစ်စဉ်ထုတ်ပြန်ရာမှာ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာ အညွှန်းကိန်းအရ မြန်မာနိုင်ငံဟာ နိုင်ငံပေါင်း ၁၉၀ မှာ ၁၆၅ အဆင့်မှာ ရပ်တည်နေပါတယ်။ အဆောက်အအုံဆောက်လုပ်ခွင့်ပါမစ်ရရှိရေးအချက်ကလည်း အညွှန်းကိန်းကို အဆုံးအဖြတ်ပေးဖို့ တိုင်းတာတဲ့ အညွှန်းကိန်း ၁၀ ခုထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။

### ယုံကြည်မှု ပိုမိုတိုးတက်လာမှာဖြစ်

၂၀၁၉ ခုနှစ်မှာ အဆောက်အအုံဆောက်လုပ်မှု ပါမစ်နှေးကွေးမှု၊ အညွှန်းကိန်းအနေနဲ့ နိုင်ငံ ၁၉၀ မှာ အဆင့် ၈၁ ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာမှာ အဆင့် ၄၆ အထိ ရှိလာတာမို့ အဆင့် တိုးတက်လာပါတယ်။ ဒါကြောင့် အွန်လိုင်းပါမစ်စနစ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ရင်တော့ ရန်ကုန်မြို့မှာသာမက မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်မှု ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ။



ဆွေဦးဝေ

# ရန်ကုန်မြို့မှာ ထွက်ပေါ်လာဦးမယ့် နိုင်ငံတကာအဆင့်မီ ရေသန့်စင်စက်ရုံစီမံကိန်း

**ရန်ကုန်မြို့**ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေချိန်မှာ မြို့ပြရော ဆင်ခြေဖုံးမြို့နယ်တွေမှာပါ စီမံကိန်းတွေ ချမှတ်ပြီး အကောင်အထည်ဖော်နေပါတယ်။ အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ်မှာ နိုင်ငံတကာအဆင့်မီ ရေသန့်စင်စက်ရုံစီမံကိန်းကို ဖော်ဆောင်ဖို့ စတင်နေပြီဖြစ် ပါတယ်။

အဲဒီနိုင်ငံတကာအဆင့်မီ ရေသန့်စင်စက်ရုံစီမံကိန်းကို တွံ့တေးမြို့နယ် ပိတ်စွယ်ကျေးရွာအုပ်စု ဘုရားကြီးစုရွာအနီး တွံ့တေးတူးမြောင်းရဲ့ ရေမိုင် ၅ ဒသမ ၅ မိုင် ဘေးနေရာမှာ အကောင် အထည်ဖော် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ သောက်ရေသန့်တွေကို ဒလ မြို့နယ်နဲ့ တွံ့တေးမြို့နယ်အတွင်းက ဒေသခံပြည်သူတွေကို ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။


ရေသန့်စင်စက်ရုံစီမံကိန်းပုံငယ်

**ဒီစီမံကိန်းရဲ့ သောက်ရေသန့် ထုတ်လုပ်မှုစွမ်းအားကတော့ ဒလမြို့နယ် ရေပေးဝေရေး ကွန်ရက်စနစ်အတွင်းကို နေ့စဉ်ရေဂါလန် ၃ ဒသမ ၃ သန်း အပြင် ကော့မှူးနဲ့ ကွမ်းခြံကုန်းဒေသခံတွေအတွက် သောက်ရေသန့်ဘူး ၀ ဒသမ ၀၆၆ သန်း ဖြန့်ဖြူးပေးနိုင်မှာဖြစ်**

### တာဝန်ရှိသူတွေ ဆွေးနွေး

ဒီစီမံကိန်းအကောင်အထည်ဖော် တည်ဆောက်မှုနဲ့ ပတ်သက်ပြီး ၂၀၂၀ ပြည့်နှစ် မတ် ၃ ရက် နံနက် ၉ နာရီက တွံ့တေးမြို့နယ် ဘုရားကြီးစုရွာ ဦးပြုံးဘုရား အာရုံခံတန်ဆောင်းမှာ ပြည်သူလူထုနဲ့ တွေ့ဆုံရှင်းပြဆွေးနွေးခြင်းတွေ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံတဲ့အခါ ဒလမြို့နယ်နဲ့ တွံ့တေးမြို့နယ်တို့က ဌာနဆိုင်ရာ တာဝန်ရှိသူတွေက ဒေသခံပြည်သူတွေကို ရှင်းလင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့သလို စက်ရုံစီမံကိန်းနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေကလည်း ဆွေးနွေးခဲ့ကြပါတယ်။

"ဒီစီမံကိန်းဟာ ရန်ကုန်တောင်ပိုင်းခရိုင် တွံ့တေးမြို့နယ်၊ ဒလမြို့နယ်နဲ့ ကော့မှူးမြို့နယ်တို့က ဒေသခံပြည်သူတွေအတွက် သောက်သုံးရေ ဖြန့်ဖြူးပေးနိုင်ဖို့ ဂျပန်အစိုးရရဲ့ အကူအညီနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဆောင်ရွက်ပေးခြင်းဖြစ်တယ်"လို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ရေရရှိရေးနဲ့ ရေပေးဝေရေးလုပ်ငန်းအဖွဲ့ တာဝန်ခံလက်ထောက်ဌာနမှူး ဒေါ်သင်းသင်းစိုးက ပြောပါတယ်။

ဒီစီမံကိန်းကို ဂျပန်ယန်းငွေ ၄ ဒသမ ၁၇၆ ဘီလီယံခန့်နဲ့ အကောင်အထည်ဖော်သွားမှာဖြစ်သလို တွံ့တေးမြို့နယ် ဘုရားကြီးစုကျေးရွာရှိ လယ်မြေဧက ၁၈ ဒသမ ၇၇၈ ဧကကို နိုင်ငံတော်အစိုးရက ဝယ်ယူအကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒေသခံအများပြည်သူတွေနဲ့ တိုင်ပင်ဆွေးနွေးခြင်းနဲ့ သတင်းအချက်အလက်ထုတ်ဖော်ခြင်းအပြင် လူထုနဲ့ တွေ့ဆုံတာတွေကို မတ် ၃ ရက်က ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

### ရေဂါလန်ပေါင်း ၃ ဒသမ ၃ သန်းဖြန့်ဖြူး

နိုင်ငံတကာအဆင့်မီ ရေသန့်စင်စက်ရုံအတွက် တွံ့တေးတူးမြောင်းမှ ရေတွေကို အဆင့်ဆင့်သန့်စင်ပြီး တစ်နေ့လျှင် သန့်စင်ပြီးရေဂါလန်ပေါင်း ၃ ဒသမ ၃ သန်းကို ဒလမြို့နယ်နဲ့ တွံ့တေးမြို့နယ်အတွင်း ဒေသခံတွေကို ဒလမြို့နယ်ရေပေးဝေရေး ပိုက်လိုင်းကွန်ရက်ကနေပြီး ဖြန့်ဖြူးပေးသွားဖို့ စီစဉ်ထားပါတယ်။ ကော့မှူးမြို့နယ်နဲ့ ကွမ်းခြံကုန်းမြို့နယ်က ပြည်သူတွေကိုတော့ ရေသန့်ကားတွေ၊ ရေသန့်ဘူးတွေနဲ့ သယ်ယူပို့ဆောင်ဖြန့်ဖြူးပေးသွားမယ်လို့ သိရပါတယ်။

### ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှာ ပြီးနိုင်

ဒီစီမံကိန်းကို ၂၀၂၀ ပြည့်နှစ်မှာ စတင်တည်ဆောက်ဖော်ဆောင်တာဖြစ်ပြီး လာမယ့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှာ ပြီးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ အခုလောလောဆယ်မှာတော့ ရေပိုက်သွယ်တန်းခြင်း၊ ဆက်သွယ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ သောက်သုံးရေသန့်အခက်အခဲရှိနေတဲ့ ရန်ကုန်တောင်ပိုင်းခရိုင်က ဒလ၊ တွံ့တေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်က ပြည်သူတွေအတွက်တော့ ဝမ်းသာရမယ့်စီမံကိန်းပဲ ဖြစ်ပါတယ်။

ဒီစီမံကိန်းရဲ့ သောက်ရေသန့် ထုတ်လုပ်မှုစွမ်းအားကတော့ ဒလမြို့နယ် ရေပေးဝေရေး ကွန်ရက်စနစ်အတွင်းကို နေ့စဉ် ရေဂါလန် ၃ ဒသမ ၃ သန်းအပြင် ကော့မှူးနဲ့ ကွမ်းခြံကုန်းဒေသခံတွေအတွက် သောက်ရေသန့်ဘူး ၀ ဒသမ ၀၆၆ သန်း ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတကာအဆင့်မီ ရေသန့်စက်ရုံစီမံကိန်းရဲ့ ရေသန့်စင်မှု နည်းပညာအနေနဲ့ သဲအမြန်ရေစစ်ခြင်း(Rapid Sand filtration System) ကို အသုံးပြုပြီး သောက်ရေသန့် ထုတ်လုပ်မှာဖြစ်ပါတယ်။ အဲဒီရေသန့်စင်ခြင်းက ထွက်ရှိလာတဲ့ အနည်အနစ်တွေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ အမှိုက်စွန့်ပစ်မှုစနစ်ရှိ မြေသားဖြည့်ခြင်းမှာ အသုံးပြုသွားဖို့လည်း စီစဉ်ထားကြောင်း သိရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များကို သောက်သုံးရေ ဖြန့်ဖြူးပေးနိုင်ဖို့အတွက် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းကလည်း လာမယ့် ၂၀၂၂ ခုနှစ်မှာ ပြီးစီးဖို့ရှိနေပြီး တစ်နေ့ကို ရေဂါလန် သန်း ၄၀ ခန့် ဖြန့်ဝေပေးနိုင်မယ်လို့ သိရပါတယ်။ လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းကနေပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရဲ့ ရပ်ကွက်တွေအပြင် စက်မှုဇုန်ဧရိယာကိုလည်း သောက်သုံးရေ ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။

### ရေဖြန့်ဖြူးနိုင်မှုလွှမ်းခြုံဧရိယာ

ဒါ့အပြင် ငမိုးရိပ်၊ လှော်ကား၊ ဂျိုးဖြူတို့မှလည်း ရန်ကုန်မြို့နေ ပြည်သူတွေအတွက် သောက်သုံးရေဖြန့်ဖြူးမှုတွေ ပြုလုပ်နေပါတယ်။ သောက်သုံးရေဖြန့်ဖြူးမှု စီမံကိန်းအသစ်တွေကလည်း ရန်ကုန်မြို့နယ်တွေကို ရေဖြန့်ဖြူးနိုင်မှုလွှမ်းခြုံဧရိယာ ပိုမိုများပြားလာရေးကို ကြိုးစားဖော်ဆောင်နေပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ ရေပေးဝေနိုင်ရေးနဲ့ လွှမ်းခြုံနိုင်မှုဟာ ၄၅ ရာခိုင်နှုန်းခန့်သာ ရှိနေပေမယ့် လာမယ့် ၂၀၂၅ ခုနှစ်မှာတော့ ၉၀ ရာခိုင်နှုန်းအထိ ဖြန့်ဖြူးပေးနိုင်မယ်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောပါတယ်။

အသစ်တည်ဆောက်နေတဲ့ ကုက္ကိုလ်ဝ ရေပေးဝေရေးစီမံကိန်းကလည်း လာမယ့် ၂၀၂၅ ခုနှစ်မှာ ပြီးစီးမှာဖြစ်လို့ လိုအပ်တဲ့နေရာတွေကို သောက်သုံးရေဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ သောက်သုံးရေ အပြည့်အဝပေးနိုင်ဖို့ ရေရရှိရေးအတွက် ရေအရင်းအမြစ်တွေ ရှာဖွေရေး၊ လက်ရှိ ရေပေးဝေရေးစနစ်မှာ ရေလေလွင့်ဆုံးရှုံးမှု လျော့နည်းရေးတွေကိုနိုင်ငံတကာအကူအညီနဲ့ ဆောင်ရွက်နေပါတယ်။

### ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်

ရန်ကုန်မြို့ကြီးကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်တဲ့နေရာမှာ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်လည်း ဖြည့်ဆည်းပေးနေရမှာဖြစ်သလို ကျန်းမာရေးနဲ့ ညီညွတ်တဲ့သောက်သုံးရေသန့် စီမံကိန်းသစ်တွေကို ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုလိုနိုင်ငံတကာအဆင့်မီ သောက်သုံးရေစီမံကိန်းအသစ်ဖော်ဆောင်ခြင်းဟာလည်း ရန်ကုန်မြို့နေပြည်သူတွေအတွက် နေ့စဉ်ဘဝလိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးခြင်းလည်း ဖြစ်တာအမှန်ပါပဲ။ ။

*လူမှုဘဝမြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် ပင်လယ်ခရီးနှင်နေသော ရေယာဉ်သဟာပတိ၏ ဒုတိယမြောက် ကိုကိုးကျွန်းခရီးစဉ် . . .မှ*

ပြီးခဲ့တဲ့အပတ် အပြန်ကိုလေ့လာကြည့်တော့ ဒေသထွက်ကုန်တွေဖြစ်တဲ့ ခရုအိတ်တို့၊ အုန်းခွံတို့လို ဒေသထွက်ကုန်တွေ ဒီကိုပြန်သယ်လာတာ များပါတယ်။ ဒါကြောင့် ဒါကို ပြန်ကြည့်ရင် ဒီသင်္ဘောကြီးက သွားတဲ့အချိန်မှာ မြို့နေပြည်သူလူထုအတွက် အထောက်အပံ့ဖြစ်တဲ့ ပစ္စည်းတွေပါသလို ပြန်လာရင်လည်း ဒေသထွက်ကုန်တွေကို ဒီမှာရောင်းချနိုင်တဲ့ အခွင့်အလမ်းလေး တစ်ခု ရတဲ့အနေအထား တွေ့ရပါတယ်" ဟု ပြောသည်။

YRTA ၏ ရန်ကုန်-ကိုကိုးကျွန်း ပထမဆုံး သင်္ဘောခရီးစဉ်ကို ဇန်နဝါရီ ၂၁ ရက်တွင် ခရီးသည် ၃၈ ဦး၊ ကုန်တန်ချိန် ၂၇၉ တန်ဖြင့် စတင်ခဲ့ပြီး အပြန်ခရီးစဉ်တွင် ခရီးသည် ၃၆ ဦးနှင့် ဒေသထွက်ကုန် ၅ တန်ခန့် ပါဝင်ကာ ဇန်နဝါရီ ၂၈ ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ရန်ကုန်တောင်ပိုင်းခရိုင်၏ မြို့နယ်တစ်ခုအဖြစ် ပါဝင်သော ကိုကိုးကျွန်းမြို့နယ်သည် အကျယ်အဝန်းအားဖြင့် ၂၈ ဒသမ ၅ စတုရန်းကီလိုမီတာရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၂ မီတာ (၃၆၇ ပေ)ရှိသည်။ မြို့နယ်တွင် ရပ်ကွက်နှစ်ခုပါဝင်ပြီး ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁၉၀၀ ခန့်သာ ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးပြီး ကိုကိုးကျွန်းရပ်ကွက်တွင် အစိုးရအဆောက်အအုံများ တည်ရှိကြောင်း သိရသည်။

ကြားသိရသော သတင်းများအရ ပွင့်လင်းရာသီကာလတစ်လျှောက်လုံး ရေယာဉ် "သဟာပတိ" သည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ပါဝင်၍ လူဦးရေနည်းပါးကာ မြန်မာနိုင်ငံ ပင်မကုန်းမြေနှင့် ရေမိုင် ၂၆၀ ခန့်အကွာတွင် တည်ရှိနေသော ကိုကိုးကျွန်းမှ လူမှုဘဝများကို မြှင့်တင်ပေးရန်အတွက် ခေါက်တုံ့ခေါက်ပြန် ကူးချည်သန်းခါပြေးဆွဲတော့မည်ဖြစ်သည်။ ယခုအခါ ပင်လယ်မြင်းရိုင်း လှိုင်းတံပိုးများကို ဖြတ်သန်းရင်း ဒုတိယမြောက် ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ်အတွက် သဟာပတိသည် ခရီးနှင်နေပြီ ဖြစ်သည်။ ။

# ရန်ကုန်လေထု အရည်အသွေး ဆန်းစစ်အဖြေရှာ




ရန်ကုန်မြို့ရှိ လေထုအရည်အသွေးတိုင်းတာသည့် ကိရိယာတပ်ဆင်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- တင်ဝင်းတင်

## သျှင်ဝင်းသျှင်

**ယနေ့ ရန်ကုန်မြို့နေ ပြည်သူအများ ပို၍သတိထားလာရမည်မှာ မိမိတို့ ရှူနေသော လေဖြစ်သည်။ မိမိတို့ နေ့စဉ်ရှူရှိုက်နေရသော လေထုသည် မည်မျှသန့်ရှင်းပါသနည်း။ အမှုန်အမွှားများ မည်မျှအထိ ပါဝင်နေပါသနည်း။ သိနိုင်ဖို့ လိုအပ်နေပြီဖြစ်သည်။ သို့သော် လေကိုကား မမြင်နိုင်ပေ။**

လေကိုမမြင်နိုင်သော်လည်း မြင်နိုင်သော အရာတို့ကား မြို့နေပြည်သူများအတွက် ကြောက်စရာကောင်းသော လူသတ်လက်နက်များဟုဆိုပါက ဆိုနိုင်လောက်ပေသည်။

ယနေ့ ရန်ကုန်တွင် မော်တော်ယာဉ်များက မြို့နှင့် အချိုးမမျှတစွာ များပြားနေသည်။ မော်တော်ယာဉ်အစီးရေပေါင်း ကိုးသိန်းကျော် ရှိနေသည်ဟု သိရသည်။ ထိုကားအရေအတွက် အားလုံးမဟုတ်သော်လည်း နေ့စဉ်နှင့်အမျှ လမ်းပိတ်သည်အထိ မောင်းနှင်သွားလာနေကြသည်။ ထိုကားများအနက် ဒီဇယ်အသုံးပြုကားများက အများဆုံးဖြစ်သည်။ ဒီဇယ်မှထွက်သော အခိုးအငွေ့များက လေထဲတွင် နေ့စဉ်နှင့်အမျှ လွင့်ပါနေသည်။

### အကျိုးတူပူးပေါင်းတည်ဆောက်နေ

တစ်ဖန် ဆောက်လုပ်ရေးလုပ်ငန်းများ မကောင်းဟုဆိုသော်လည်း နိုင်ငံခြားကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်းတည်ဆောက်နေသည့် အဆောက်အဦကြီးများက လူစည်ကားရာ နေရာကောင်းသည့် မြို့နယ်များတွင် တည်ဆောက်နေဆဲဖြစ်သည်။

### မြူခိုးများသဖွယ် အစဉ်ရှိ

ထိုဆောက်လုပ်ဆဲ အဆောက်အဦကြီးများမှ မြေမှုန့်များအပါအဝင် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေတို့၏ အမှုန်အမွှားများက ကောင်းကင်ထက်တွင် မြူခိုးများသဖွယ် အစဉ်ရှိနေသည်။

ထို့အပြင် စက်ရုံ၊ အလုပ်ရုံ၊ စက်မှုဇုန်တို့၏ မီးခိုးခေါင်းတိုင်မှ မီးခိုးငွေ့အမျှင်အတန်းများက လေထဲတွင် ရောယှက်လျက်ရှိနေသည်။

### ၁၀ သန်း နီးပါးခန့်ရှိလာနိုင်

ယနေ့ ရန်ကုန်မြို့ရှိ လူဦးရေကား သိပ်သည်းများပြားလျက်ရှိနေသည်။ ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သောစာရင်းအရ လူဦးရေ ရှစ်သန်းကျော် ရှိခဲ့သည်ဟုဆိုသည်။ ကွာခြားလာသော ခြောက်နှစ်တာအတွင်း တိုးမြင့်လာသည့် လူဦးရေကိုပါ ထည့်ပေါင်းသော် ယနေ့ ရန်ကုန်လူဦးရေသည် ၁၀ သန်း နီးပါးခန့်ရှိလာနိုင်ပြီဟု ခန့်မှန်းတွက်ဆနေကြသည်။

သို့အတွက် များပြားလာသော လူဦးရေ အဝင်ကြမ်းခဲ့သော မော်တော်ယာဉ်အစီးရေ၊ အလုပ်ရုံ၊ စက်ရုံ၊ စက်မှုဇုန်တို့မှ အခိုးအငွေ့၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တို့မှ အမှုန်အမွှားများကြောင့် မြို့ရန်ကုန်၏ လေထုအရည်အသွေးကို ဌာနဆိုင်ရာ၊ လူမှုအဖွဲ့အစည်းနှင့် သံရုံးတစ်ရုံးတို့မှ ဆန်းစစ်နေကြပြီ ဖြစ်သည်။

### လေထုညစ်ညမ်းမှု အနည်းငယ်မျှရှိ

လေထုအရည်အသွေး တိုင်းတာရာတွင် အရောင် ခြောက်မျိုးဖြင့် အဆင့် ခြောက်ဆင့် ခွဲခြားတိုင်းတာမှု ပြုခဲ့ကြသည်။ အဆင့် သုည မှ ၅၀ ကို အစိမ်းရောင်အဆင့် သတ်မှတ်၍ လေထုသန့်စင်ခြင်း သို့မဟုတ် ညစ်ညမ်းမှု မရှိသောလေဟု သတ်မှတ်ထားသည်။ အဆင့် ၅၀ မှ ၁၀၀ အထိ အဝါရောင်အဆင့် သတ်မှတ်၍ လေထုညစ်ညမ်းမှု အနည်းငယ်မျှရှိပြီး ကိုယ်ခံအားနည်းသူများအဖို့ ကျန်းမာရေး အသင့်အတင့် ထိခိုက်နိုင်သည်ဟု သတ်မှတ်မှု ရှိထားသည်။

### ကျန်းမာရေးအတွက် စိုးရိမ်စရာဖြစ်လာ

၁၀၀ မှ ၁၅၀ အဆင့်ကို လိမ္မော်ရောင် အဆင့် သတ်မှတ်၍ လေထုညစ်ညမ်းမှု ခံနိုင်ရည်နည်းသူတို့အတွက် စိုးရိမ်စရာ မဟုတ်သော်လည်း ကျန်းမာရေးအတွက် သတိပြုဖွယ် အခြေအနေဖြစ်သည်။ ၁၅၀ မှ ၂၀၀ အဆင့်ကို အနီရောင်အဆင့်အဖြစ် သတ်မှတ်ပြီး ဤအဆင့်တွင် ယင်းလေကို ရှူရှိုက်သူတို့အဖို့ ကျန်းမာရေးအတွက် စိုးရိမ်စရာဖြစ်လာနိုင်ပြီး ၂၀၁ မှ ၃၀၀ အဆင့် ရောက်ရှိလာပါက ခရမ်းရောင်အဆင့်ဟု သတ်မှတ်၍ အများပြည်သူတို့ ကျန်းမာရေးအတွက် အရေးကြီးလာပြီး ဆက်၍ ၃၀၁ မှ ၅၀၀ အထိ ဖြစ်လာပါက နီညိုရောင်အဆင့် သတ်မှတ်ချက်ရှိပြီး ကျန်းမာရေးဆိုင်ရာ အရေးပေါ်အသိပေး နှိုးဆော်ချက်ထုတ်ပြန်ရမည့် အခြေအနေဟု သိရသည်။

လေထုမသန့်ရှင်းမှုကြောင့်ဖြစ်လာသော ရေငွေ့မှုန်နှင့် ဓာတုဒြပ်ပေါင်းရည်များသည် သာမန်မျက်စိဖြင့် မမြင်နိုင်သော်လည်း လူ တိရစ္ဆာန်တို့အပြင် သစ်ပင်များကိုပါ ဆိုးကျိုးပေးနိုင်စွမ်းရှိသည်ဟု သုတေသနပြုထားသူများက ဆိုကြသည်။

လေထုညစ်ညမ်းမှု အဖြစ်တတ်ဆုံးရာသီမှာ ယခုကဲ့သို့သော နွေရာသီတွင် ဖြစ်သည်။ ထိုကဲ့သို့သော လေများကို နေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ ရှူရှိုက်လာရပါက မကြာမီအချိန်ကာလအတွင်း ပထမအဆင့်၌ ခေါင်းကိုက်မှုမှအစ အော့အန်၊ ချောင်းဆိုး၊ ရင်ကျပ်ဝေဒနာအဖြစ် အဆုတ်အအေးပတ်ရောဂါများ ဝင်လာနိုင်သည်။

ထိုထက်ပိုလာပါက ဦးနှောက်အာရုံကြောအထိ အန္တရာယ်ရှိလာနိုင်ပြီး နှလုံးရောဂါမှသည် ကျောက်ကပ်ဝေဒနာအပြင် ကင်ဆာဆဲလ်များ ဖြစ်ပေါ်လာနိုင်သည်အထိ ဆိုးကျိုးများရှိလာနိုင်ကြောင်း ဆေးသုတေသနပညာရှင်များထံမှ သိခွင့်ရခဲ့သည်။

### တိုင်းတာဆန်းစစ်မှုများပြုလုပ်

လေထုအရည်အသွေးနှင့် ပတ်သက်၍ တိုင်းတာမှုကို မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမေရိကန်သံရုံးနှင့် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း စသည့် အရပ်ဘက်အဖွဲ့အစည်းအချို့တို့မှ တိုင်းတာဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြသည်။

ဤသို့တိုင်းတာရာတွင် တစ်ဌာနနှင့် တစ်ဌာန၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူခြားနားမှုများ ရှိနေသည်။ မိုးလေဝသနှင့် ဇလဗေဒဌာန၊ စိမ်းလန်းအမိမြေ၊ Air Quality Yangon ၊ အမေရိကန်သံရုံးတို့၏ တိုင်းတာမှုမှာ တစ်ခုနှင့် တစ်ခု ရလဒ်ချင်း မတူညီကြဟု ဆိုသည်။

ထို့အတွက် စိမ်းလန်းအမိမြေမှ ဥက္ကဋ္ဌဖြစ်သူ ဦးမျိုးဝင်းသူက "ရန်ကုန်မှာ လေထုညစ်ညမ်းမှု ရှိနေပါတယ်ဆိုတဲ့ အချက်က ငြင်းပယ်လို့မရတဲ့အချက်ပါ။ ဘယ်ရွေ့ ဘယ်မျှအထိ ဆိုးကျိုးရှိနေပြီလဲဆိုတာကိုတော့ စနစ်တကျတိုင်းတာမှ သိနိုင်မှာ ဖြစ်ပါတယ်။ နေရာအချို့နဲ့တင် မတူညီတဲ့ စက်အမျိုးမျိုးနဲ့ တိုင်းတာရုံလောက်နဲ့တော့ ကောက်ချက်ချမယ်ဆိုရင် စောလွန်းပါသေးတယ်။ တိုင်းတာတဲ့နေရာရဲ့ ပထဝီဝင်အနေအထား၊ ပတ်ဝန်းကျင်ရဲ့အခြေအနေ အဲဒီအပေါ်လွှမ်းမိုးမှုတွေရှိတတ်ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့တစ်မြို့လုံးကို ခြုံငုံနိုင်တဲ့ ကိုယ်စားပြုနိုင်တဲ့ နေရာဝန်းကျင်ကို ရွေးပြီး အမြဲတိုင်းတာနေမှသာ ပိုမိုတိတိကျကျ ကိုယ်စားပြုနိုင်မှာပါ"ဟု ဆိုထားသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လေထုအရည်အသွေးကို ကမ္ဘာအေးရှိ မိုးလေဝသစခန်းမှ တိုင်းတာမှုရှိနေပြီး ၎င်းနေရာမှ ကီလိုမီတာ ၅၀ အတွင်း လွှမ်းခြုံမှုအခြေအနေရှိကြောင်း သိရသည်။

### ဓာတ်ငွေ့ထုတ်လွှတ်လာမှု များလာ

ယင်းလေထုအရည်အသွေးနှင့် ပတ်သက်၍ ၎င်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက "လက်ရှိအခြေအနေကို ပြောရရင် တကယ်တော့ လေထုအရည်အသွေးက ကျလာတဲ့အနေအထားမှာ ရှိပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ လေထုအရည်အသွေး တိုင်းတာမှုကို ၂၀၁၈ ခုနှစ်က စ တိုင်းတာလာခဲ့ပါတယ်။ လေအရည်အသွေးက ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်လာမှုက တဖြည်းဖြည်းများလာတတ်တယ်။ Green House Gas ထုတ်တာများလာမယ်ဆိုရင်တော့ လေအရည်အသွေးက ပိုကျဆင်းသွားနိုင်တဲ့ အခြေအနေမျိုးရှိပါတယ်"ဟု ဆိုထားသည်။

လေထုအရည်အသွေး တိုင်းတာမှုနှင့် ပတ်သက်၍ သုတေသန အရာရှိကြီးတစ်ဦးက "လေထုအရည်အသွေး တိုင်းတာရာမှာ တိုင်းတာတဲ့စက်၊ အချိန်၊ နေရာက အရေးကြီးပါတယ်။ တစ်နေရာတည်းမှာပဲ ကွက်ကွက်လေး တိုင်းတာသွားမယ်ဆိုရင်တော့ တိကျတဲ့အဖြေမျိုး ရနိုင်မှာမဟုတ်ပါဘူး။ နေရာဖြန့်ကြက်တိုင်းတာမှသာ တိုင်းရင်လည်း စက်တစ်လုံးစီနဲ့ ချတိုင်းမှသာ နောက် ၂၄ နာရီပြည့်အောင်တိုင်းဖို့လည်း လိုပါတယ်။ ဒါမှသာ အဖြေမှန်ရနိုင်မှာပါ"ဟု ဆိုထားဖူးသည်။

လေထုအရည်အသွေးနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းမှုဖြင့် ရန်ကုန်မြို့၏ ၄၇ နေရာတွင် တိုင်းတာမှုများ ပြုလုပ်သွားဦးမည်ဟု စည်ပင်မှအရာရှိကြီးတစ်ဦးက ဆိုထားသည်။

လက်ရှိအနေအထားနှင့် ပတ်သက်၍ ရန်ကုန်မြို့၏ လေထုအရည်အသွေး တိုင်းတာမှုများအရ မတူကွဲပြားခြားနားနေသော်လည်း ဘေးအန္တရာယ်ဖြစ်စေနိုင်လောက်သည့် အဆင့်သို့ရောက်ရှိခြင်းမရှိသေးကြောင်း သုတေသနပညာရှင်များက ဆိုထားဖူးသည်။

သို့သော်... သတိဆိုသည်မှာ ပိုသည်ဟု မရှိပေ...၊ ဖြစ်လာမှကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းကသာ ပို၍ အထိရောက်ဆုံး ဖြစ်လေသည်။ ။



ရန်ကုန်မြို့တွင် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။